ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (1-10-2015) (၈၃၄၀)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီခချန်းတို့ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခချန်း တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့သည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကိုကာကွယ်နိုင်ရန် ရေတားတမံများ မြေသားမြှင့်တင်ခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား အင်္ဂပူမြို့ ဒေသခံပြည်သူများက လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အေးစေတီကျေးရွာသို့ သွားရောက်ပြီး ရေလွှမ်းမိုးခဲ့မှု အခြေအနေများကို စစ်ဆေးကြည့်ရှုကာ ဒေသခံပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ထို့နောက် အင်္ဂပူမြို့ အမှတ်(၂)ရပ်ကွက် မဟာသုဓမ္မာကျောင်းတိုက်ဝင်းအတွင်းရှိ စံကျောင်းပရိယတ္တိဓမ္မာရုံ၌ ရှမ်းတောကျောင်းဆရာတော် ဘဒ္ဒန္တ ကုန္ဒာသီရိ အမှူးပြုသည့် ဆရာတော် သံဃာတော်များအားဖူးမြော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စံကျောင်းဆရာတော် အရှင်စက္ကိန္ဒ (ဂန္ထဝါစကပဏ္ဍိတ) ဓမ္မာစရိယ (အဂ္ဂမဟာကျော်) ထံမှ နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံအများအပြား၌ သာမန်ထက်ထူးကဲသည့် သဘာဝဘေးဒဏ်များနှင့်ရင်ဆိုင်နေရကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်္ဂပူမြို့ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## မလေးရှားနိုင်ငံသားခရီးသွားဧည့်သည်များ ဆိုင်ကယ်ဖြင့် မူဆယ်မြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်

စာမျက်နှာ - ၅

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများစာရင်း ထုတ်ပြန်


စာမျက်နှာ - ၇

## ဩစတြေးလျနှင့် နယူးဇီလန်ဘဏ်အုပ်စု ရန်ကုန်မြို့၌ ရုံးခွဲဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ဩစတြေးလျနှင့် နယူးဇီလန်ဘဏ်အုပ်စု (ANZ) သည် ရန်ကုန်မြို့၌ ရုံးခွဲတစ်ခုဖွင့်လှစ်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အပြီးသတ်အတည်ပြုချက်ရရှိခဲ့ကြောင်း Business Review ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။ ယင်းဆုံးဖြတ်ချက်က ANZ အား အောက်တိုဘာ ၂ ရက်တွင် မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့တော်၌ ရုံးခွဲတစ်ခုဖွင့်လှစ်ရန် သေချာသွားစေသည်။

အဆိုပါ ရုံးခွဲသစ်သည် ဖက်စပ်ကုမ္ပဏီများနှင့် ANZ ကွန်ရက်ရှိရာ တိုင်းပြည်များမှ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ရန် နည်းလမ်းရှာဖွေနေသော နိုင်ငံတကာကုမ္ပဏီများအတွက် ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ ဖွင့်လှစ်မည့် ANZ ရုံးခွဲသည် သဘာဝအရင်းအမြစ်များ၊ လျှပ်စစ်မီးနှင့် ရေဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံ၊ ဆက်သွယ်ရေး၊ စားသုံးကုန်နှင့် မြန်မာနိုင်ငံ၌ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



ကြေးမုံ စာတည်းရှထောင့် **၁-၁၀-၂၀၁၅၊ ကြာသပတေးနေ့**

# ငြိမ်းချမ်းသော ကုသိုလ်

မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ ဖေးမ ကူညီစောင့်ရှောက်မှုများကို မျက်မှောက်ကာလ၌ ရေဘေးအန္တရာယ် ကြုံတွေ့စဉ်ကာလတွင် ဘေးဒုက္ခရောက်သူပြည်သူများအား ကူညီစောင့်ရှောက်မှုများက လက်တွေ့သက်သေပြခဲ့ပြီဖြစ်ပါသည်။

မြန်မာတို့သည် စာနာထောက်ထားသည့် ပရဟိတစိတ်ထားများ ရှိကြသူများဖြစ်ရာ မြန်မာအချင်းချင်း ရိုင်းပင်းကူညီမှုတို့သည် အစဉ်အလာအားဖြင့် ရှိခဲ့ကြပြီးဖြစ်ပါသည်။ ယနေ့ကာလတွင် ဘေးသင့်ဒေသများသာမက မြန်မာတစ်နိုင်ငံလုံးရှိ ခွန်အားနည်းပါးနေပြီဖြစ်သော သက်ကြီးရွယ်အိုများအား နိုင်ငံတော်က ထောက်ပံ့ကူညီပေးနေသည်ကိုလည်း တွေ့ရပါသည်။

သက်ကြီးရွယ်အိုများသည် ကုန်ဆုံးလုနီးပါးဖြစ်နေသည့် ၎င်းတို့၏ လက်ကျန်အချိန် အနည်းငယ်အတွင်းမှာပင် အေးချမ်းစွာဖြင့် ကြောင့်ကြမှုအနည်းဆုံး နေထိုင်သွားလိုကြသူများဖြစ်သည်။ သို့သော် ဘဝပေးအခြေအနေမလှသဖြင့် နောက်ဆုံးအချိန်ကိုပင် ခက်ခဲဆင်းရဲစွာဖြင့် ပင်ပန်းကြီးစွာ ဖြတ်သန်းနေကြသူများလည်းရှိသည်။

ပြင်ပတွင် အထီးကျန်စွာဖြင့် နောက်ဆုံးနေဝင်ချိန်ကို စောင့်စားနေရသည့် သက်ကြီးဘိုးဘွားများလည်း ရှိသလို ရိပ်သာများတွင်လည်း အဆိုပါ ဘိုးဘွားများ များစွာရှိသည်။ မည်သို့ပင်ရှိစေကာမူ လူမှုဝန်ထမ်းစိတ်ကိုထားကာ မွန်မြတ်သောစိတ်ထားများဖြင့် အဘိုးအဘွားများကို လစဉ်ထောက်ပံ့ကူညီ စောင့်ရှောက်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် မှီခိုအားထားရာ၊ ခိုကိုးရာမဲ့သည့် သက်ကြီးရွယ်အိုများ အားထားရန်အတွက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးရိပ်သာများကို နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ ထို့အပြင် ပြင်ပမှ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကလည်း တည်ထောင်ဖွင့်လှစ်ပေးထားရာ ဘိုးဘွားများအတွက် အားတက်ဖွယ်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် သက်ကြီးရွယ်အိုများ နားခိုရာ ဘိုးဘွားရိပ်သာပေါင်း ၇၀ ခန့် ဖွင့်လှစ်ပေးထားသည်။ မြို့ကြီးတိုင်းတွင် ဘိုးဘွားရိပ်သာများကို မြင်တွေ့နိုင်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် အသိအမှတ်ပြုဘိုးဘွားရိပ်သာ ၁၀ ခုရှိပြီး အဘိုးအဘွားပေါင်း ၆၀၀ ကျော်ကို စောင့်ရှောက်ထားသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်မူ ဘိုးဘွားပေါင်း ထောင်ချီ နားခိုခွင့်ရရှိနေပြီ ဖြစ်သည်။

ဘိုးဘွားရိပ်သာတွင် မှီခိုနေသော ဘိုးဘွားများအတွက် လုံခြုံစိတ်ချမှု ရှိနေသော်လည်း ပြင်ပတွင် မှီခိုရာမဲ့နေသော ဘိုးဘွားများလည်း ကျန်ရှိနေဦးမည်ဖြစ်သည်။ ရိပ်သာများတွင် သားထောက်သမီးခံ မရှိသူများသာ မှီခို အားထားနိုင်သော်လည်း သားထောက်သမီးခံ ရှိနေပါသော်လည်း ဝမ်းရေးအတွက် မပြေလည်သူများ၊ ပြေလည်သော်လည်း မိဘမှန်းမသိတတ်သူများ၏ ပစ်ပယ်ထားမှုကြောင့် ခိုကိုးရာမဲ့ဘိုးဘွားများလည်း ရှိပေသည်။

အဆိုပါ ဘိုးဘွားများကိုလည်း ရှာဖွေကြည့်ရှုစောင့်ရှောက်ပေးကြမှသာ ပိုမိုကောင်းမွန်မည်ဖြစ်သည်။ ခရီးသွားလာရာတွင် သက်ကြီးရွယ်အိုများအား နေရာပေးအလေးထားကြသည်ကိုတွေ့ရသည်။ ရိုသေလေးစား ဂါရဝတရားဖြင့် မေတ္တာစိတ်ထားကြခြင်းဖြစ်သည်။ အားနည်းသူကို စောင့်ရှောက်ခြင်းလည်းဖြစ်သည်။ မြန်မာတို့၏ နှစ်လိုဖွယ်ကောင်းသော ရိုးရာဓလေ့အစဉ်အလာကောင်းလည်းဖြစ်သည်။

သက်ကြီးရွယ်အိုများအား ကျွေးမွေးစောင့်ရှောက်ကြရုံသာမက ကုန်ဆုံးနေသော စိတ်ဓာတ်များအား ပြန်လည်ရှင်သန်လာစေရန် စိတ်ဓာတ်ခွန်အားပေးကြခြင်းသည် လွန်စွာမွန်မြတ်လှပေသည်။ သက်ကြီးရွယ်အိုများမှာ မိမိတို့အမိအဘ၊ အဘိုးအဘွားများနှင့်တန်းတူဖြစ်၍ မိမိတို့မိဘ ဘိုးဘွားများသဖွယ် ကျွေးမွေးစောင့်ရှောက်ခြင်းဖြင့် မွန်မြတ်သော ကုသိုလ်များကို ယူတတ်ဖို့ဖြစ်သည်။

မင်္ဂလာတရားနှင့်အညီ ဘိုးဘွားများအား စောင့်ရှောက်ခြင်းသည် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိဘများကို စောင့်ရှောက်ခြင်းနှင့် တူပေသည်။ ခိုကိုးရာမဲ့၊ အားကိုးရာမဲ့နေသော ဘိုးဘွားများ၏ လက်ကျန်အချိန်မှာ နည်းပါးလှသဖြင့် ရခဲလှသောကုသိုလ်အမှုကို ပါဝင်ပြုကြဖို့လိုပါသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းသည် သာမန်ပရဟိတလုပ်ငန်းသာ မဟုတ်ဘဲ မွန်မြတ်လှသည့် ကုသိုလ်ထူးကိုရယူခြင်း ဖြစ်ပါသည်။ ။

# မြို့ပတ်ရထားစွမ်းဆောင်ရည်မြှင့်တင်ရေး ဂျပန်နိုင်ငံက ထောက်ပံ့ကူညီ ရန်ကုန်ခရီးသည်တစ်သိန်း နေ့စဉ်သွားလာမှု အဆင်ပြေမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ဂျပန်နိုင်ငံအစိုးရသည် ၎င်း၏ အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ရန်ကုန်မြို့ပတ်မီးရထား စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၇၄၉၉၂၆ ဒေါ်လာကို ပေးအပ်ခဲ့ကြောင်း သိရသည်။

စီမံကိန်းအတွက် JR East နှင့် ပူးပေါင်း၍ DMU ၁၀ စင်း (KIHA 40နှင့် KIHA 48)နှင့် ပြုပြင်ထိန်းသိမ်းရေး သင်တန်းစရိတ်ကို ပံ့ပိုးပေးခြင်းဖြင့် ရန်ကုန်မြို့ပတ်မီးရထားလိုင်း၏ ပို့ဆောင်ဆက်သွယ်ရေး အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်သည်။ စီမံကိန်းအတွက် JR East မှ DMU ၁၀ စင်းကို ပံ့ပိုးပြီး ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ပို့ဆောင်ရေးစရိတ်နှင့် ပြုပြင်ထိန်းသိမ်းရေး သင်တန်းစရိတ်ကို ပံ့ပိုးပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့ပတ်မီးရထားမှာ ဟောင်းနွမ်းလာပြီး အရေအတွက်လျော့နည်းလာသဖြင့် ခရီးသည်များ၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ခဲ့ချေ။ ထိုအခြေအနေတွင် ယခုပံ့ပိုးပေးသော DMU ၁၀စင်းသည် ရန်ကုန် မြို့နေအခြေခံ လူတန်းစားများအတွက် အဆင်ပြေ ချောမွေ့စေရေးနှင့် သက်သာချောင်ချိသော သယ်ယူပို့ဆောင်ရေး ဖြစ်လာစေရန် အသုံးပြုမည်ဖြစ်သည်။ စီမံကိန်းသည် နေ့စဉ် ရန်ကုန်မြို့ပတ်ရထား အသုံးပြုသောခရီးသည် ၁၀၀၀၀၀ နှင့် နှစ်စဉ်ခရီးသည်ပေါင်း သန်း ၃၀ အား တိုက်ရိုက်အကျိုးခံစားမှု ဖြစ်ပေါ်စေမည်ဟု မျှော်လင့်ထားသည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှ စတင်ပြီး စီမံကိန်းပေါင်း ၇၂၉ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ပညာရေးထောက်ပံ့ရေး စီမံကိန်းပေါင်း ၃၃၀၊ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်မြှင့်တင်ရေး စီမံကိန်း ၁၉၂ ခုနှင့် လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၃၈ ခု၊ အခြေခံအဆောက်အအုံ စီမံကိန်းပေါင်း ၃၄ ခုနှင့် အခြားအမျိုးမျိုးသော စီမံကိန်းပေါင်း ၃၅ ခုတို့ကို ဆောက်လုပ်ကူညီခဲ့ပြီး ဖြစ်သည်။ ဤအထောက်အပံ့များသည် မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရေးကို ပိုမိုတိုးတက် ခိုင်မာလာစေနိုင်ကြောင်း သိရသည်။

စီမံကိန်း၏ လွှဲပြောင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် တွင် ရန်ကုန်ဘူတာကြီး၌ ကျင်းပခဲ့ရာ မီးရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ခင်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI နှင့် the East Japan Railway Company (JR East)မှ နိုင်ငံတကာရေးရာ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Takao NISHIYAMA တို့ တက်ရောက်ခဲ့ကြသည်။ **(ကြေးမုံ)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ တောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီနှင့် မြို့အမျိုးသားဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၁ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီအနေဖြင့်လာရောက်ဟောပြောခြင်း မပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှုမရှိခြင်း ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**


## ပဲခူးမြို့၌ လိုင်စင်မဲ့ဆိုင်ကယ်များကြောင့် ယာဉ်ကြောရှုပ်ထွေးကာ ယာဉ်အန္တရာယ်များဖြစ်ပေါ်နိုင်

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးမြို့တွင်း လိုင်စင်မဲ့ဆိုင်ကယ်များမှာ သုံးပုံနှစ်ပုံခန့်မျှ စီးနင်းမှုရှိနေကြပြီး တချို့ဆိုင်ကယ်တို့မှာ ဘေးတွဲများတွဲကာ မိမိတို့လုပ်ငန်းသုံးကုန်များတင်ဆောင် ပြေးဆွဲနေကြသည်ကို တွေ့နေရသည်။

"ပဲခူးမြို့ရဲ့ ယာဉ်တိုက်မှုတွေကတော့ ဆိုင်ကယ်တိုက်မှုတွေက အများဆုံး ဖြစ်နေကြတာပါပဲ။ တချို့ဆိုင်ကယ်တိုက်မှုတွေမှာ လိုင်စင်မဲ့ဆိုင်ကယ်တွေဆိုတော့ ဆိုင်ကယ်ထားခဲ့ပြီးထွက်ပြေးကြတာ တော်တော်များတယ်။ ဒီလို လိုင်စင်မဲ့ဆိုင်ကယ်တွေ ပိုများလာတာရယ်၊ တရားဝင်လိုင်စင်မရှိဘဲ ဆိုင်ကယ်ဘေးတွဲတွေနဲ့ ကုန်တင် ပြေးဆွဲနေရတာရယ်ကြောင့် ပဲခူးမြို့တွင်းမှာ ယာဉ်ကြောရှုပ်ထွေး၊ ပိတ်ဆို့ပြီး ယာဉ်တိုက်မှုမကြာခဏ ဖြစ်နေကြတာပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။

လိုင်စင်မဲ့ ဆိုင်ကယ်များစီးပြီး စည်းကမ်းပျက် မောင်းနှင်နေခြင်းကြောင့် ကြီးကြပ်စိစစ်ဆောင်ရွက်သင့်ကြောင်းနှင့် ယာဉ်အန္တရာယ် ပိုမိုများလာနိုင်ကြောင်း သိရသည်။ **(၅၈၇)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၃၀**

| | |
|---|---|
| **ရန်ကုန် ရွှေဈေး** | ၇၇၄၀၀၀ - ၇၇၄၀၀၀ |
| **မန္တလေး ရွှေဈေး** | ၇၇၄၀၀၀ - ၇၇၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၄၉. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၂. ၂၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅. ၃၅၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၈၉. ၇၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၅၂၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၇၂. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၇၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၂. ၅၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၂. ၄၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ဓမေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှိုင်၊ သီရိ

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်္ဂပူမြို့ အမှတ်(၂)ရပ်ကွက် မဟာသုခမ္မာ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

☆ ဧရာဝတီမှ

မိမိတို့နိုင်ငံတွင်လည်း ဇူလိုင်လမှစတင်၍ တိုင်းဒေသကြီးလေးခု၊ ပြည်နယ်နှစ်ခုတွင် သဘာဝဘေးကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း။

ထိုကဲ့သို့ သဘာဝဘေးနှင့် ရင်ဆိုင်ရချိန်တွင် နိုင်ငံတော်အစိုးရ၊ စေတနာရှင်ပြည်သူများနှင့် နိုင်ငံတကာမှပူးပေါင်းပြီး သဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး၊ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန်အတွက် ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသည့် စိုက်ပျိုးမြေများ၌ စပါးပြန်လည်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ခဲ့သကဲ့သို့ စပါးစိုက်ပျိုးရန် အချိန်နှောင်းသွားသည့် မြေများတွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကို ကာကွယ်နိုင်ရန်အတွက် လက်ရှိရေတားတမံများကို မြေသားမြှင့်တင်ခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်း လုပ်ငန်းများအား နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သဘာဝဘေးကျရောက်ပြီးချိန်တွင် အားနည်းအုပ်စုများဖြစ်သည့် သက်ကြီးရွယ်အိုများ၊ မိခင်နှင့် ကလေးများ၊ မသန်စွမ်းသူများကို အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းစောင့်ရှောက်သွားရန်လိုကြောင်း။

ထို့ပြင် ကျန်းမာရေးကဏ္ဍတွင်လည်း နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရန်အတွက် အထူးအလေးထား စောင့်ရှောက်ပေးရန်လိုကြောင်း။

အင်္ဂပူမြို့နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တိုင်းဒေသကြီးအစိုးရက စီမံချက်ဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

သဘာဝဘေးဒဏ်ခံစားရသူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးရန်လိုကြောင်း၊ သမဝါယမဝန်ကြီးဌာနကလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖများမှတင်ပြသည့် ရေကြီးရေလျှံမှုကာကွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကညင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က ရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ ရေလှောင်တမံအတွင်း ရေသိုလှောင်နိုင်မှုနှင့် ပတ်ဝန်းကျင်ကျေးရွာများအပေါ် အကျိုးသက်ရောက်မှုအခြေအနေ၊ မြစ်ကြောင်းများထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကညင်ဆည်၊ မမြဆည်နှင့် နန်ကသူဆည်များ ကြံ့ခိုင်ထိန်းသိမ်းရေး၊ မိုးရာသီတွင် စုဆောင်းရရှိသည့် ဆည်ရေများကို စနစ်တကျထိန်းသိမ်းပြီး စိုက်ပျိုးရေရရှိရေးအတွက် အသုံးပြုသွားရန်၊ အယ်လ်နီညို ရာသီဥတုအခြေအနေနှင့် အကျိုးသက်ရောက်နိုင်မှုများကို ကြိုတင်တွက်ချက်ပြင်ဆင်ထားရန်လိုကြောင်း။

ဧရာဝတီမြစ် ရေကြီးရေလျှံမှုကို ကာကွယ်တားဆီးရာတွင် နိုင်ငံတကာ၌ အဓိကမြစ်ကြီးများ၏ ရေကြီးရေလျှံမှုကာကွယ်တားဆီးရေးအစီအမံများကို လေ့လာသွားရန်လိုကြောင်း၊ မြစ်ကြောင်းထိန်းသိမ်းရေး၊ ရေကြီးရေလျှံမှုကာကွယ်ရေးနှင့် ဆည်၊ တာတမံများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပြည်သူများသိရှိနိုင်ရေး အသိပညာပေးသွားရန် ပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ကညင်ရေလှောင်တမံ၏ အကူရေပိုလွှဲ၊ ရေလွှဲဆည်နှင့် ပင်မရေပိုလွှဲတို့အား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်္ဂပူမြို့ အမှတ်(၂)ရပ်ကွက် မဟာသုခမ္မာ ကျောင်းတိုက်၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

### ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

### တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### ဒုတိယသမ္မတ ဦးညဏ်ထွန်း

### တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးညဏ်ထွန်းထံမှ တရုတ် ပြည်သူ့သမ္မတနိုင်ငံဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**✻ ရွှေဖုံးမှ**

လုပ်ငန်းတိုးချဲ့နေသော လုပ်ငန်းအမျိုးမျိုးဆောင်ရွက်နေသည့် ကုမ္ပဏီများအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။ အဆိုပါ အတည်ပြုချက်မှာ မကြာသေးမီက ထိုင်းနိုင်ငံ၌ ဘဏ်ရုံးခွဲတစ်ခုဖွင့်လှစ်ပြီးနောက် မဟာမဲခေါင်ဒေသတွင် လုပ်ငန်းတိုးချဲ့မှုကို ခိုင်မာစေမည့် ANZ ၏ အစီအစဉ်များတွင် အပြီးသတ်ခြေလှမ်းဖြစ်ကြောင်း ANZ အမှုဆောင်ချုပ် အန်ဒရူးဂတ်ဇီက ဆိုသည်။

"အာဆီယံ စီးပွားရေးပေါင်းစည်းမှုက မြန်မာနိုင်ငံရဲ့အခန်းကဏ္ဍကို ကုန်ထုတ်လုပ်မှု အချက်အချာနေရာတစ်ခုအဖြစ် တိုးတက်လာစေမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်"ဟု ၎င်းက ပြောကြားသည်။ မဟာမဲခေါင်ငါးနိုင်ငံစလုံးတွင် ဘဏ်ခွဲများဖွင့်လှစ်ထားသည့် တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်း အုပ်စုဖြစ်သောကြောင့် ANZ အား မြန်မာနိုင်ငံတွင်းဝင်ရောက်လိုသည့် နိုင်ငံတကာကုမ္ပဏီများအတွက် ဦးဆောင်အခန်းကဏ္ဍမှပါဝင်ရန် ထူးထူးခြားခြားသတ်မှတ်ထားသည်။ **သုတ**


## ကုမ္ပဏီများသိစေရန် ကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၅၀ အထူးကုမ္ပဏီအက်ဥပဒေများအရ ဖွဲ့စည်းမှတ်ပုံတင်ပြီးသောကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်သက်တမ်းကျန်ရှိသည်ဖြစ်စေ၊ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည်ဖြစ်စေ လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါက ဦးစီးဌာန(ရုံးချုပ်)နှင့် ရုံးခွဲများသို့ အောက်ဖော်ပြပါလိပ်စာများအတိုင်း ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၄ရက် နောက်ဆုံးထားသတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ကြပါရန် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြ၍ ကုမ္ပဏီများအား အသိပေးကြေညာပြီးဖြစ်ပါသည်-

| | |
|---|---|
| (က) ရန်ကုန်ရုံးချုပ် | အမှတ်-၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၇၈၉၁၊ ဖက်စ်-၀၁-၆၅၈၁၃၅ core.gov.mm@gmail.com |
| (ခ) နေပြည်တော်ရုံး | ရုံးအမှတ် ၃၂၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၆၁၂၄၊ ၀၆၇-၄၀၆၁၆၆၊ ဖက်စ်-၀၆၇-၄၀၆၃၀၆ myomin.dec1976@gmail.com |
| (ဂ) မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး | ၂၆×၂၇လမ်းကြား၊ ၈၄လမ်း၊ ဈေးချို အရှေ့ဘက်တိုက်တန်း၊ တတိယထပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၈၆၆၆၁၊ ၀၂-၈၆၆၆၂၊ ဖက်စ်-၀၂-၈၆၆၆၀ dicamdy.mm@gmail.com |
| (ဃ) ရှမ်းပြည်နယ်ဦးစီးမှူးရုံး | ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဝင်း၊ အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်၊ ဖုန်း-၀၈၁-၂၁၂၄၂၉၃၊ ဖက်စ်-၀၈၁-၂၁၂၄၉၇၄ dica.tgi18@gmail.com |
| (င) မွန်ပြည်နယ်ဦးစီးမှူးရုံး | အမှတ် ၄၀၁၊ တိုးချဲ့ကမ်းနားလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်၊ ဖုန်း-၀၅၇-၂၃၃၉၅၊ ဖက်စ်-၀၅၇-၂၃၃၈၅ dica.mawlamyaing1102014@gmail.com |

၂။ ကြေညာချက်နှင့်ပတ်သက်၍ ကုမ္ပဏီအချို့က နောက်ဆုံးသတင်းပို့ရမည့်ရက်ကို တိုးမြှင့်ပေးရန် မေတ္တာရပ်ခံချက်အရ အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းမရှိသေးသောကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါက ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၆ရက် နောက်ဆုံးထား၍ သတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ကြပါရန် ထပ်မံအသိပေးအပ်ပါသည်။ သတ်မှတ်ပေးသည့်ရက်အတွင်း သတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီများအား ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၄၇နှင့်အညီ မှတ်ပုံတင်စာရင်းမှပယ်ဖျက်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

# ၂၀၀၆ ခုနှစ် မွမ်ဘိုင်းရထားဗုံးခွဲတိုက်ခိုက်သူ ငါးဦးကို သေဒဏ်အမိန့်ချမှတ်



**မွမ်ဘိုင်း စက်တင်ဘာ ၃၀**

အိန္ဒိယနိုင်ငံရှိ တရားရုံးတစ်ရုံးသည် ၂၀၀၆ ခုနှစ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် လူစီးရထားများကို ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့မှုကျူးလွန်ခဲ့သည့် တရားခံ ၁၂ ဦးအနက်မှ ငါးဦးကို သေဒဏ်အမိန့်ချမှတ်ခဲ့ပြီး အခြားခုနစ်ဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၀၆ ခုနှစ်က လူစီးရထားများဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် လူ ၁၈၀ ကျော်သေဆုံးပြီး ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဖြစ်ပွားခဲ့သော အဆိုပါ ဗုံးဖောက်ခွဲမှုများ၌ စွဲချက်တင်ခံရသူ ၁၃ ဦးအနက်မှ ၁၂ ဦးသည် ပြစ်မှုထင်ရှားတွေ့ရှိရသည်ဟု ယခုလအစောပိုင်းက အထူးတရားရုံးကဆုံးဖြတ်ခဲ့သည်။ လူဦးရေသိပ်သည်းသော မွမ်ဘိုင်းမြို့ဆင်ခြေဖုံးအရပ်များသို့ ခုတ်မောင်းပြေးဆွဲသော ခရီးသည်တင်ရထားများကို ပစ်မှတ်ထားကာ ဗုံးခုနစ်လုံးဖောက်ခွဲခဲ့သည်။ နေ့စဉ်လူဦးရေ ခုနစ်သန်းနီးပါး သွားလာရေးအတွက် မှီခိုအားထားနေရသော မြို့ပတ်ရထားစနစ်ကို ပစ်မှတ်ထားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါဗုံးဖောက်ခွဲမှုများကို ပါကစ္စတန်အခြေစိုက် အစ္စလာမ္မစ်စစ်သွေးကြွများက အမိန့်ပေးစေခိုင်းခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က စွပ်စွဲခဲ့သည်။ ပါကစ္စတန်နိုင်ငံမှ လက်ရှ်ခါအီးတိုင်ဘာ အဖွဲ့၏ခေါင်းဆောင်အဇင်းချီမာက ဗုံးဖောက်ခွဲမှုများပြုလုပ်ရန် စီစဉ်ညွှန်ကြားခဲ့သည်ဟု သံသယရှိခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# တရုတ်နိုင်ငံ၏ ရေတပ်အင်အားတိုးချဲ့ခြင်းအပေါ် ဂျပန်၊ အမေရိကန်၊ အိန္ဒိယနိုင်ငံတို့မူဝါဒချမှတ်မှု ပူးပေါင်းဆောင်ရွက်

**နယူးယောက် စက်တင်ဘာ ၃၀**

ဂျပန်၊ အမေရိကန်၊ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးများက တရုတ်နိုင်ငံ၏ ရေတပ်အင်အား တိုးချဲ့ခြင်းနှင့် ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာမူဝါဒများကို ပေါင်းစပ်ညှိနှိုင်းရန် သဘောတူညီမှုရရှိခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူရှမာဆွာရာဂျ်တို့သည် စက်တင်ဘာ ၂၉ ရက်က နယူးယောက်မြို့တွင် ပထမဆုံးအကြိမ် သုံးပွင့်ဆိုင် သီးသန့်တွေ့ဆုံခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ စစ်အင်အား တိုးချဲ့ခြင်းအပေါ် စိုးရိမ်ပူပန်မှုများရှိကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

ပိုင်နက်နယ်မြေပိုင်ဆိုင်မှုများ အငြင်းပွားနေသည့် တောင်တရုတ်ပင်လယ်တွင် မြေတူးဖော်ရေးလုပ်ငန်း၊ စစ်ရေးပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိခြင်းတို့ကြောင့် ၎င်းဒေသတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့် တရုတ်နိုင်ငံတို့အကြား သဘောထားတင်းမာမှုများဖြစ်ပေါ်လျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောသည်။

အာရှပစိဖိတ်ဒေသတွင် တည်ငြိမ်အေးချမ်းရေးကို ဆက်လက်ထိန်းသိမ်းစေရန် နယ်မြေအငြင်းပွားမှုနှင့် ပတ်သက်ပြီး သဘောထားတင်းမာမှုများကို ငြိမ်းချမ်းစွာဖြေရှင်းသင့်ကြောင်း သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ စစ်အင်အားတိုးမြှင့်မှုအပေါ် ၎င်းတို့၏မူဝါဒများချမှတ်မှုကို သုံးနိုင်ငံပူးပေါင်းလုပ်ဆောင်ရန် အတည်ပြုခဲ့ကြသည်။

ထို့အပြင် ဘေးအန္တရာယ်ကျရောက်သည့်အခါ ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်ရန် ယင်းသုံးနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များတွေ့ဆုံကာ အတွေ့အကြုံများဖလှယ်ပြီး အစည်းအဝေးတစ်ရပ်ကျင်းပရန်နှင့် တောင်အာရှနှင့်အရှေ့တောင်အာရှဒေသအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ကူညီထောက်ပံ့မှုဆိုင်ရာ အစည်းအဝေးတစ်ရပ်ကိုလည်း ကျင်းပရန်သဘောတူညီခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

# ဆီးရီးယား၌ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရေး ရုရှားပါလီမန်က တစ်ခဲနက်ထောက်ခံ

**မော်စကို စက်တင်ဘာ ၃၀**

ဆီးရီးယားနိုင်ငံရှိ အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်) စစ်သွေးကြွများအား လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်ရန် သမ္မတဗလာဒီမာပူတင်၏ အစီအစဉ်ကို ပါလီမန်က စက်တင်ဘာ ၃၀ ရက်တွင် တစ်ခဲနက်ထောက်ခံလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ရုရှားပါလီမန်က ယင်းသို့ခွင့်ပြုပေးခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသရှိ မဟာမိတ်နိုင်ငံဖြစ်သော ဆီးရီးယားနိုင်ငံ၌ စစ်ရေးအရ ကြားဝင်စွက်ဖက်မှုပြုလုပ်ရန် လမ်းပွင့်သွားကြောင်း သတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံဘဂ္ဂဒက်၌ မကြာမီက ထူထောင်ခဲ့သော စစ်ဘက်ဆိုင်ရာဌာနတစ်ခုသို့ ရုရှားနိုင်ငံက စစ်ဘက်ဆိုင်ရာအကြံပေးများကို စေလွှတ်ပေးခဲ့သည်။ အဆိုပါဌာနသည် ဆီးရီးယားနိုင်ငံရှိ တပ်ဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ရုရှားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်ရှိ စစ်ဘက်ဆိုင်ရာဌာနသည် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်ဖွယ်ရှိမှုနှင့်ပတ်သက်၍ ထောက်လှမ်းရေးသတင်းအချက်အလက်များ ဖလှယ်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံ၌ စစ်ရေးတည်ဆောက်မှုကို တစ်စတစ်စပြုလုပ်လျက်ရှိပြီး လေကြောင်းတိုက်ခိုက်မှုများကို အချိန်မရွေး စတင်ပြုလုပ်နိုင်ကြောင်း ရုရှားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**

# ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန် ဘူရွန်ဒီနိုင်ငံ၌ သစ်ပင်များပြန်လည်စိုက်ပျိုးမည်

**ဘူဂျန်ဘူရာ စက်တင်ဘာ ၃၀**

ဘူရွန်ဒီနိုင်ငံက ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန် နိုင်ငံတစ်ဝန်းရှိ မြေဟက်တာ နှစ်သန်းခန့်တွင် သစ်ပင်များပြန်လည်စိုက်ပျိုးမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါသစ်ပင်များ ပြန်လည်စိုက်ပျိုးမည့် အစီအစဉ်ကို ဘူရွန်ဒီအစိုးရက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု အပြည်ပြည်ဆိုင်ရာသမဂ္ဂ (IUCN) နှင့် ၂၀၁၄ ခုနှစ်တွင် သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။ သစ်ပင်များပြန်လည်စိုက်ပျိုးရေးစီမံကိန်းစတင်ရန် လက်တွေ့ကျသော လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တစ်ခု ချမှတ်ရမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးရုံး ညွှန်ကြားရေးမှူးချုပ် မိုဟာမက်ရူဇီက အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ပြောကြားသည်။ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေသောဒေသများတွင် သစ်ပင်များပြန်လည်စိုက်ပျိုးခြင်းအကြောင်း ဆွေးနွေးသော အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် ဘူရွန်ဒီနိုင်ငံအတွက် သစ်ပင်များပြန်လည်စိုက်ပျိုးရာတွင် ငွေကြေးကူညီမှုများပေးမည့် နိုင်ငံများကို ရှာဖွေရန် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ဘူရွန်ဒီနိုင်ငံတွင် အစားအသောက်ချက်ပြုတ်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့တွင် သစ်သားကို အသုံးပြုကြရာ ယင်းအခြေအနေကို မဟန့်တားနိုင်ပါက သစ်တောပြုန်းတီးမှုဖြစ်ပေါ်နိုင်သည့်အတွက် ဂေဟစနစ်ကို ပြန်လည်ထိန်းသိမ်းခြင်းနှင့် ယခင်က သစ်ပင်များစိုက်ပျိုးထားခြင်းမရှိသည့်နေရာများတွင်ပါ သစ်ပင်များစိုက်ပျိုးခြင်းတို့ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားသည်ဟု ၎င်းက ပြောကြားသည်။ ယနေ့ခေတ် သစ်တောပြုန်းတီးမှုနှုန်းအတိုင်း သစ်တောပြုန်းတီးမှုများဆက်လက်ဖြစ်ပေါ်နေပါက ဘူရွန်ဒီနိုင်ငံ၌ ၂၄ နှစ်အတွင်း သစ်တောများရှိတော့မည်မဟုတ်ကြောင်း ဘူရွန်ဒီနိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ရုံးက ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ပြောကြားသည်။ **ဆင်ဟွာ။**



# တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ပေါက်ကွဲမှုများဖြစ်ပွား၊ လူခုနစ်ဦးသေဆုံး

**ပေကျင်း စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ပေါက်ကွဲမှုများဖြစ်ပွားမှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

တရုတ်နိုင်ငံပိုင်သတင်းမီဒီယာများက ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လျိုချန်စီရင်စု၌ စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီဝန်းကျင်ခန့်တွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်ဟု ထုတ်ပြန်ကြေညာသည်။ ထိခိုက်ဒဏ်ရာရရှိသည့် လူဒါဇင်ပေါင်းများစွာကို ဆေးရုံများသို့ ပို့ဆောင်ခဲ့ရသည်ဟု ဒေသခံသတင်းမီဒီယာများက ဆိုသည်။

မျက်မြင်တွေ့ရှိသူများက ပေါက်ကွဲမှုနှင့် ပတ်သက်သည့် အပျက်အစီးဓာတ်ပုံများကို တရုတ်နိုင်ငံတွင် တွစ်တာစာမျက်နှာကဲ့သို့ လူအများဆုံးအသုံးပြုသည့် ဝီဘိုလူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့ကြသည်။

ဈေးဝယ်စင်တာတစ်ခု၊ ဒေသခံအစိုးရအဆောက်အအုံတစ်လုံးနှင့် ဆေးရုံတစ်ရုံအပါအဝင် နေရာ ၁၃ နေရာတွင် ပါဆယ်ထုပ်ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

တာဝန်ရှိသူများက ပါဆယ်ထုပ်များကို ဖွင့်ဖောက်ခြင်းမပြုရန် ပြည်သူများကိုသတိပေးထားပြီး ဖောက်ခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ ဆက်နွှယ်မှုများကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းမည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးပြော

**ဆစ်ဒနီ စက်တင်ဘာ ၃၀**

လာမည့်ဆယ်စုနှစ်ကုန်ထက်နောက်မကျဘဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အဖွဲ့ဝင်နိုင်ငံအဖြစ်ထပ်မံဝင်ရောက်ခွင့်ရရှိရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က စက်တင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဩစတြေးလျနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံမဟုတ်သော အလှည့်ကျအဖွဲ့ဝင်နိုင်ငံအဖြစ် နှစ်နှစ်တာ တာဝန်ယူခဲ့မှုမှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်သက်တမ်းကုန်ဆုံးခဲ့သည်။ ဩစတြေးလျနိုင်ငံသည် ၂၀၂၉-၃၀ ပြည့်နှစ်တွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံမဟုတ်သော အလှည့်ကျအဖွဲ့ဝင်နိုင်ငံအဖြစ် ထပ်မံရွေးချယ်ခံရရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လုံခြုံရေးကောင်စီ၌ အဖွဲ့ဝင်ဖြစ်ခြင်းဖြင့် ကမ္ဘာ့လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဝန်ကြီးဘစ်ရှော့က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပသော ဖိုရမ်ဆွေးနွေးပွဲတွင် ပြောကြားသည်။ အဆိုပါဖိုရမ်ဆွေးနွေးပွဲကို အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အိမ်ရှင်အဖြစ် ကမကထပြုကျင်းပခြင်းဖြစ်ပြီး အိုင်အက်စ်နိုင်ငံတော်ထူထောင်ရေးစစ်သွေးကြွအဖွဲ့ကို ချေမှုန်းရေးနှင့် အစွန်းရောက်သမားများ၏အကြမ်းဖက်မှုပြဿနာတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **ရိုက်တာ။**

## ပြည်တွင်းရေးရာ



### ❒ ပြန်လည်ထူထောင်ရေးမှ

ခရီးသွားလုပ်ငန်းအနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် သန်းပေါင်းများစွာသော အခွင့်အလမ်းများကို ဖန်တီးပေးသင့်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေကြီးမှုဖြစ်စဉ်တွင် လူဦးရေ နှစ်သန်းခန့်သည် သဘာဝဘေးအန္တရာယ်ကို တိုက်ရိုက်ခံစားခဲ့ကြရပြီး ပြည်သူအများစုဟာလည်း စီးပွားရေးထိခိုက်မှုနှင့် အကျိုးသက်ရောက်မှုများကိုပါ ခံစားကြရမှာဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသည့် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်း ရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းများတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသည့် ကဏ္ဍအဖြစ် ပါဝင်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးကာလသည် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ပွင့်လင်းရာသီနှင့် တိုက်ဆိုင်နေပြီး ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှုမှ အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ကဏ္ဍအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာလှည့်ခရီးသည် တစ်သန်းကျော်ရောက်ရှိအောင် ဆွဲဆောင်နိုင်ခဲ့ပြီး သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းအနေဖြင့် တစ်နှစ်အတွင်း လျင်မြန်စွာတိုးတက်လာပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၀၄ သန်း လက်ခံရရှိခဲ့သည့်အတွက် နှစ်ဆတိုးတက်လာတာကို တွေ့ရမှာဖြစ်ပါကြောင်း၊ ယခင်နှစ်က ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၀၈ သန်း လာရောက်ခဲ့ပြီး ယခုနှစ်မှာ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ခံစားခဲ့ရသော်လည်း ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅ သန်း လက်ခံရရှိမည်ဟု မျှော်မှန်းထားပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍမှ အခွင့်အလမ်းကောင်းများကိုအသုံးချပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ အရှိန်အဟုန်မြှင့်တင်ရန် မြန်မာနိုင်ငံအစိုးရအတွက် အရေးကြီးပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော အိမ်နီးချင်းနိုင်ငံများရှိ ထင်ရှားသော ခရီးစဉ်ဒေသများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ်က ချမှတ်ခဲ့သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းတွင် ပါဝင်သော အဓိကဦးစားပေးကဏ္ဍများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းမူဝါဒ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်း ပါဝင်ဆောင်ရွက်ရေးဆိုင်ရာမူဝါဒများဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအား ကမ္ဘာပေါ်တွင် တိုးတက်ပေါ်ထွက်လာနေသည့် ခရီးစဉ်ဒေသအဖြစ် ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည့်အတွက် ခရီးသွားလုပ်ငန်းတွင် အခွင့်အလမ်းသစ်များ ဖန်တီးပေးရမှာဖြစ်ပါကြောင်း၊ မိမိနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် Lonely Planet Travelers မှ ပေးအပ်ချီးမြှင့်သော "Best in Travel AEC Country Award" ကို ရရှိခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ အလားအလာကို သက်သေပြနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍ သဘာဝအခြေခံခရီးစဉ်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထပ်တိုးလုပ်ငန်းစဉ်များအနေဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် သဘာဝဘေးအန္တရာယ်ဆိုးများကျရောက်မှုမှ လျော့နည်းကာကွယ်နိုင်မည့် မူဝါဒများချမှတ်ရန် လိုအပ်ပါကြောင်း၊ အဆိုပါမူဝါဒများသည် အမွေအနှစ်တန်ဖိုးအပြင် အမွေအနှစ်ဒေသများရှိ လူသားများ၏ အသက်၊ ပိုင်ဆိုင်မှုဥစ္စာများနှင့် လူမှုဘဝများကို ထိခိုက်မှုလျော့နည်းစေရေး ဦးတည်သင့်ပါကြောင်း၊ ၂၀၁၄ခုနှစ်တွင် ပျူရှေးဟောင်း မြို့(၃)မြို့ဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာသွင်းနိုင်ခဲ့ပါကြောင်း၊ အခြားဒေသများကိုလည်း တရားဝင်စာရင်းသွင်းနိုင်ရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်နိုင်မည့် သင့်လျော်သော ဘေးအန္တရာယ်ကျရောက်မှုစီမံခန့်ခွဲရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်သင့်ပါကြောင်း။

မကြာသေးမီက ကြုံတွေ့ခဲ့ရသော ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်အားလုံးအား လျော့ကျစေမည့် ထိရောက်သောလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်းအားဖြင့် အခွင့်အလမ်း သန်းပေါင်းများစွာ ဖန်တီးပေးမည့် ပြုပြင်ပြောင်းလဲမှုများအား ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် နိုင်ငံတကာအသိုက်အဝန်းများနှင့် ပူးတွဲလုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ မစ္စတာ ဘာထရမ်ဗိန်းဗဲလ်က ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာထာလစ်ရီဖိုင်ပေးပို့သည့် သတင်းစကား ရုပ်/သံ မှတ်တမ်းအား ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက နှစ်လိုဖွယ်ရာ ပြည်မြန်မာခေါင်းစဉ်ဖြင့် ခရီးစဉ်ဒေသနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဝန်ဆောင်မှုစွမ်းရည်အကောင်းဆုံးဆုရရှိသည့် Chatrium Hotel နှင့် Kenpinski Hotel တို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးငွေအောင်က ဝန်ဆောင်မှုစွမ်းရည်အကောင်းဆုံး ခရီးသွားကုမ္ပဏီဆုရရှိသည့် Exo –Travel Myanmar နှင့် Myanmar Vovages International Tourism တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆုရစာစီစာကုံးများ၊ ဓာတ်ပုံများနှင့် ခရီးသွားဖွံ့ဖြိုးရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ပြုပြင်ပြောင်းလဲရေးကိစ္စ အပြုသဘောဆက်လက်ပံ့ပိုးကူညီပေးရန် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၂၉ ရက်တွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးသို့ လည်းကောင်း၊ အစ္စလာမ်မစ်နိုင်ငံထူထောင်ရေးဆိုင်ရာ အစွန်းရောက်အကြမ်းဖက်အဖွဲ့တိုက်ဖျက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ လည်းကောင်း၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ တွေ့ဆုံသည့် အစီအစဉ်သို့ လည်းကောင်း တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ ကြီးမှူးပြုလုပ်သည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီရေးဆိုင်ရာ မိတ်ဖက်များအဖွဲ့အစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ၊ ပွင့်လင်းမြင်သာ၍ လွတ်လပ်မျှတသော အထွေထွေရွေးကောက်ပွဲဖြစ်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ လူ့အခွင့်အရေး တိုးမြှင့်ကာကွယ်ရန် ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုများ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ လှေစီးသွားလာသူများကိစ္စရပ်အပေါ် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ၊ ပြည်တွင်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့သည့်ကိစ္စ၊ ကုလသမဂ္ဂနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အလားအလာများ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအပေါ် အပြုသဘောဖြင့် ဆက်လက်ပံ့ပိုးကူညီပေးရန်ကိစ္စ စသည့်ကိစ္စရပ်များအပေါ် ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**



# မလေးရှားနိုင်ငံသားခရီးသွားဧည့်သည်များ ဆိုင်ကယ်ဖြင့် မူဆယ်မြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်စပ် ဝင်ပေါက်/ထွက်ပေါက်များမှ မြန်မာနိုင်ငံတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများ မော်တော်ယာဉ်တန်း/ဆိုင်ကယ်ယာဉ်တန်း/ စက်ဘီးယာဉ်တန်း ခရီးစဉ်များဖြင့် စဉ်ဆက်မပြတ် လာရောက်လည်ပတ်လျက်ရှိသည်။

ရွှေစင်ရိပ်ငြိမ်ခရီးသွားလုပ်ငန်းကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စက်တင်ဘာ ၁၆ ရက်တွင် မလေးရှားနိုင်ငံသား လေးဦးသည် မော်တော်ဆိုင်ကယ်လေးစီးဖြင့် မြဝတီမြို့သို့ ဝင်ရောက်လာပြီး ဘားအံ-ကျိုက်ထီးရိုး-နေပြည်တော်-အင်းလေး-မန္တလေး-ပုဂံ-ကလေး-တမူးမြို့များသို့ သွားရောက်လည်ပတ်ကာ စက်တင်ဘာ ၂၅ ရက်တွင် တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ကမ္ဘာလှည့် ခရီးသွားများသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအနုပညာများ၊ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝအလှအပရှုခင်းများနှင့် လက်မှုပညာရပ်များကို လေ့လာသိရှိလိုကြ၍ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း လေကြောင်းခရီးစဉ်ဖြင့် လာရောက်ကြသကဲ့သို့ မော်တော်ယာဉ်တန်း / ဆိုင်ကယ်ယာဉ်တန်း / စက်ဘီးယာဉ်တန်း ခရီးစဉ်များဖြင့် နယ်စပ် ဝင်ပေါက်များမှ စဉ်ဆက်မပြတ် ပိုမိုလာရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကုဋေကုဋာ ဧည့်များလာ အခွင့်အလမ်းလည်း တူညီစွာ**

# အစိမ်းရောင်ဟိုတယ်(Green Hotel)ဆိုသည်မှာ

(ဇော်လင်းထွန်း- ဟိုတယ်/ခရီး)

အစိမ်းရောင်ဟိုတယ်(သို့မဟုတ်) Green Hotel ဆိုသောအမည်ကို မြင်တွေ့ရသည်နှင့် သာမန်အားဖြင့် စိမ်းသောအရောင်အဆင်းရှိဟိုတယ်၊ အစိမ်းရောင်ခြယ်သထားသောဟိုတယ်တစ်ခုဟုထင်မှတ်များစရာပင်ဖြစ်သည်။ သို့ရာတွင်အစိမ်းရောင်ဟိုတယ်(Green Hotel) ဟူသောဝေါဟာရ၏ ဆိုလိုရင်းမှာ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး **သဘာဝအရင်းအမြစ်**နှင့် စွမ်းအင်ချွေတာရေးနည်းလမ်းများကို လက်ခံကျင့်သုံးသော ဟိုတယ်ကို ညွှန်းဆိုခြင်းဖြစ်သည်။

အစိမ်းရောင်ဟိုတယ်(Green Hotel) ၏အဓိပ္ပာယ်ကို အသေးစိတ်ဖော်ပြရလျှင် အဆင့်အတန်းအရည်အသွေးမီ ဝန်ဆောင်မှုများကိုပေးနေခြင်းနှင့်အတူ စွမ်းအင်၊ ရေ၊ ဟိုတယ်တွင်အသုံးပြုလျက်ရှိသော အသုံးအဆောင်များ၊အစားအစာနှင့်အဖျော်ယမကာစသည့်ပစ္စည်းများကို အကျိုးရှိ ထိရောက်စွာအသုံးပြုလျက် သဘာဝပတ်ဝန်းကျင်ကို **မထိခိုက်စေရန် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းအစီအစဉ်များဖြင့်** ကြိုးပမ်းဆောင်ရွက်နေသော ဟိုတယ်မျိုးဖြစ်သည်။ ဟိုတယ်များတွင်ကုန်ကျစရိတ်အများဆုံးသော၊ လေလွင့်မှုအများဆုံးသော သုံးစွဲမှုမှာ ပြည့်ဖြိုးမြဲမဟုတ်သော စွမ်းအင်သုံးစွဲမှု၊ ရေအမြောက်အမြားသုံးစွဲမှုနှင့် အမှိုက်သရိုက်အညစ်အကြေးများ စွန့်ပစ်မှုတို့ဖြစ်သည်။ အစိမ်းရောင်ဟိုတယ်များသည် ရေသုံးစွဲမှုကိုချွေတာခြင်း၊ စွမ်းအင်သုံးစွဲမှုကိုလျှော့ချခြင်း၊ အမှိုက်သရိုက်အညစ်အကြေးများစွန့်ပစ်မှု လျှော့ချခြင်းနှင့် **စနစ်တကျစွန့်ပစ်ခြင်း၊ စွန့်ပစ်ရေပြန်လည်သုံးစွဲခြင်း** စသည်တို့ဖြင့် မိမိတို့လုပ်ငန်းဆောင်ရွက်မှုကျင့်ဝတ်များကို စောင့်စည်းထိန်းသိမ်းကြသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အသုံးစရိတ်များလျော့နည်းလာခြင်း၊ အမြတ်အစွန်းအကျိုးအမြတ်များတိုးပွားလာခြင်း၊ ရင်းနှီးမြှုပ်နှံမှုခိုင်မာလာခြင်း၊ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ဒေသခံအဖွဲ့အစည်းများ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ ဒေသထွက်ကုန်များအားသုံးစွဲခြင်း** စသည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရသည်ကို သိရှိလာကြသည့် အလျောက် အစိမ်းရောင်ဟိုတယ်လုပ်ငန်းများ တစ်စတစ်စနှင့်ဖွံ့ဖြိုးလာကြသည်။

တစ်ဖက်တွင်လည်း ဟိုတယ်လုပ်ငန်းတွင်ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် ၎င်းတို့၏ဟိုတယ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များက သဘာဝပတ်ဝန်းကျင်အပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများရှိသည်ကို နားလည်သဘောပေါက်လာကြသည်နှင့်အမျှ မိမိတို့လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကိုသက်ရောက်မှု နည်းနိုင်သမျှနည်းပါးစေရန်ဆောင်ရွက်လာကြသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်သိလုပ်ငန်းအလေ့အထများက တစ်နေ့တခြားထင်ရှားလာနေသော သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အံဝင်ခွင်ကျဖြစ်လာပြီး ယင်းအခြေအနေကပင် ခရီးသွားလုပ်ငန်းနှင့်သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့တိုးတက်ရေးတို့ကို ဟန်ချက်ညီစေရန် ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်းသို့ နိုင်ငံခြားငွေဘီလီယံပေါင်းများစွာ နှစ်စဉ်စီးဝင်စေသကဲ့သို့ သန်းပေါင်းများစွာသော ခရီးသွားများကိုလည်း နိုင်ငံတကာသို့ သယ်ယူပို့ဆောင်ပေးနေသည်။ သို့သော်လည်း နှစ်ပေါင်းများစွာအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများက သဘာဝပတ်ဝန်းကျင်အပေါ်တွင် ဖိအားများတိုးလာစေခဲ့သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ ဂိုယာ(Goa)မြို့တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသည့်အတွက် ရင်းနှီးမြှုပ်နှံသူများကဟိုတယ်အမြောက်အမြား တိုးချဲ့တည်ဆောက်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် အဆိုပါဟိုတယ်များမှ တစ်ရက်လျှင် ရေဂါလန်ပေါင်း ၆၆၀၀၀အထိ မြေအောက်ရေတွင်းများ၊ အခြားရေအရင်းအမြစ်များမှ ထုတ်ယူသုံးစွဲခဲ့ကြရာ ဒေသခံများ အားထားသုံးစွဲနေကြသည့် မြောက်မြားစွာသော ရေတွင်းရေကန်များ၊ မြစ်ချောင်းများခန်းခြောက်ကုန်ကြတော့သည်။ ထိုကဲ့သို့သောဖြစ်စဉ်များမှာ သဘာဝအရင်းအမြစ်အကန့်အသတ်များအပေါ် ခရီးသွားလုပ်ငန်းကဝင်ရောက်ထိတွေ့မိသောအခါ နေရာဒေသအတော်များများ၌ ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော ပြဿနာတစ်ရပ်ဖြစ်သည်။

ယနေ့အချိန်အခါတွင် လျင်မြန်စွာဖွံ့ဖြိုးလာနေသည့်ခရီးသွားလုပ်ငန်းမှာ သဘာဝအခြေခံခရီးသွားလုပ်ငန်း(Ecotourism) တည်းဟူသော သဘာဝဝန်းကျင်ကိုအလေးဂရုပြုသည့် ခရီးသွားလုပ်ငန်းအမျိုးအစားပင်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားများအကြားတွင်လည်း မိမိတို့ကိုယ်မိမိ သဘာဝအခြေခံခရီးသွားသူ(Ecotourist)ဟု ခံယူသူများပြားလာပြီး ယင်းအခြေအနေက ဖွံ့ဖြိုးတိုးတက်လာနေသော သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုကို ရှေးရှုသည့်ခရီးသွားလုပ်ငန်းဈေးကွက်ကို ကိုယ်စားပြုဖော်ပြနေသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်းကြီး(အာဆီယံ)သည် အာဆီယံဒေသအား အရည်အသွေးပြည့်မီ၍ တစ်ခုတည်းသောခရီးစဉ်ဒေသတစ်ခုအဖြစ်ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူဖြစ်စေရန်အာဆီယံအစိမ်းရောင်ဟိုတယ်စံသတ်မှတ်ချက် (ASEAN Green Hotel Standard) ကို အာဆီယံ ၁၀ နိုင်ငံစလုံး၏ ဆွေးနွေးညှိနှိုင်းမှုဖြင့် သတ်မှတ်နိုင်ခဲ့သည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းပေါ်ပေါက်လာစေရေးတွင် ခရီးသွားလုပ်ငန်းကဏ္ဍ ပေါင်းစည်းရေးရှေ့လုပ်ငန်းစဉ်တစ်ခုအဖြစ် အာဆီယံခရီးသွားလုပ်ငန်းအရည်အသွေး စံသတ်မှတ်ချက်များကိုလည်း ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် အာဆီယံခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များလုပ်ငန်းအဖွဲ့ (The Task Force on ASEAN Tourism Standard) ကိုလည်း ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ထိုအဖွဲ့က အာဆီယံအစိမ်းရောင်ဟိုတယ်စံသတ်မှတ်ချက် (ASEAN Green Hotel Standard) နှင့် ကိုက်ညီသော ဟိုတယ်များကိုရွေးချယ်၍ နှစ်နှစ်တစ်ကြိမ် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကာလအတွင်း အလှည့်ကျဆုချီးမြှင့်ပွဲများကျင်းပ၍ ဆုချီးမြှင့်ဂုဏ်ပြုလျက်ရှိပြီး ဆု၏သက်တမ်းမှာ ဆုချီးမြှင့်ချိန်မှ နှစ်နှစ်အထိ ဖြစ်သည်။ **၂၀၁၅ ခုနှစ် မေလတွင် စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော (၁၂)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးတွင် ၂၀၀၆ ခုနှစ်မှစ၍ ASEAN Green Hotel ဆု** အသိအမှတ်ပြုလက်မှတ်သက်တမ်းကို သုံးနှစ်အထိတိုးမြှင့်ရန်ဆုံးဖြတ်ခဲ့ပါသည်။ အာဆီယံအစိမ်းရောင်ဟိုတယ်ဆုအတွက် အကဲဖြတ်ခြင်းကို သက်ဆိုင်ရာနိုင်ငံများမှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းက ဆောင်ရွက်မည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်ခုစီမှ ဆုအတွက် ဟိုတယ် ၁၀ လုံးအထိ အမည်စာရင်းတင်သွင်းနိုင်ကြသည်။ **ထို့ပြင် ယခင်ရွေးချယ်ခံထားရပြီးသက်တမ်းကုန်ဆုံးသွားသော ဟိုတယ်များကိုပါ ပြန်လည်အဆိုတင်သွင်းနိုင်ပါ၍ မိမိတို့ဟိုတယ်၏ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအဆင့်အတန်း အစီအစဉ်များကို ရေရှည်တည်တံ့စေရန် စီမံကိန်းရေးဆွဲ ထိန်းသိမ်းထားရန်လိုအပ်ပါသည်။**

ပထမဆုံးသောအစိမ်းရောင်ဟိုတယ်ဆုချီးမြှင့်ပွဲကို ၂၀၀၈ ခုနှစ်က ထိုင်းနိုင်ငံတွင်ကျင်းပခဲ့သည်။ထို့နောက် ၂၀၁၀ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၂၀၁၂ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ၂၀၁၄ခုနှစ်တွင် မလေးရှားနိုင်ငံ ကူချင်း(Kuching)မြို့တွင် ကျင်းပခဲ့သည်။ အဆိုပါ၂၀၁၄ခုနှစ် ဆုချီးမြှင့်ပွဲတွင် အာဆီယံ အစိမ်းရောင်ဟိုတယ်စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံ၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ဟိုတယ် ၁၀ လုံးစီ၊ ဖိလစ်ပိုင်နိုင်ငံမှ ဟိုတယ်ငါးလုံးနှင့် ဘရူနိုင်းနိုင်ငံမှ ဟိုတယ်တစ်လုံးတို့ကိုရွေးချယ်၍ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးများက ဆုများချီးမြှင့်ပေးခဲ့သည်။ ထိုကဲ့သို့ အာဆီယံဒေသအဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ဟိုတယ်များအား ဆုချီးမြှင့်ခဲ့ရာတွင် မြန်မာနိုင်ငံမှ ဟိုတယ်များက ဒေသတွင်းအခြားနိုင်ငံများနှင့်ရင်ပေါင်တန်းကာ ဆု ၁၀ ဆုအထိရရှိခဲ့ခြင်းမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အာဆီယံဒေသအတိုင်းအတာဖြင့် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နေခြင်း၏ သက်သေပြချက်တစ်ရပ်လည်းဖြစ်သည်။

အာဆီယံအစိမ်းရောင်ဟိုတယ်ဆုအတွက် အဓိကစံသတ်မှတ်ချက်များ (Criteria) မှာ ဟိုတယ်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့်အတူ (၁)သဘာဝပတ်ဝန်းကျင်**ထိန်းသိမ်းခြင်း**ဆိုင်ရာ မူဝါဒထားရှိခြင်းနှင့်လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်း၊(၂)သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသောကုန်ပစ္စည်းများ (အစိမ်းရောင်ထုတ်ကုန်များ)ကိုအသုံးပြုခြင်း၊ (၃) ဒေသခံအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၊ (၄)အုပ်ချုပ်စီမံရေးနှင့် အခြားဝန်ထမ်းများအားသဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးဆိုင်ရာသင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း၊ (၅)အစိုင်အခဲ အမှိုက်သရိုက်များ(Solid Waste) ကိုစီမံခန့်ခွဲမှုအသိပညာသင်တန်းပေးခြင်း၊ (၆) စွမ်းအင်ကိုထိရောက်အကျိုးရှိစွာ သုံးစွဲခြင်းအတွက်စွမ်းအင်ချွေတာသုံးစွဲခြင်းနည်းပညာပေးခြင်း၊ စွမ်းအင်သုံးစွဲမှုလျှော့ချရန်လိုအပ်သောကိရိယာများ တပ်ဆင်သုံးစွဲထားခြင်း၊ စွမ်းအင်သုံးစွဲမှုကို စောင့်ကြည့်ကြီးကြပ်နိုင်ရန်မီတာများ၊ လိုအပ်သောကိရိယာများ တပ်ဆင်ထားခြင်း၊ (၇) ရေကိုအကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ရေချွေတာသုံးစွဲခြင်းနည်းပညာပေးခြင်း၊ ရေသုံးစွဲမှုလျှော့ချရန် လိုအပ်သောကိရိယာများတပ်ဆင်သုံးစွဲထားရှိခြင်း၊ အဆိုပါကိရိယာများအား ပုံမှန်ပြုပြင်ထိန်းသိမ်းထားရှိခြင်း၊ (၈) အခန်းတွင်း၊ အခန်းအပြင် လေထုအရည်အသွေးကောင်းမွန်စေရန် ဆေးလိပ်သောက်ရန် နေရာ၊ ဆေးလိပ်မသောက်ရနေရာများခွဲခြားသတ်မှတ်ထားရှိခြင်း၊ ဟိုတယ်အတွင်း လေထုအရည်အသွေး ကောင်းမွန်နေစေရန် လေအေးပေးစက်ကဲ့သို့သော ကိရိယာပစ္စည်းများအားပုံမှန်စစ်ဆေးထိန်းသိမ်းထားရှိခြင်း၊ (၉)ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းခွင်မှထွက်ပေါ်လာသော ဆူညံသံများထိန်းချုပ်ရေးအစီအစဉ်များကဲ့သို့သော အသံဆူညံညစ်ညမ်းမှုထိန်းချုပ်ရေး(Noise Pollution Control)အစီအမံများစီမံထားရှိခြင်း၊(၁၀) ရေဆိုးရေညစ်ထုတ်လွှတ်မှု လျော့နည်းရေး၊ ရေမှတစ်ဆင့် ကူးစက်ရောဂါများမဖြစ်ပွားရေးတို့အတွက် နည်းစနစ်များ တပ်ဆင်သုံးစွဲထားရှိခြင်း၊ လုပ်ငန်းခွင်မှထွက်လာသောရေများကို သစ်ပင်၊ ပန်းပင်များကိုရေလောင်းခြင်းစသည့် စွန့်ပစ်ရေပြန်လည်သုံးစွဲခြင်းကို အားပေးမြှင့်တင်ခြင်း စသောစွန့်ပစ်ရေ ပြန်လည်သုံးစွဲခြင်းနှင့်စီမံခန့်ခွဲမှုရှိခြင်း၊(၁၁) အဆိပ်အတောက်ဖြစ်စေမည့်ပစ္စည်းများကို သိသာထင်ရှားသောစာတန်း၊ အမှတ်လက္ခဏာများဖြင့်သတ်မှတ်ထားရှိခြင်း၊ အန္တရာယ်ဖြစ်စေတတ်သော စွန့်ပစ်အမှိုက်သရိုက်များအတွက် သင့်လျော်သည့်အစီအမံများထားရှိကျင့်သုံးခြင်း၊ဓာတ်ငွေ့ (သို့မဟုတ်)အန္တရာယ်ဖြစ်စေတတ်သော ဓာတုပစ္စည်းများ ယိုစိမ့်ခြင်း ရှိမရှိစစ်ဆေးကြပ်မတ်နိုင်ရန် သိုလှောင်မှုအခြေအနေကို ပုံမှန်စစ်ဆေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း စသည့် ဓာတုဗေဒနှင့် အဆိပ်အတောက်ဖြစ်စေတတ်သော စွန့်ပစ်ပစ္စည်းများအတွက် အစီအမံများထားရှိ ဆောင်ရွက်ခြင်းတို့ဖြစ်ရာ စုစုပေါင်းအဓိကစံသတ်မှတ်ချက် (Criteria) (၁၁)ချက်ပါရှိပြီး အခြားအသေးစိတ်သတ်မှတ်ချက်များပါဝင်ပါသည်။ အာဆီယံအစိမ်းရောင်ဟိုတယ် စံသတ်မှတ်ချက်အပါအဝင် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် (www.myanmartourism.org)တွင် ဖော်ပြပြီးဖြစ်သဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

အစိမ်းရောင်ဟိုတယ် အဓိကစံသတ်မှတ်ချက်များကိုလေ့လာကြည့်မည်ဆိုလျှင် တိကျစွာလိုက်နာကျင့်သုံးသော ဟိုတယ်များအဖို့ သဘာဝပတ်ဝန်းကျင်၏တန်ဖိုးကိုသိရှိနားလည်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုသော တာဝန်သိလုပ်ငန်းတစ်ရပ်အဖြစ်ရပ်တည်နိုင်မည့်အပြင် လုပ်ငန်းခွင်မတော်တဆမှုများကို အလိုအလျောက်ထိန်းချုပ်ရာရောက်ခြင်း၊ အသုံးစရိတ်ချွေတာရာရောက်ခြင်း၊လာရောက်တည်းခိုနေထိုင်ကြသောပြည်တွင်း၊ ပြည်ပ ဧည့်သည်များအား အရည်အသွေးပြည့် ဝန်ဆောင်မှုများပေးနိုင်ခြင်း၊ လုပ်ငန်းကျင့်ဝတ်ကိုအလေးထားသောပြည်တွင်း၊ ပြည်ပဂုဏ်သရေရှိဧည့်သည်များ၊ အဖွဲ့အစည်းများ၏ယုံကြည်ကိုးစားမှုကိုရရှိခြင်း၊ နိုင်ငံတကာကျင့်ဝတ်များနှင့်အညီ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များကို လိုက်နာကျင့်သုံးနေသောလုပ်ငန်းဖြစ်ခြင်းကြောင့် ဟိုတယ်(သို့မဟုတ်) အဖွဲ့အစည်း၏ဂုဏ်သိက္ခာမြင့်မားလာခြင်း၊ လုပ်ငန်းအကျိုးအမြတ်တိုးပွားလာခြင်း စသောအကျိုးတရားများကိုပါ တစ်ပြိုင်နက်ရရှိကြမည်ဖြစ်သည်။ ထို့အပြင် ၂၀၁၆ ခုနှစ်အာဆီယံအစိမ်းရောင်ဟိုတယ်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ရာ ယခုဆုရရှိပြီးသော ဟိုတယ်များသာမကဆုချီးမြှင့်ခြင်းမခံရသေးသောဟိုတယ်များပါ ဂုဏ်သိက္ခာကြီးမားသော အစိမ်းရောင်ဟိုတယ်ဆုအတွက်ဆုချီးမြှင့်ခြင်းဆိုင်ရာသတ်မှတ်ချက်များ၊ လိုအပ်ချက်များကိုသိရှိလိုက်နာ အလေးအနက်ထားလိုက်နာကျင့်သုံးကြရန် လိုအပ်ပါသည်။

နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အတူ ကမ္ဘာ့အလယ်တွင် လာရောက်လေ့လာလည်ပတ်စရာ အကောင်းဆုံးခရီးစဉ်ဒေသတစ်ခုဖြစ်လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံတကာခရီးသွားဧည့်သည်ပေါင်း ၃ ဒသမ ၀၈ သန်းကျော်ဝင်ရောက်လည်ပတ်ခဲ့ပြီး ယခု ၂၀၁၅ခုနှစ်တွင် ဧည့်သည် ငါးသန်းလာရောက်လည်ပတ်ရေးကို မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့နိုင်ငံတကာခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာခြင်း၊ နိုင်ငံသားများ၏ခရီးသွားခြင်းအလေ့အထများ တိုးပွားလာခြင်းတို့ကြောင့် ဟိုတယ်အခန်းလိုအပ်ချက်မှာလည်း သိသာစွာတိုးတက်လာခဲ့သည်။ ထိုကဲ့သို့အခြေအနေများနှင့် လိုက်လျောညီထွေစွာပင် ဟိုတယ်လုပ်ငန်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံလိုသော ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီစိစစ်ခွင့်ပြုပေးခြင်း၊ လုပ်ငန်းရှင်များအား ကူညီအားပေးခြင်းများကိုဆောင်ရွက်ပေးခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအထိ နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံသားပိုင် ဟိုတယ် ၁၁၇၃ လုံး၊ ပြည်ပနှင့်နိုင်ငံခြားဖက်စပ်ဟိုတယ်ငါးလုံး၊ နိုင်ငံပိုင်ငှားရမ်းဟိုတယ် ၂၁လုံးနှင့် ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဟိုတယ် ၂၆ လုံး စုစုပေါင်းဟိုတယ် ၁၁၂၅ လုံးကိုခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခရီးသွားလုပ်ငန်းပင်မစီမံကိန်း ၂၀၁၃- ၂၀၂၀ မဟာဗျူဟာအစီအစဉ်(၃)တွင်“ကမ္ဘာ့စီးပွားရေးဖိုရမ်ကလက်ခံအတည်ပြုလိုက်သော အချက်ဖြစ်သည့်စီမံကိန်းများရေးဆွဲရာတွင် ကမ္ဘာကြီး၏ ရာသီဥတု ပြောင်းလဲလာမှုကိုအလေးထားကြရန်နှင့်ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချစေရန်အတွက် သဘာဝသယံဇာတများကို အသုံးချမှုနည်းနိုင်သမျှနည်းစေသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးအစီအမံများကို ဆောင်ရွက်ရန်ဖြစ်သည်” ဟုဖော်ပြထားပြီး ထိုမဟာဗျူဟာပါ အဓိကရည်မှန်းချက်များတွင် “ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့်စပ်လျဉ်း၍ ခရီးသွားလုပ်ငန်းပိုင်းမှ လိုက်လျောညီထွေမှုရှိစေရန်မူများ၊ မဟာဗျူဟာ အစီအစဉ်များဖော်ထုတ်ရန်” ဟူ၍ အတိအလင်းပြဋ္ဌာန်းထားသည်။ ဟိုတယ်တည်ဆောက်ခွင့်များ၊ ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်များကိုခွင့်ပြုပေးရာတွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ထိန်းသိမ်းဒေသများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့၏ သဘောတူခွင့်ပြုချက်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ထိန်းသိမ်းဒေသများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့၏ သဘောတူခွင့်ပြုချက်တို့ဖြင့်သာ ကြပ်မတ်ခွင့်ပြုပေးလျက်ရှိသည်။

လူသားတို့မှီတင်းနေထိုင်ကြသောကမ္ဘာမြေတွင် လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့ အပြန်အလှန် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ သဟဇာတမျှတစွာယှဉ်တွဲရှင်သန်ရေးမှာ အသက်သွေးကြောပမာအရေးပါလှပါသည်။ လူသားတို့၏ပယောဂကြောင့် မလွှဲသာမရှောင်သာ ရင်ဆိုင်ကြုံတွေ့လာကြရသော သဘာဝဘေးအန္တရာယ်များကြောင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၊ အဖွဲ့အစည်းများနှင့်သာ သက်ဆိုင်သည်ဟူသောရှေးရိုးစွဲအမြင်များမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူသားအားလုံး၏အရေး ဖြစ်သည်ဟူသော တိုးတက်သည့်အမြင်သဘောတရားသို့ပြောင်းလဲလာပြီဖြစ်သည်။ သို့ဖြစ်ရာ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်နေသော ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့လုပ်ငန်းများကို ဆောင်ရွက်နေသည့်နည်းတူ တစ်ချိန်တည်းမှာပင် မွန်မြတ်လှသောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဟူသည့် ပရဟိတလုပ်ငန်းကိုလည်း ဆောင်ရွက်ရာရောက်သည့် အာဆီယံအစိမ်းရောင်ဟိုတယ်စံသတ်မှတ်ချက်များကို လိုက်နာကျင့်သုံးကြခြင်းဖြင့် အမိနိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသော၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကို ကူညီတားဆီးပေးသော၊ နိုင်ငံတကာလုပ်ငန်းကျင့်ဝတ်များကို လိုက်နာကျင့်သုံးသော တာဝန်သိဟိုတယ် တစ်နည်းအားဖြင့် အစိမ်းရောင်ဟိုတယ် (Green Hotel) များအဖြစ် ဂုဏ်ယူစွာရပ်တည်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ပြည်တွင်းပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား လေ့လာခွင့်ပြုမည်

**တာချီလိတ် စက်တင်ဘာ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံဧည့်ရိပ်သာ၌ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲကော်ရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ ပြည်ပ စောင့်ကြည့်လေ့လာရေးအဖွဲ့ သုံးဖွဲ့ဖြစ်သည့် Carter Centerr/EU/ANFREL အဖွဲ့များကို လာရောက်လေ့လာခွင့်ပြုထားသည့်ကိစ္စ၊ မဲစာရင်းမှန်ကန်ရေး၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ပေးရေးကိစ္စ၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ပတ်သက်၍ ပုံစံ(၁၅)များဖြင့် တောင်းဆိုခြင်း၊ ကပ်ထားကြေညာရမည့် ပုံစံ(၁-၁)၊ (၁-၂)၊ (၁-၃) ကိစ္စများဆွေးနွေးပြောကြားသည်။**(ယာပုံ)**

ထို့နောက် ရဟတ်ယာဉ်ဖြင့် တာချီလိတ်မြို့သို့ ရောက်ရှိပြီး နဂါးနှစ်ကောင်ကျောင်းတိုက် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ဒေါက်တာခမ္မသီရိအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည့် တာချီလိတ်ခရိုင်အတွင်း ပါတီရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာချီလိတ်ခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲကြီးကို လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပဆောင်ရွက်ပေးနိုင်ရေး ယခင် ရွေးကောက်ပွဲအတွေ့အကြုံများကို သုံးသပ်၍ မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် စီမံချက်ချဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် နှစ်စပိုင်းမှစ၍ မဲစာရင်းများကို လေးကြိမ်တိုင် ကပ်ထားကြေညာခဲ့ကြောင်း၊ နောက်ဆုံးမဲစာရင်း






များကို စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ ကပ်ထားပြီးဖြစ်ရာ မဲစာရင်းများ လာရောက်ကြည့်ရှုပြီး မဲစာရင်းအမှန်ရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများသာမက အုပ်ချုပ်ရေးအဖွဲ့များ၏ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ခဲ့ကြောင်း။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ပြည်တွင်း ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းလူမှုအဖွဲ့အစည်းများကို လေ့လာစောင့်ကြည့်ခွင့်ပြုမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များကို ကော်မရှင်အနေဖြင့် ဖိတ်ကြားလေ့လာစောင့်ကြည့်စေမည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများကိုလည်း လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၆) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ယိ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Wellhead Platform Installation, Intrafield Pipeline Installation, Hook-up and Commissioning လုပ်ငန်းများတွင် Barge "LANJIANG" Call (Sign: BFND), Barge "HAI YANG SHI YOU 289" (Call Sign: BFBC8), Barge "LANJING" (Call Sign: VREE4) နှင့် Accommodation Barge "PW NATUNA" (Call Sign: 3FJN3) တို့ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် (၅-၁၀-၂၀၁၅) ရက်မှ (၁၅-၅-၂၀၁၆) ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်-

| Location | Latitude | Longitude |
|---|---|---|
| WP4 | 14˚ 01' 34.048"N | 95˚ 49' 21.155"E |
| WP5 | 14˚ 24' 31.758"N | 96˚ 02' 02.463"E |
| WP6 | 14˚ 08' 28.674"N | 95˚ 51' 24.707"E |
| WP7 | 14˚ 10' 37.915"N | 96˚ 04' 48.037"E |

အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာများမှ လေးကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများ စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများအဆင့် ဆောင်းပါးပြိုင်ပွဲတွင် **ပညာရေးမြှင့်တင်မှုနှင့် ဆရာ၏ အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် ပထမဆုကို ရေနံချောင်းဒီဂရီကောလိပ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ဆွေဦး၊ ဒုတိယဆုကို မကွေးပညာရေးကောလိပ်မှ ကထိက ဦးခင်မောင်ကြင်၊ တတိယဆုကို ပဲခူးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာနွယ်နွယ်စိုး၊ အခြေခံပညာ အထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် **ပညာရေးမြှင့်တင်မှုနှင့် ဆရာ၏အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် ပထမဆုကို ဒဂုံမြို့သစ် (အရှေ့ပိုင်း) အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ် ဦးဝင်းလှိုင်၊ ဒုတိယဆုကို ဝမ်းတွင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သဖန်းမှ အထက်တန်းပြ ဦးချမ်းငြိမ်းစိုး၊ တတိယဆုကို ပဲခူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဒေါ်လွင်လွင်သန်း၊ အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် **ပညာရေးမြှင့်တင်မှုနှင့် ဆရာ၏အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် ပထမဆုကို အမရပူရမြို့နယ် အခြေခံပညာမူလတန်းကျောင်း(တလိုင်းစု)မှ အလယ်တန်းပြ ဒေါ်သီရိ၊ ဒုတိယဆုကို ပုဗ္ဗသီရိမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်ဌေးဌေးကြွယ်၊ တတိယဆုကို ပြင်ဦးလွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်ခင်ခင်မိုး၊ အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် **ပညာရေးမြှင့်တင်မှုနှင့် ဆရာ၏အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် ပထမဆုကို တွံတေးမြို့နယ် အခြေခံပညာ မူလတန်း(လွန်)ကျောင်း (၇)မှ မူလတန်းပြ ဒေါ်နန်းထိုက်အောင်၊ ဒုတိယဆုကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဒေါ်ခင်ဝင်း၊ တတိယဆုကို မိုင်းခတ်မြို့နယ် အိုက်လန်းကောင် အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဒေါ်တင့်တင့်ဝင်းတို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် **ဂုဏ်ယူလေးစားအားထားရသည့် မြတ်ဆရာ**ခေါင်းစဉ်ဖြင့် ပထမဆုကို စစ်ကိုင်းပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မအိမ့်နဒီအောင်၊ ဒုတိယဆုကို မုံရွာပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ် သင်တန်းသူ မမြတ်ပိုပိုကျော်၊ တတိယဆုကို ပြည်မြို့ ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မဆွေဇင်ဖြိုး၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် **တန်ဖိုးရှိလှဆရာ့ဘဝ** ခေါင်းစဉ်ဖြင့် ပထမဆုကို မုဒုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မနိုနိုယွန်း၊ ဒုတိယဆုကို ကျုံပျော်မြို့နယ် အထောင် အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မအိရွှေရည်၊ တတိယဆုကို ပဲခူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မခိုင်ဝါထွန်း၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် **တန်ဖိုးရှိလှဆရာ့ဘဝ** ခေါင်းစဉ်ဖြင့် ပထမဆုကို မုဒုံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဟန်မီစံ၊ ဒုတိယဆုကို လေ့ကျင့်ရေးအလယ်တန်းကျောင်း စစ်ကိုင်းပညာရေးကောလိပ်မှ ဆဋ္ဌမတန်းကျောင်းသူ မမေမွန်သိန်း၊ တတိယဆုကို ပြည်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအေးမြတ်ရွှေရည်မင်း၊ ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲတွင် **ဘက်စုံထူးချွန် ဆရာမွန်** ခေါင်းစဉ်ဖြင့် ပထမဆုကို ဘိုကလေးပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ် သင်တန်းသူ မအေးမီမင်း၊ ဒုတိယဆုကို မကွေးပညာရေးကောလိပ် PPTT(၂/၁၅) မှ ဒုတိယနှစ်သင်တန်းသား မောင်စိုင်းဟေမာန်ထွန်း၊ တတိယဆုကို ဘားအံပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ် သင်တန်းသူ မနွေဦးဝေ၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် **အမြတ်နိုးဆုံးဆရာ** ခေါင်းစဉ်ဖြင့် ပထမဆုကို မြိတ်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ကောင်းဆက်ဟိဏ်း၊ ဒုတိယဆုကို စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မသင်းသင်းဝေ၊ တတိယဆုကို ကော့ကရိတ်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မခင်ကြွယ်ကြွယ်ဌေး၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် **အမြတ်နိုးဆုံးဆရာ**ခေါင်းစဉ်ဖြင့် ပထမဆုကို မြဝတီမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်စွမ်းသူရ၊ ဒုတိယဆုကို ပြည်မြို့ အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်း ကျောင်းသူ မယွန်းရတီမြတ်၊ တတိယဆုကို စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသန့်ကြည်ဖြူတို့က ရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် **အောက်တိုဘာ ၃ ရက်တွင် အစမ်းလေ့ကျင့်ရမည်ဖြစ်၍ အောက်တိုဘာ ၂ ရက် (သောကြာနေ့) အရောက်** ဦးစိုးဝင်း နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၀၂၅၁၃၅၄၉၊ ဦးဟန်ဝင်း လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၉၂၂၁၄၀၀ ထံသို့ မပျက်မကွက်ရောက်ရှိကြောင်း သတင်းပို့ပြီး **နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် လူကိုယ်တိုင်ရောက်ရှိ (မပျက်မကွက်) တည်းခိုနေထိုင်ကြရမည်**ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးရွာနေပြည်သူများအား မြေငှားဂရန်များထုတ်ပေး

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တာဝရေတံခါးကျေးရွာအုပ်စု တာဝကုန်းတန်းကျေးရွာတွင် ကျေးရွာမြေများ မြေငှားဂရန်ပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက်က ဝေဠုဝန်ကျောင်းတိုက်အတွင်း ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ပဲခူးခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွဋ်က ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ပြောကြားပြီးနောက် မြေငှားဂရန်စာချုပ်ကို ကျေးရွာပြည်သူများထံ ပေးအပ်သည်။ အခမ်းအနားသို့ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျေးရွာနေပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ပြီး ကျေးရွာမြေငှားဂရန် ၅၄ စောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

**ပြန်လည်ထူထောင်ရေး**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ




**နေပြည်တော်　စက်တင်ဘာ　၃၀**

၂၀၁၅ ခုနှစ် ဇွန်လမှသြဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ KASIKORNBANK Public Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် Park Royal ဟိုတယ်၌ ပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့အပြင် JFE Engineering Corporation က အမေရိကန်ဒေါ်လာ ၂၀၀၀၊ Export-Import Bank of India (YGN Rep: Office)က အမေရိကန်ဒေါ်လာ ၅၀၀၊ Bank of India က အမေရိကန်ဒေါ်လာ ၅၀၀၊ Co-operative Bank Ltd (Bank of India) က အမေရိကန်ဒေါ်လာ ၅၀၀ နှင့် Curtis Fox PP-485329302 Manager Cruises and Corporate Accounts Destination Asia က အမေရိကန်ဒေါ်လာ ၂၀၀၀ ကို နိုင်ငံခြားအလှူငွေစာရင်းအမှတ်(1DA-0300086)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ငွေကျပ် ၄၁၀၀၀၀ လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အလှူငွေစုစုပေါင်းမှာ ၇၉၉၉၄၁၃၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၁၉၀၇၂၀ ဒသမ ၈၀၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရေကြီးရေလျှံခဲ့သော ကျေးရွာများ၌ ကလေးပျော်နေရာများ ပြုလုပ်လျက်ရှိ

**ကောလင်း　စက်တင်ဘာ　၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ရေကြီးရေလျှံခဲ့သော ကျေးရွာများတွင် ကလေးပျော်နေရာများ ပြုလုပ်လျက်ရှိသည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်သည် စက်တင်ဘာ ၂၉ ရက်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့ ပူးပေါင်း၍ ကလေးပျော်နေရာပြုလုပ်နေသော ရေကန်သာကျေးရွာသို့ သွားရောက်ကာ ကလေးများအား ပုံပြောခြင်း၊ ပုံဆွဲခြင်း၊ ပုံများအား ဆေးခြယ်ခြင်းတို့ ပြုလုပ်နေမှုကို ကြည့်ရှုအားပေးပြီး ကလေးများအား ပုံဆွဲစာအုပ်များနှင့် ရောင်စုံခဲတံများကို ပေးအပ်ခဲ့သည်။ ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာနက အမျိုးသမီးများအား နှစ်သိမ့်ပညာပေးဆွေးနွေးနေမှုကိုလည်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

# သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျော့နည်းနိုင်ရန် သထုံတွင် စုပေါင်းဇာတ်တိုက်လေ့ကျင့်

**သထုံ　စက်တင်ဘာ　၃၀**

သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိခိုက်မှုလျော့နည်းနိုင်စေရန်နှင့် ဘေးမဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက်တွင် စနစ်တကျဖြင့် လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်အတွက် သထုံမြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီမှ တာဝန်ရှိသူများသည် ဈေးမသွယ်(အထက်)ကျေးရွာတွင် စက်တင်ဘာ ၂၉ ရက်က ဒေသခံများနှင့်အတူ သဘာဝဘေးကြောင့် ထိခိုက်မှုလျော့နည်းနိုင်ရေးဇာတ်တိုက် လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

"ခုလို လက်တွေ့သရုပ်တူအောင် လေ့ကျင့်လိုက်တော့ ရေဘေးဖြစ်ရင် ဘာကိုအရင်ဆုံး လုပ်ရမယ်ဆိုတာ ရှင်းရှင်းလင်းလင်း သဘောပေါက်သွားတယ်။ ဒါ့အပြင် သက်ကြီးရွယ်အိုတွေ၊ နာမကျန်းဖြစ်သူတွေ၊ မသန်စွမ်းသူတွေ စတဲ့ ထိခိုက်လွယ်တဲ့အုပ်စုတွေကိုလည်း ထည့်သွင်းစဉ်းစားပြီး ဘယ်လိုကူညီ ကယ်ဆယ်မလဲဆိုတာ နားလည်သွားတယ်။ ကျွန်မတို့ ကျေးရွာဟာ ဒုံသမိချောင်းဘေးမှာ ရှိတာဖြစ်လို့ ရေဘေးအတွက် ခုလိုလာပြီးပညာပေးတာ ပိုပြီးသဘောကျပါတယ်"ဟု အဆိုပါကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ယင်းအခမ်းအနားတွင် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာ၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းနှင့် တာဝန်ရှိသူတို့က သဘာဝဘေးနှင့်သက်ဆိုင်သည့် သိမှတ်ဖွယ်ရာများနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ကျေးရွာနေပြည်သူ ၁၅၀ ကျော်နှင့်အတူ ရေလွှမ်းမိုးခြင်းခံရပါက ပြုလုပ်ရမည့်အချက်များကို ကဏ္ဍအလိုက် ပျော်ရွှင်စွာ သရုပ်ပြသဇာတ်တိုက် လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**



သြဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပျက်စီးခဲ့သော မိုင်းတုံ-မိုင်းဆတ်လမ်းအတွင်း တံတားအမှတ်(၁/၁၅၆) ပေ ၉၀ ဘေလီတံတားဆောင်ရွက်ပြီးစီး၍ ယာဉ်များ ဖြတ်သန်းနေစဉ်။

(ဆောက်လုပ်ရေး)



ဇူလိုင်နှင့်သြဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပျက်စီးခဲ့သော သီပေါ-နမ္မတူလမ်းပေါ်ရှိ နမ့်ပေါ့တံတား ပေ ၁၈၀ ဘေလီပေါင်များ တပ်ဆင်ပြီးစီး၍ ယာဉ်များ ဖြတ်သန်းနေစဉ်။

(ဆောက်လုပ်ရေး)

**ပြည်တွင်းရေးရာ**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ၊ အဖွဲ့အစည်းများက အလှူငွေများ လှူဒါန်းလျက်ရှိ

**နေပြည်တော်　စက်တင်ဘာ　၃၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီသို့ နိုင်ငံ၊ အဖွဲ့အစည်းများက အလှူငွေများ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ နေထိုင်သည့် Mr. Valenciennes က ယူရို ၃၀၀ အား လှူဒါန်းခဲ့သည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် သံရုံးမိသားစုဝင်များက အဝတ်အထည်များကိုလှူဒါန်းခဲ့ပြီး ရေဘေးသင့်ဒေသများရှိ ပျက်စီးသွားသောကျောင်းများ ပြန်လည်ပြင်ဆင်၊ မွမ်းမံတည်ဆောက်ရန်အတွက် ဂျပန်အစိုးရမှ လှူဒါန်းမည့် ဂျပန်ယန်းငွေ ၅ ဘီလီယံ (ခန့်မှန်းအမေရိကန်ဒေါ်လာ သန်း ၄၀)ကို လွှဲပြောင်းလက်ခံနိုင်ရေး မြန်မာသံရုံး တိုကျိုမြို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှကြီးမှူး၍ မြန်မာ-တရုတ် ချစ်ကြည်ရေး အသင်းနှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် Support Myanmar ရန်ပုံငွေရှာဖွေပွဲမှ လက်ခံရရှိသည့်လှူဒါန်းငွေများကို ဆက်လက်လွှဲပြောင်းသွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သိရသည်။

**(သတင်းစဉ်)**

## မော်တော်ဆိုင်ကယ်ချစ်သူများအဖွဲ့ ရေဘေးသင့်ဒေသများကူညီရန် ရန်ပုံငွေရှာ

**ပခုက္ကူ　စက်တင်ဘာ　၃၀**

မြန်မာနိုင်ငံအတွင်း ရေကြီးမှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသည့်ဒေသများကို ကူညီရန် မော်တော်ဆိုင်ကယ်ချစ်သူများအဖွဲ့က Charity For Myanmar Flood Victims အမည်ဖြင့် ရန်ပုံငွေရှာဖွေလျက်ရှိရာ စက်တင်ဘာ ၂၉ရက် ည၈ နာရီက ပခုက္ကူမြို့သို့ဖြတ်သန်းရောက်ရှိသည်။

အဆိုပါအဖွဲ့သည် အွန်လိုင်းမှတစ်ဆင့် ဆိုင်ကယ်ချစ်သူများအား အလှူခံခြင်း၊ ဆိုင်ကယ်စီး၍ ဆိုင်ကယ်လိုဂိုအမှတ်အသားပါ အင်္ကျီကိုရောင်းချခြင်းမျိုးမဟုတ်ဘဲ စေတနာအရ အလှူငွေထည့်ဝင်စေခြင်းဖြင့် ရန်ပုံငွေရှာဖွေလျက်ရှိကြောင်း အလှူငွေကျပ် ၃၀၀၀၀ လှူဒါန်းသူ ပခုက္ကူမြို့မှ ကိုမြတ်စိုးက ပြောသည်။

ယခုရောက်ရှိလာသောအဖွဲ့တွင် အဖွဲ့ဝင်သုံးဦးပါဝင်ပြီး ရန်ကုန်၊ မော်ဘီမှ စတင်ထွက်ခွာ၍ မန္တလေး၊ မုံရွာ၊ ပခုက္ကူ ပုဂံညောင်ဦး၊ မကွေး၊ ပြည်စသည့်မြို့များသို့ ဖြတ်သန်းမောင်းနှင်လျက်ရှိပြီး ရရှိလာသည့် ရန်ပုံငွေကို ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးတွင် ပါဝင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(မြန်/ဆက်)**

## လိုအပ်ချက်

ချစ်မိတ်ဆွေရေ. . .
ဘဝတွေရ လူလုလုဖြစ်
မှန်စွစစ်ကာ လူသားပါဟု
ရဲစွာပြောရေး အတ္တသွေဖည်
မနေးအများ အကျိုးဆောင်ရမယ်. . .။
ချစ်မိတ်ဆွေရေ. . .
ဆန္ဒတွေထဲ အတ္တစွဲက
အလွဲမှားလမ်း လက်ဆင့်ကမ်းရှာ
ပင်ပန်းကာမော ဒုက္ခတောလယ်
အပြောကြွယ်လည်း ယို့ယွင်းဆဲဖြစ်
အလွဲသစ်နဲ့ ညံ့တတ်တယ်. . .။
ချစ်မိတ်ဆွေရေ. . .
အသက်ရှင်ကြ ခုကာလမှာ
ကိုယ်ကယုံကြည် စွဲမြဲတည်စွာ
ကိုယ်သည်လည်းနေ ကိုယ့်ရဲ့ မြေထက်
မသွေတူနေ တိုင်းရင်းဆွေအား
အနေမနား ကူကာထားရင်း
လက်များတွဲလျက် မြဲမြံချက်ဖြင့်
ဆက်လက်ညီညွတ်နေရမယ်. . .။

သရက်တန်းစိုးငွေ (မြစ်ငယ်)

## မြန်မာနိုင်ငံတွင် တာဝန်သိခရီးသွားလုပ်ငန်းနှင့် လူ့အခွင့်အရေးများဆီသို့ ချဉ်းကပ်လမ်းစဉ်များ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ The Lake Garden Hotel ၌ ကျင်းပသည့် **"မြန်မာနိုင်ငံတွင် တာဝန်သိခရီးသွားလုပ်ငန်းနှင့် လူ့အခွင့်အရေးများဆီသို့ ချဉ်းကပ်လမ်းစဉ်များ"** ဆိုင်ရာ နယ်ပယ်အသီးသီးမှ အကျိုးလိုလားသည့် သက်ဆိုင်သူများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုအခါ၌ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ကောင်းကျိုး၊ ဆိုးကျိုးများသည်လည်း ဒွန်တွဲ၍ပေါ်ပေါက်စမြဲဖြစ်ပါကြောင်း၊ ဆိုးကျိုးသက်ရောက်မှုများတွင် ခရီးသွားလုပ်ငန်းကဏ္ဍ၌ ပါဝင်သည့် လူမှုအဖွဲ့အစည်းများ အနေနှင့် ဆုံးရှုံးနစ်နာမှုများရှိတတ်ရာ အဆိုပါ ဆိုးကျိုးများမခံစားရအောင် လိုအပ်သည်များကိုကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဆွေးနွေးဖော်ထုတ်ကြရန်နှင့် တက်ရောက်လာသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက မိမိတို့အတွေ့အကြုံဗဟုသုတများအပေါ် အခြေခံ၍ ရလဒ်ကောင်းများ ပေါ်ထွက်အောင်ဆွေးနွေးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် Hilton Hotel ရှိ ဟိုတယ်ဆိုင်ရာ အသက်မွေးမှုသင်တန်းကျောင်းတွင် ကျင်းပသည့် ဟိုတယ်သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ U Hilton Group မှ အမှုဆောင်အရာရှိချုပ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်း နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းများမှာ (၂)နှစ်သင်တန်းဖြစ်ပြီး အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာချက်ပြုတ်ရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် မုန့်ထုတ်လုပ်နည်းပညာ ဘာသာရပ်များပါဝင်ပြီး သင်တန်းသား စုစုပေါင်း ၄၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းပြီးဆုံး အောင်မြင်ပါက ဒီပလိုမာလက်မှတ်များ ပေးအပ်ချီးမြှင့်မည်ဖြစ်ကာ ကမ္ဘာ့နေရာဒေသအသီးသီးရှိ Hilton Hotel များတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် ပဥ္စမအကြိမ်မြောက် ကျောက်ကပ်အစားထိုး လဲလှယ်ကုသမှုအောင်မြင်

**မန္တလေး　စက်တင်ဘာ　၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ယနေ့မွန်းလွဲ ၁၂နာရီခွဲက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုဌာနတွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူသည့် လူနာများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ယနေ့နံနက် ၈နာရီခွဲက ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ခန်း၌ ကျောက်ကပ်အလှူရှင် မနွေမိုမိုထွန်း (၂၀)နှစ် ညောင်ခြောက်ပင်ရပ်ကွက် ကျောက်ဆည်မြို့က ကျောက်ကပ်ပျက်စီး၍ ဆေးကုသနေသည့် အစ်ကိုဖြစ်သူ ကိုရဲကိုကိုနောင်အား ၎င်း၏ကျောက်ကပ်နှင့် အစားထိုးခွဲစိတ်လဲလှယ်နိုင်ခဲ့သည်။

ခွဲစိတ်ကုသမှုအား နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့အထွေထွေရောဂါကု ဆေးရုံကြီး ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါ ခွဲစိတ်ကုဌာန ကျောက်ကပ်ခွဲစိတ် ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမင်းသူ၊ ကျောက်ကပ်ဆေးကုဌာန ဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်၊ နှလုံးနှင့်သွေးကြောခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ထွေးတို့ကခွဲစိတ်ပြီး အထက်မြန်မာပြည်ဆေးရုံကြီးများကွပ်ကဲရေးမှူး ဒေါက်တာမောင်ဝင်း၊ မန္တလေးအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးတို့က ဆောင်ရွက်ခဲ့ကြသည်။

ယခုကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းသည် ပဉ္စမအကြိမ် အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ပထမအကြိမ် လူနာ(၂)တွဲ၊ ၂၀၀၂ ခုနှစ်တွင် ဒုတိယအကြိမ် လူနာ(၂)တွဲ၊ ၂၀၀၄ ခုနစ်တွင် တတိယအကြိမ် လူနာ(၃)တွဲ၊ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် လူနာ(၁)တွဲ၊ ယခုပဉ္စမအကြိမ် လူနာ(၁)တွဲ စုစုပေါင်း လူနာ(၉)တွဲ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီး ဖြစ်သည်။

အဆိုပါခွဲစိတ်ကုသမှုတွင် မေ့ဆေးဆရာဝန်ကြီး ဒေါက်တာအာယု၊ ရောဂါဗေဒပါမောက္ခ ဒေါက်တာဌေးလှ၊ သွေးလှူဘဏ် တာဝန်ခံ ဒေါက်တာခင်မြတ်မွန်၊ ဓာတ်မှန်ဆရာဝန်ကြီး ပါမောက္ခ ဌာနမှူး ဒေါက်တာတင်တင်ခိုင်တို့ ပါဝင်ဆောင်ရွက်ပြီး ရန်ကုန်မှ ကျောက်ကပ်အထူးကု ခွဲစိတ်ဆရာဝန်ကြီး ဆေးတက္ကသိုလ် (၁) ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာတိုးလွင်နှင့် မေ့ဆေးအထူးကု ပါမောက္ခ ဌာနမှူး ဒေါက်တာကြည်ကြည်စန်းတို့ကလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သန်းဇော်မင်း(မြန်/ဆက်)**

## အောက်တိုဘာလပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာလ ပထမ (၁၀) ရက်ပတ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

**မိုးရွာရက်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၀ရက်မှ ၁၄ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁၅ရက်မှ ၁၉ ရက်ခန့်ရွာသွန်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

# ဘရူနိုင်းကို ဂိုးပြတ်သွင်းပြီး မြန်မာအသင်း နိုင်ပွဲရယူ

**ရန်ကုန် စက်တင်ဘာ ၃၀**

အာရှယူ-၁၉ ခြေစစ်ပွဲ အုပ်စု(G) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားသည်။

**မြန်မာ-လေးဂိုး**
**ဘရူနိုင်း-ဂိုးမရှိ**

အိမ်ရှင်မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲစဉ်၌ ပုံစံကောင်းပြသပြီး ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ အနိုင်သုံးမှတ် စတင်ရယူနိုင်ခဲ့သည်။ ကစားပုံအားနည်းသည့် ဘရူနိုင်းအသင်းကြောင့်လည်း မြန်မာအသင်းစိတ်ကြိုက်ကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲကို အာရှဘောလုံး အဖွဲ့ချုပ်၏ ကွင်းပိတ်ပြစ်ဒဏ်ကြောင့် ပရိသတ်မပါဘဲကစားခဲ့ရသော်လည်း အိမ်ရှင်မြန်မာတို့ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ယခုပွဲတွင် လူမစုံနိုင်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ဒဏ်ရာရရှိနေသည့် အသင်းခေါင်းဆောင် ရဲရင့်အောင်နှင့် နောက်ခံလူ စိုးမိုးထွန်းတို့ အပါအဝင် လူစုံခဲ့သည်။ ဘရူနိုင်းအသင်းက ခံစစ်အသားပေးကစားသောကြောင့် မြန်မာအသင်း ပွဲစကတည်းက တစ်ဖက်သတ်ဖိကစားနိုင်ခဲ့ပြီး ခုနစ်မိနစ်တွင် ပင်နယ်တီကန်ခွင့်ရရှိခဲ့သည်။ ရွှေကိုကြောင့်ရရှိသည့် ပင်နယ်တီကို ကွင်းလယ်လူ ဇင်ဖြိုးအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း စိတ်ကြိုက်ဖိကစားသွားပြီး ၂၆ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ရဲရင့်အောင်က ဒုတိယဂိုး၊ ၂၈ မိနစ်တွင် ထူးခန့်လွင်က တတိယဂိုးတို့ကို သွင်းယူခဲ့သည်။

ဒုတိယပိုင်းအစတွင် မြန်မာအသင်း ဂိုးထပ်ရခဲ့ပြီး တိုက်စစ်မှူး အောင်ဇင်ဖြိုးက နောက်ခံလူများကို ကျော်ကာ သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဆက်လက်ဖိကစားနိုင်သော်လည်း ဂိုးထပ်မံမသွင်းနိုင်တော့ပေ။ မြန်မာအသင်း၏ ခြေစွမ်းမှာ ယခင်ကထက် တိုးတက်မှုများရှိလာသော်လည်း တစ်ဦးချင်းထိုးဖောက်မှုများနေ၍ တိုက်စစ်ဆင်မှုအချို့မှာ ထိရောက်မှုမရှိခဲ့ပေ။

ယခုပွဲအပြီးတွင် တီမောအသင်းက နှစ်ပွဲကစားတစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ မြန်မာနှင့်ဗီယက်နမ်အသင်းတို့က တစ်ပွဲကစားတစ်ပွဲနိုင် သုံးမှတ်စီ၊ ဟောင်ကောင်အသင်းက နှစ်ပွဲကစား၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်တို့ ရရှိထားပြီး ဘရူနိုင်းအသင်းမှာ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပထမပွဲစဉ်တွင် တီမောအသင်းနှင့် ဟောင်ကောင်အသင်းတို့ ဂိုးမရှိသရေကျသွားသည်။ ဟောင်ကောင်အသင်းမှာ နိုင်ပွဲစတင်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး တီမောအသင်းမှာလည်း နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်မည့် အခွင့်အရေးလက်လွတ်ခဲ့ရသည်။

တတိယနေ့ ပွဲစဉ်များကို အောက်တိုဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃နာရီခွဲတွင် ဗီယက်နမ်နှင့် ဘရူနိုင်း၊ ညနေ ၆နာရီခွဲတွင် မြန်မာနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**



ရန်ကုန်နှင့် ကမ္ဘောဇတို့ ယှဉ်ပြိုင်နေစဉ်။

# ရန်ကုန်ဆေးရုံကြီးအတွင်းရှိ စားသောက်ဆိုင်များအား ငှားရမ်းခယူမထားကြောင်း ဆေးရုံအုပ်ကြီးဆို

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်းရှိ စားသောက်ဆိုင်များအား ငှားရမ်းခအခကြေးငွေမယူဘဲ ရောင်းချခွင့်ပေးထားကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုက ပြောသည်။

"ဆိုင်ခန်းငှားရမ်းခက Free ပါ။ လူနာတွေ သက်သာချောင်ချိစွာ စားသောက်နိုင်ဖို့အတွက်ပါ။ သူတို့ရောင်းတဲ့ ဈေးနှုန်းကလည်း ကျပ် ၅၀၀ လောက်ဆိုစားလို့ရတဲ့အနေအထားမျိုးဖြစ်တယ်"ဟု ဒေါက်တာအေးကိုကိုက ပြောသည်။

အဆိုပါ ဆိုင်ခန်းများကို အစိုးရဘတ်ဂျက်ထဲမှ ကျပ်သိန်း ၅၀၀ အကုန်အကျခံ၍ ဆောက်လုပ်ပေးထားကြောင်းကိုလည်း ၎င်းက ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဥပစာတွင် ဈေးဆိုင်များနှင့် မြင်၍မကောင်းအောင်ဖြစ်နေသောကြောင့် ဆိုင်ခန်းများဆောက်ပေးပြီး ယခင်ကတည်းက ရောင်းချသူများကို စနစ်တကျမဲနှိုက်စနစ်ဖြင့် နေရာပြန်လည်ချထားပေးခဲ့ကြောင်း သိရသည်။



"အရင်ဆိုင်တွေက မြင်လို့မကောင်းအောင် ရှိနေတာပါ။ သူတို့ရောင်းတယ်။ အဲဒီမှာပဲနေကြ၊ စားကြ၊ အိပ်ကြတာပါ။ အခု ဒီမှာတော့ အစားအသောက်တွေချက်လို့မရဘူး။ သူတို့ တခြားနေရာကချက်လာပြီး ဒီမှာ ပြန်နွေးတဲ့စနစ်ကျင့်သုံးတယ်" လို့ ၎င်းကဆက်လက် ပြောသည်။

"ဆိုင်ခန်းခတော့ မပေးရဘူး။ မနက် ၅ နာရီကနေခွင့်ပြုပေးပြီးတော့ ည ၈ နာရီနောက်ဆုံးထားပြီး ပိတ်ပေးရတယ်"ဟု စေတနာထမင်းဆိုင်မှ ဦးညီမောင်ကပြောသည်။

ဒါ့ပြင် အစားအစာများ သန့်ရှင်းသပ်ရပ်စွာ ဖုံးအုပ်ရောင်းချရန်နှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရန် ကြီးကြပ်မှု ကော်မတီဖွဲ့ထားကာ စည်းကမ်းဖောက်ဖျက်ပါကလည်း ခေါ်ယူသတိပေးကြောင်း သိရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း ဈေးဆိုင်ခန်းပေါင်း ၇၁ ဆိုင်ကို ဆောက်လုပ်ပေးထားကြောင်း သိရသည်။

**(သတင်း -သီရိ၊ ဓာတ်ပုံ-ဇေယျာဝင်း)**

ဝဝဝ

# ရန်ကုန်၊ ဇွဲကပင်နှင့် ရခိုင်အသင်းတို့ နိုင်ပွဲရ

**ရန်ကုန် စက်တင်ဘာ ၃၀**

၂၀၁၅ MNL အမှတ်ပေးပြိုင်ပွဲ၏ ရွှေ့ဆိုင်းထားသည့် ပွဲစဉ်(၁၆) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရန်ကုန်၊ ဇွဲကပင်နှင့် ရခိုင်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

**(YUSC)ကွင်း**

ရန်ကုန်-နှစ်ဂိုး
ကမ္ဘောဇ-ဂိုးမရှိ

နည်းပြသစ် ဦးတင်မောင်ထွန်း လက်ထက် ပထဆုံးနိုင်ပွဲနှင့်အတူ ရန်ကုန်အသင်းမှာ အိမ်ကွင်းရှုံးပွဲဆက်နေမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ကမ္ဘောဇအသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြကစားနိုင်ခြင်းမရှိဘဲ အဝေးကွင်း နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သည်။ နိုင်ပွဲရယူနိုင်ခဲ့သည့် ရန်ကုန်အသင်းမှာ ချန်ပီယံဆုရယူနိုင်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာသော်လည်း ပထမပိုင်းကစားပုံမှာ အားရဖွယ်မရှိပေ။ အိမ်ရှင်ရန်ကုန်အသင်းမှာ ဖိကစားနိုင်ခဲ့သော်လည်း ထိရောက်သည့် ဖိအားပေးမှု မပြုလုပ်နိုင်ခဲ့ပေ။ ၁၅ မိနစ်တွင် တိုက်စစ်မှူးကျော်ကိုကို၏ တစ်ကိုယ်တော်အစွမ်းဖြင့် ရန်ကုန်အသင်း ဂိုးစရခဲ့သည်။ ရန်ကုန်အသင်းမှာ ဂိုးရပြီးနောက်ပိုင်းတွင် ပွဲကို ထိန်းကစားသွား၍ ပထမပိုင်းအပြီးထိ ပွဲမှာ ပြိုင်ဆိုင်မှုမရှိခဲ့ပေ။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်အားမြှင့်လာ၍ ပွဲမှာ အပြန်အလှန်ရှိလာခဲ့သည်။ ရန်ကုန်အတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၆၉ မိနစ်တွင် ဆီဇာက သွင်းယူခဲ့သည်။

အခြားပွဲစဉ်များတွင် ဇွဲကပင်အသင်းက နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရခိုင်အသင်းက ချင်းယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရရှိပြီး ဇေယျာရွှေမြေအသင်းနှင့် မကွေးအသင်းတို့ တစ်ဂိုးစီ သရေကျသွားသည်။

**ယနေ့ပွဲ**
**(ဗထူးကွင်း)**
ရတနာပုံ-ဧရာဝတီ

**သတင်းနှင့် ဓာတ်ပုံ-ချစ်ကိုကို**

# အား/ကာသိပ္ပံ(ရန်ကုန်) ဘောလုံးပြိုင်ပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုစေရန်နှင့် ကစားသမားများ အတွေ့အကြုံကောင်းများရရှိစေရန် အား/ကာသိပ္ပံကျောင်း(ရန်ကုန်)နှင့် Sunlife တို့ ပူးပေါင်းကျင်းပသည့် Sunlife Cup ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ အား/ကာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး Sunlife ကုမ္ပဏီမှ ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်က စတင်ကျင်းပလျက်ရှိပြီး အောက်တိုဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကာ အသင်းခြောက်သင်း ယှဉ်ပြိုင်လျက်ရှိသည်။ အုပ်စုပွဲစဉ်များမှာ စက်တင်ဘာ ၃၀ ရက်က ပြီးဆုံးခဲ့ပြီး အောက်တိုဘာ ၂ ရက်၊ ၃ ရက်တို့တွင် ဆီမီးပွဲစဉ်၊ အောက်တိုဘာ ၄ ရက်တွင် တတိယနေရာလုပွဲ၊ အောက်တိုဘာ ၅ ရက်တွင် ဗိုလ်လုပွဲတို့ ကျင်းပမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

ပြည်တွင်းရေးရာ

# ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော်　　စက်တင်ဘာ　　၃၀**

၂၀၁၅-၂၀၁၆ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၃၃ ဒသမ ၀၉ သန်း၊နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၀၈ ဒသမ ၅၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၁ ဒသမ ၅၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၀ဒသမ ၉၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၈၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၂၅၉ ဒသမ ၇၇ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဩဂုတ်လအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၈ ဒသမ ၁၈ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၃၅ ဒသမ ၉၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆၈ ဒသမ ၀၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၀၃ ဒသမ ၉၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇၅၁ ဒသမ ၇၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၆ ဒသမ ၅၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇၉၈ ဒသမ ၂၈ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၄၀၂ ဒသမ ၂၅ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၁၉၄ ဒသမ ၃၁သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။

**(သတင်းစဉ်)**

# (၅၁)နှစ်မြောက်ရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြု မုံရွာပြည်သူ့ဆေးရုံကြီးတွင် သွေးထပ်မံလှူဒါန်း



**မုံရွာ စက်တင်ဘာ ၃၀**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံးအောက်ရှိ အမှတ်(၉) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ အဖွဲ့ခွဲမှူး ရဲမှူးကြီး အုန်းကျော်နှင့် အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဝဏ္ဏတို့ ဦးစီးပြီး ရဲတပ်ဖွဲ့ဝင်အရာရှိနှင့် အခြားအဆင့် ၇၃ ဦးတို့သည် စက်တင်ဘာ ၃၀ ရက်က မုံရွာပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ဒုတိယအကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။

ထို့အပြင် အဆိုပါ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ယင်းမာပင်ခရိုင် ကံကုန်းတိုက်နယ်ဆေးရုံဝင်းအတွင်း သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# လင်မယားချင်းစကားများစဉ် တုတ်ဖြင့်ရိုက်၍ သေဆုံး

**နေပြည်တော်　　စက်တင်ဘာ　　၃၀**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ကျောက်တောကျေးရွာနေ မျက်ချင်းနု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းသည် နေအိမ်၌ရှိနေစဉ် စက်တင်ဘာ ၂၈ ရက်က ၎င်းကျေးရွာနေ ဒေါ်နု(၅၁)နှစ်နှင့် ဦးညွန့်မောင်(၅၈)နှစ်တို့ လင်မယားချင်း စကားများနေကြောင်းသိရ၍ သွားရောက်ကြည့်ရှုရာ ဦးညွန့်မောင်မှာ ဒဏ်ရာများဖြင့် သတိလစ်နေသည်ကိုတွေ့ရှိရသည်။ မေးမြန်းချက်အရ ဦးညွန့်မောင်သည် ဒေါ်နုထံ အရက်ဖိုးတောင်းစဉ် လင်မယားချင်း စကားများကြရာ ဦးညွန့်မောင်က ထင်းချောင်းဖြင့် ရိုက်ရန်ပြင်ရာ ဒေါ်နုက ထင်းချောင်းအား လုယူပြီး ပြန်လည်ရိုက်နှက်ခဲ့သဖြင့် ဦးညွန့်မောင်တွင် ဒဏ်ရာများရှိခဲ့ကြောင်း သိရှိရသဖြင့် အရေးယူပေးရန်တိုင်တန်းရာ နောင်ချိုမြို့မရဲစခန်းက(ပ)၁၀၀/ ၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၂၅ ဖြင့် အမှုဖွင့်စစ်ဆေး နေစဉ် ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ဦးညွန့်မောင်မှာ သေဆုံးသွားသဖြင့် ပြစ်မှုပုဒ်မ ၃၀၂ သို့ ပြောင်းလဲအရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

**တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ**

# ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆု ပထမဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

**ရန်ကုန်　　စက်တင်ဘာ　　၃၀**

၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ပထမဆုရရှိသော စာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါ စာအုပ်များမှာ စာပဒေသာ ပထမဆုရ မင်းသျှင်အောင်(တွံတေး)၏"ရာဇဝင်ဇာတ်ပို့ဒလခံတပ်မြို့"(ရောင်းဈေးကျပ် ၁၀၀၀)၊ ဝတ္ထုရှည်ပထမဆုရ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၏ "အများအားဖြင့် တစ်ပြည်လုံးတွင် သာယာမည်" (ရောင်းဈေး ကျပ် ၉၀၀)၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ သုတိဩဘာ(ဆင်ပေါင်ဝဲ)၏ "တောင်တစ်ခုကိုတက်ခြင်းနှင့် ဝတ္ထုတိုများ" (ရောင်းဈေး ကျပ် ၆၀၀)၊ ကလေးစာပေ ပထမဆုရ ကန့်ဘလူခင်မောင်ဆွေ၏ "ပွင့်ဖူးငုံကလေးကဗျာများ"(ရောင်းဈေး ကျပ်၈၀၀)တို့ဖြစ်သည်။

အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ အမှတ်(၁၅၉) (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝေါမြို့နယ် ရှမ်းစုကျေးရွာတွင် ကျေးရွာမြေများ မြေငှားဂရန်ပေးအပ်

**ဝေါ　　စက်တင်ဘာ　　၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ရှမ်းစုကျေးရွာတွင် ကျေးရွာမြေများ မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် ညနေ ၄ နာရီက ရှမ်းစုကျောင်းတိုက်တွင်ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ကျေးရွာမြေများမြေငှားဂရန် ပြုလုပ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟန်ညွန့်ထံသို့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပဲခူးခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းလင်း၊ ခရိုင်/မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ပြည်သူ ၁၇၀ ကျော်တက်ရောက်ခဲ့ပြီး ကျေးရွာမြေငှားဂရန် ၃၂ စောင် ပေးအပ်ခဲ့ကြောင်းသိရသည်။


**(မြို့နယ် ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်　　စက်တင်ဘာ　　၃၀**

မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၈ ရက်က တန့်ယန်းမြို့ တန့်ယန်း-မိုင်းကောင်သွားကားလမ်း မိုင်းကောင်ဘက်မှ တန့်ယန်းဘက်သို့ လုံးဆာမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် မြန်မာငွေကျပ် ၄ ဒသမ ၅ သိန်းတို့ကိုလည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်က ညောင်ရွှေ-တုံဟုံးကျေးရွာသွားကားလမ်းတွင် ထွန်းလှိုင်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၂ ပြားနှင့် မြန်မာငွေကျပ် ၃၇၀၀ တို့ကို လည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်က နမ့်စန်မြို့မှ လွိုင်လင်မြို့သို့ စိုင်းနွံခေးဆိုင်(ခ)အိုက်ပီး မောင်းနှင်ပြီး ရန်နိုင်အုန်းမောင်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**




လုံးဆာအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသည်တင်မှန်လုံယာဉ်အား လေးခွနှင့်ပစ်ခတ်မှုဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၃၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း မန္တလေးမှ ရန်ကုန်သို့ စက်တင်ဘာ ၂၉ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ယာဉ်မောင်း ကိုကိုဦး(၃၃)နှစ် အမှတ်(၁၁) မြေစာရင်းလမ်း ဗဟိုကွက်သစ် ရပ်ကွက် ချောက်မြို့နေသူ မောင်းနှင်လာသော 7J/---- မြသရဖူ ခရီးသည်တင်မှန်လုံယာဉ်သည် မိုင်တိုင်အမှတ် (၄၅/၅)အရောက် လမ်း၏အနောက်ဘက်ခြမ်းမှ လေးခွဖြင့် ပစ်ခတ်ခဲ့သဖြင့် ယာဉ်၏ယာဘက်ခြမ်း ထိုင်ခုံအမှတ်(၁၁/ ၁၂)ရှိ လေကာမှန်အား ထိမှန်၍ ကွဲကြေသွားခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းမှ ဘောနတ်ကြီး အမြန်လမ်းမကြီး ရဲစခန်းသို့ ဖုန်းဖြင့်ဆက်သွယ်အကူအညီတောင်းခံခဲ့ရာ စခန်းမှူး ဒုတိယရဲမှူး သန်းဦးက မိုင်တိုင်အမှတ်(၄၀/၀) အနီးရောက်ရှိနေသော ရဲအုပ် မျိုးမင်းထွန်း ဦးဆောင်သည့် လှည့်ကင်းအဖွဲ့အား ဆက်သွယ်အကြောင်းကြား၍ အခင်းဖြစ် ပတ်ဝန်းကျင်အား ပိတ်ဆို့စေခဲ့ပြီး စခန်းမှူးနှင့်ရဲအုပ် စိုးမိုးရှိန် ဦးဆောင်သော အဖွဲ့နှစ်ဖွဲ့က အခင်းဖြစ်ရပ်သို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေခဲ့ရာ အမြန်လမ်းမကြီး၏ အနောက်ဘက် ပေ ၃၆၀ ခန့်အကွာ တောင်ကုန်းပေါ်ရှိ ချုံများကြားတွင် ပုန်းအောင်းနေသော မျိုးဆန်းဦး (၁၇)နှစ် ဘောနတ်ကြီး ကျေးရွာ ပဲခူးမြို့နေသူအား သားရေကြိုးတပ် သစ်သားလေးခွ တစ်လက်၊ လေးခွပစ်ရာတွင် အသုံးပြုသည့် ငါးမူးလုံးခန့်ရှိ ကျောက်ခဲမျိုးစုံ ၂၂ လုံး၊ အရိုးအသွား ၂၁ လက်မခန့်ရှိ ဓားတစ်ချောင်းတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကွေးညွှတ်မျက်နှာပြင်ပါဝင်လာသော OPPO R 7 Lite

OPPO အမှတ်တံဆိပ်စမတ်ဖုန်းဟုဆိုလျှင် ပြည်တွင်းဈေးကွက်အတွင်း နေရာတစ်ခုရရှိလာသည့် စမတ်ဖုန်းအမျိုးအစားတစ်ခုအဖြစ် လက်ခံရပေမည်။ ပါးလွှာခြင်း၊ ပေါ့ပါးခြင်း၊ သတ္တုစပ်ကိုယ်ထည်ပါဝင်ခြင်း၊ ဈေးနှုန်းသင့်တင့်ခြင်းများမှာ ပြည်တွင်းဈေးကွက်ကိုထိုးဖောက်နိုင်သည့် ၎င်း၏ထူးခြားချက်များဖြစ်သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလအကုန်တွင် ပြည်တွင်းဈေးကွက်သို့ အသစ်ဝင်ရောက်လာသော OPPO ၏ စွမ်းဆောင်ရည်မြင့် စမတ်ဖုန်းအသစ် R 7 Lite ကို အခြေခံမိတ်ဆက်ပေးလိုက်သည်။

OPPO ၏ အစဉ်အလာအတိုင်းပင် သတ္တုစပ်ကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး ၎င်း၏ "R" Series စမတ်ဖုန်းများတွင် နောက်ဆုံးထွက်ရှိလာသော မျိုးဆက်ဖြစ်သည်။ အဆိုပါသတ္တုစပ်ကိုယ်ထည်ကို မဂ္ဂနီဆီယမ်နှင့် အလူမီနီယံသတ္တုနှစ်မျိုးပေါင်းစပ်ကာ ရောင်ပြန်ထင်ဟပ်စေသည့် နည်းပညာ အသုံးပြုထားပြီး ညစ်ထေးစွန်းထင်းမှု မဖြစ်ပေါ်စေနိုင်ဘဲ ဂေါ်မိတ်ကျောက်မှုန်များအား ဖုန်း၏ကိုယ်ထည်တစ်ခုလုံးကို အလွှာပါးအနေဖြင့် ဖုံးအုပ်ထားသောကြောင့် ချောမွတ်သန့်စင်သည့် သတ္တုမျက်နှာပြင်နှင့်ကိုယ်ထည် ပါရှိမည်ဖြစ်သည်။ OPPO သည် ကွေးညွှတ်မျက်နှာပြင်ကို R 7 Lite မျိုးဆက်တွင် စတင်အသုံးပြုမည်ဟု ဆုံးဖြတ်ခဲ့ပြီး မျက်နှာပြင်တွင် ထိတွေ့ခံစားမှုကောင်းမွန်စေရန် လူတစ်ဦးနှင့်တစ်ဦး လက်ချင်းထိတွေ့သကဲ့သို့ ခံစားရမည့်နည်းပညာကို R 7 မျိုးဆက်တွင်ထည့်သွင်းထားသည်။ ယနေ့ခေတ်လူငယ်များအကြားတွင် ဖက်ရှင်ကျကျကိုင်ဆောင်နိုင်ပြီး စွမ်းဆောင်ရည်မြင့်မားကာ ဈေးနှုန်းသင့်တင့်သော OPPO အမှတ်တံဆိပ်စမတ်ဖုန်းများကို လူငယ်များက "ကျွန်တော်အရင်က ပိုက်ဆံမတတ်နိုင်လို့ သင့်တင့်တဲ့ဖုန်းမျိုးကိုင်ပါတယ်။ အခု OPPO ပေါ်လာတော့ ကျွန်တော် အင်တာနက်မှာ ကြည့်မိတယ်။ လုပ်ဆောင်ချက်တွေကောင်းသလို ဒီဇိုင်းကလည်းလူငယ်ကြိုက်ဖြစ်လို့ ကျွန်တော် အခုဆို OPPO ကို အရောင်းဆိုင်တစ်ခုမှာ စပ်စုကြည့်တယ်။ ကျွန်တော်နဲ့အဆင်ပြေလောက်တယ်ထင်လို့ OPPO ကိုရွေးချယ်မိတာပါပဲ" ဟု ပြည်တွင်းမှ စမတ်ဖုန်းအသုံးပြုသူ လူငယ်တစ်ဦး၏ ပြောဆိုသံကို ကြားရသည်။



Alez

ကင်မရာ အရည်အသွေးပိုင်းတွင် အဓိကကင်မရာမှာ 13 Megapixel ပါရှိပြီး ဒုတိယ ကင်မရာမှာ 8 Megapixel ပါဝင်သောကြောင့် ဓာတ်ပုံ ရိုက်ကူးရာတွင် အရည်သွေး ကောင်းမွန်သည့် ဓာတ်ပုံများ ရရှိမည် ဖြစ်သည်။ ၎င်းအပြင် ကင်မရာပိုင်းဆိုင်ရာနည်းပညာများကို အဆင့်မြှင့်တင်ထားသောကြောင့် သုံးစွဲသူများကို စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော OPPO အမှတ်တံဆိပ် မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများသည် ဆန်းသစ်မှုနည်းပညာများကြောင့် ဈေးကွက်တွင် ထိုးဖောက်အောင်မြင်လာခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မိုဘိုင်းဖုန်းဈေးကွက်များသို့ ဝင်ရောက်ခဲ့ပြီး လက်ရှိ ၂၀၁၅ ခုနှစ်တွင် OPPO အမှတ်တံဆိပ်ကို နိုင်ငံပေါင်း ၁၁၆ နိုင်ငံ၌ မှတ်ပုံတင်ကာ ဖြန့်ချိနိုင်ခဲ့ပြီဖြစ်သည်။

# သရုပ်ဆောင်တစ်ဦးအဖြစ်အနုပညာခရီးဆက်မယ့် အန်ဆိုဟီး

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် "Wonder Girls"မှ အဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်သူ အန်ဆိုဟီးသည် အဆိုတော်တစ်ဦးအဖြစ်အနုပညာခရီးကို စတင်ခဲ့ရာမှ ဂီတနှင့်ပတ်သက်သည့် အနုပညာလုပ်ငန်းများကို ရပ်နားကာ သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်သွားတော့မည်ဖြစ်သည်။



သူသည် BHဖျော်ဖြေရေးအေဂျင်စီနှင့် စာချုပ်သက်တမ်းပြည့်ခဲ့ပြီး ယခုလအစပိုင်းတွင် တွဲဖက်လုပ်ဆောင်သည့် ဖျော်ဖြေရေးအေဂျင်စီမရှိဘဲ တစ်ဦးတည်း အနုပညာလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ရာမှ လတ်တလောတွင် မင်းသားဘေရောင်ဂျွန်းတည်ထောင်ထားသည့် KeyEast ဖျော်ဖြေရေးအေဂျင်စီနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီဖြစ်သည်။

အဆိုပါ KeyEast ဖျော်ဖြေရေးအေဂျင်စီသည် ဂီတလုပ်ငန်းများထက် သရုပ်ဆောင်လုပ်ငန်းများကိုသာ ဦးစားပေးလုပ်ဆောင်သည့် အေဂျင်စီလည်းဖြစ်သည်။ ယင်းဖျော်ဖြေရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "အန်ဆိုဟီးဟာ ကျော်ကြားတဲ့အနုပညာရှင် တစ်ဦးဖြစ်လာဖို့ အလားအလာအများကြီး ရှိသူပါ။သူက သရုပ်ဆောင်ဖြစ်ဖို့ ပါရမီလည်းပါတယ်။ အခုထိသူ့ရဲ့ပရိသတ်တွေကို ချပြပြီးခဲ့တာထက် အများကြီး ပိုလုပ်ဆောင်နိုင်သေးတဲ့သူပါ။ သူမရဲ့ကိုယ်ပိုင်အရည်အချင်းတွေနဲ့ စွမ်းရည်တွေကို အကောင်းဆုံးထုတ်ဖော်ပြသသွားနိုင်အောင်နဲ့ ခေါင်းဆောင်မင်းသမီးကောင်းတစ်ဦးဖြစ်လာအောင် ကျွန်တော်တို့ဘက်ကလည်း အစွမ်းကုန်ကြိုးစားကူညီဆောင်ရွက်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

အန်ဆိုဟီးသည် "Heart to Heart" ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး လတ်တလောတွင် 'Bound in Busan" ရုပ်ရှင်ကိုလည်း ပါဝင်ရိုက်ကူးလျက်ရှိသည်။

အေးပြည့် – စုစည်းသည်။



## ဂျိုအင်ဆောင်၏အိမ်အတွင်းသို့ ပရိသတ်တစ်ဦး ကျူးကျော်ဝင်ရောက်

တောင်ကိုရီးယား သရုပ်ဆောင်မင်းသား ဂျိုအင်ဆောင်၏အိမ်အတွင်းသို့ တရုတ်လူမျိုးပရိသတ်တစ်ဦး ကျူးကျော်ဝင်ရောက်ခဲ့သည့်အတွက် ဒေသခံရဲများက ဖမ်းဆီး ထိန်းသိမ်းခဲ့ရသည်။

အဆိုပါတရုတ်လူမျိုး အသက် (၃၁) နှစ်အရွယ် အမျိုးသမီးပရိသတ်တစ်ဦးသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်က ဂျိုအင်ဆောင်၏အိမ်အတွင်းသို့ ဝင်ရောက်ခဲ့ရာ မင်းသား၏ မိသားစုဝင်များက ထိန်းသိမ်းခဲ့ပြီး ရဲလက်သို့ အပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးခံခဲ့ရသော ပရိသတ်က 'ကျွန်မက လွန်ခဲ့တဲ့ နှစ်နှစ်လောက် ကတည်းက ဂျိုအင်ဆောင်ကို အားပေးလာခဲ့တဲ့ပရိသတ်ပါ။ သူ့ရဲ့အိမ်တံခါးက ပွင့်နေလို့ ဝင်လာခဲ့မိတာပါ။ ကျွန်မကို အိမ်ရှင်တွေ အိမ်အပြင်ကို အတင်းဆွဲထုတ်ကြလို့ လက်မောင်းမှာတောင် ပွန်းပဲ့ဒဏ်ရာ တွေရခဲ့ပါတယ်" ဟု ရဲများက စစ်ဆေးမေးမြန်းခဲ့ရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ လတ်တလောတွင် အဆိုပါ ကျူးကျော်ဝင်ရောက်မှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၁ - ၁၀ -၂၀၁၅ (ကြာသပတေးနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (မာမာအေး) (အပိုင်း-၃)
၆:၁၅ "မပော်သဓာ" (အပိုင်း-၁၄) (ပထမပိုင်း)
၆:၄၀ ဝတ်စားဆင်ယင်မှုပြပွဲ
၆:၅၀ "အမေတူအဖေကွဲ"
၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၂၆)
၇:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဂ်လာပါဝင်ချီ" (အပိုင်း-၄)
၈:၃၀ တေးဂီတအစီအစဉ်
၈:၄၅ "အချိန်တိုင်း နေရာတိုင်း" (အပိုင်း- ၁၆+၁၇ (ဇာတ်သိမ်းပိုင်း))
၉:၅၀ ASEAN CULTURAL Fair (2014)
၁၀:၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "မြူမိုးကေသရီ" (နေတိုး၊ မိုးဟေကို၊ ခင်လေးနွယ်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)

## MRTV - 4

၅:၀၀ ပဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
၅:၄၀ "ဘဝလက်ကျန်" တရားတော် [ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)]
၉:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၁၀၁)
၁၁:၀၀ Food & Decor
၁၁:၃၀ MRTV-4 Stage
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၆၂)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၀)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၆၉)
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၀)
၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၁)
၈:၁၅ ရသစုံညွှန်းတမ်းများ
၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၂)
၉:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၆၃)
၁၀:၀၅ Education Talk [မြန်မာစာအရေးအသားနှင့် ကွန်ပျူတာနည်းပညာ (အပိုင်း-၁)]
၁၀:၅၀ MRTV-4 Stage
၁၀:၅၀ MRTV-4 Stage
၁၁:၁၅ World of Knowledge (Doomsday Preppers: Friends Can Become Enemies)
၁:၀၀ ခေတ်သစ်ပျိုမေ
၄:၄၀ မုံရွာမြို့ရဲ့ အထင်ကရနေရာ (၉)ခု

## မြဝတီ

၆:၀၃ တရားတော်
၆:၂၀ မေတ္တာပို့
၆:၂၅ ဓမ္မပူဇာတေး
၆:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆:၄၅ မျိုးချစ်တပ်မတော်
၆:၅၀ မှတ်တမ်း
၆:၅၅ မြန်မာသံစဉ်ချိုနားဝင်
၇:၂၀ အမျိုးသားရေးတေးကဗျာ
၇:၂၅ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၄ အမျိုးသားရေးတေးကဗျာ
၈:၁၀ ရှေးဟောင်းသုတ
၈:၂၅ DVD Hits
၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈:၄၅ မြဝတီနေ့စဉ်သတင်း
၈:၅၅ လှုပ်တစ်ပြက်
၄:၀၈ မျိုးချစ်တပ်မတော်
၄:၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၄၀ ဇာတ်လမ်းတို
၄:၄၅ ဗီစီဒီကျော်ကြားတေး
၄:၅၀ မွေးမြူသုတ
၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၅:၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ မော်ဆရာနဲ့အပျော်ဆရာ
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၇၈)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၀၅ အမျိုးသားရေးတေးကဗျာ
၆:၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆:၃၅ Hello Miss Universe
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ

## mitv

07:26 "Myanmar Social & Charitable Association (Ep-1) Mingalar Byuha
07:50 "Philatelic Pleasure
08:26 "Those Who Never Give Up (Ep-6) In Pursuit of a dream
09:26 "Myanma Pottery
09:51 "Egg Shell
10:26 "Moving Meditation: Aikido
10:39 "Myanmar Weaving
10:51 "A Tea Business: Pankwan (Part-2)
07:26 "A Journey To Southern Shan State (Ep-1)
07:47 "Cosplayer
07:52 "Today Myanmar: Ceasefire
08:26 "Tapestry- A Unique Combination Of Painting and Craftsmanship
08:44 "Aye Aye Soe: Myanma Pioneer Female Bodybuilder
09:26 "Let's Cook (EP-3) Scrambled Eggs & Cutie Pancake
09:52 "Egg Shell

# အာဆင်နယ်အသင်း ချန်ပီယံလိဂ်အုပ်စုအဆင့်တွင် နှစ်ပွဲဆက်ရှုံးပွဲကြုံ



© Kevin Quigley

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် အိုလံပီယာကို့စ် အသင်းအား အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးခဲ့ရပြီး အဆိုပါရှုံးပွဲအပါ အဝင် ချန်ပီယံလိဂ်အုပ်စုအဆင့်တွင် နှစ်ပွဲဆက်ရှုံးပွဲကြုံခဲ့ရခြင်း ကြောင့် ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်လှမ်းရန်ပင် ခက်ခဲသွား သည့် အနေအထားသို့ ရောက်ရှိသွားခဲ့သည်။

နည်းပြ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းသည် ခရိုအေးရှား မြေ၌ ယှဉ်ပြိုင်ကစားခဲ့သောချန်ပီယံလိဂ် အုပ်စုအဆင့်အဖွင့်ပွဲစဉ်ဖြစ် သည့် ဒိုင်နမိုဇာဂရက်အသင်းနှင့် ပွဲစဉ်တွင်လည်း ရှုံးပွဲကြုံထားသည်။ ထို့ပြင် အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်အုပ်စုအဆင့်တတိယ ပွဲစဉ်တွင် အုပ်စုတွင်းရေပန်းအစားဆုံးအသင်းဖြစ်သည့် ဘိုင်ယန်မြူးနစ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် နောက်တစ်ဆင့် တက်ရေးမျှော်လင့်ချက်ပင် မှေးမှိန်သွားပြီဟု ဆိုရမည်ဖြစ်သည်။သို့ရာ တွင် နည်းပြအာစင်ဝင်းဂါးကမူ ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်မည့် အခွင့်အရေးတစ်ရပ်ရှိနေဆဲဖြစ်ကြောင်းဆိုသည်။

အိုလံပီယာကို့စ်အသင်းသည် ဥရောပပြိုင်ပွဲများတွင် အင်္ဂလန် အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အဝေးကွင်းပွဲစဉ် ၁၂ ပွဲအထိ ရှုံးပွဲကြုံထားသည့်အသင်းဖြစ်ပြီး အာဆင်နယ်အသင်းမှာမူ ချန်ပီယံ လိဂ် အိမ်ကွင်းပွဲစဉ် ၁၂ ပွဲတွင် ခြောက်ပွဲအထိ ရှုံးပွဲကြုံထားသည်။ အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်နောက်ဆုံးငါးရာသီတွင် ၁၆ သင်း အဆင့်ရောက်မှသာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ထို့ပြင် ချန်ပီယံလိဂ် နောက်ဆုံး ၁၅ ရာသီတွင်လည်း အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့သည့် မှတ်တမ်းရှိခဲ့သည်။ သို့ရာတွင် ယခုနှစ်တွင်မူ အုပ်စုအဆင့်ဖြင့်ပင် ထွက်ရတော့မည့် အနေအထားသို့ ရောက်လာခဲ့သည်။

အိုလံပီယာကို့စ်အသင်းအား ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်အုပ်စု အဆင့်ဒုတိယပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၃၅ မိနစ်တွင် ဝဲလ်ကော့ကလည်းကောင်း၊ ၆၅ မိနစ်တွင် ဆန်းချက်ဇ်ကလည်းကောင်း သွင်းယူပေးခဲ့ပြီး အိုလံပီယာကို့စ်အသင်း အတွက် သွင်းဂိုးများကို ပွဲကစားချိန် ၃၃ မိနစ်တွင် ပက်ဒရိုကလည်း ကောင်း၊ မိနစ် ၄၀ တွင် အာဆင်နယ်ဂိုးသမား အိုစပီနာ၏ ကိုယ့်ဂိုး ကိုယ်ပြန်သွင်းယူမိသလိုဖြစ်ခဲ့ခြင်းကြောင့် လည်းကောင်း၊ ၆၆ မိနစ် တွင် ဖင်ဘိုဂါဆင်ကလည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**နိုင်လင်းကြည်**

## ဘောလုံးလောကသတင်းတိုများ

- ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီး အသင်းသည် အသင်း၏ ပထမဦးစား ပေးဂိုးသမား ကော်တွိုက်ဒဏ်ရာ ပြဿနာကြုံနေခြင်းကြောင့် အီတလီ စီးရီးအေကလပ် အေစီမီလန်အသင်းမှ ဂိုးသမား အာမီလီယာအား ကာလတို ခေါ်ယူသွားရန် ဆန္ဒရှိနေကြောင်း သိရ သည်။
- အသက်(၃၇)နှစ်အရွယ်ရှိ ဂျူဗင်တပ် ဂိုးသမားဘတ်ဖွန်သည် ကစားသမား ဘဝ အနားမယူမီကာလအတွင်း ပရီမီယာလိဂ်တွင်ကစားရန် ဆန္ဒရှိ နေကြောင်း ထုတ်ဖော်ပြောကြားလိုက် သည်။
- ပရီမီယာလိဂ် ကလပ်အသင်းများ ဖြစ်ကြသည့် ချယ်လ်ဆီးအသင်း၊ အာဆင်နယ်အသင်းနှင့် လီဗာပူး အသင်းတို့သည် အသက်(၂၃)နှစ် အရွယ် စပို့တင်းလစ္စဘွန်းကွင်းလယ် ကစားသမားကာဗယ်ဟိုအား စာချုပ် ချုပ်ဆိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက် ရှိကြောင်းသိရသည်။
- နောက်တန်းကစားသမား ကိုနီအား ပီအက်စ်ဗွီအိုင်ဟိုဗင်အသင်းက စာချုပ် သစ်မချုပ်ဆိုပါက အာဆင်နယ်အသင်း အနေဖြင့် ခေါ်ယူစာချုပ်သွားရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
- မာတီယယ်အား မိုနာကိုက ရောင်းမည် မဟုတ်ဟု ယုံကြည်ထားခဲ့ခြင်းကြောင့် မန်ယူအသင်းက မခေါ်ယူမီ မာတီယယ်ကို အာဆင်နယ်အသင်းသို့ အရောက်ခေါ်ယူရန် မကြိုးစားခဲ့ခြင်း ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ဆိုသည်။

## ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်ရလဒ်များ

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၂ | - | ၁ | လေဗာကူဆင် |
| ဘိတ်ဘိုရီဆော့ | ၃ | - | ၂ | ရိုးမား |
| ဘိုင်ယန်မြူးနစ် | ၅ | - | ၀ | ဒိုင်နမိုဇာဂရက် |
| အာဆင်နယ် | ၂ | - | ၃ | အိုလံပီယာကို့စ် |
| မက်ကာဘီတဲလ်အဗစ် | ၀ | - | ၂ | ဒိုင်နမိုကိဗ် |
| ပေါ်တို | ၂ | - | ၁ | ချယ်လ်ဆီး |

**(မောင်မောင်ဇော်)**

## ဝီလီယံ၏သွင်းဂိုးခွင့်ပြုပေးလိုက်ရခြင်းအပေါ်တာဝန်ရှိကြောင်းကာဆီးလက်ဆို

ပေါ်တူဂီကလပ် ပေါ်တိုအသင်းက ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် ပေါ်တိုအသင်းသည် အနိုင်ရရှိခဲ့သော်လည်း ချယ်လ်ဆီးအသင်းအား ချေပဂိုးတစ်ဂိုးပေးလိုက်ရသည်။

အဆိုပါ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးကို ကွင်းလယ်ကစားသမား ဝီလီယံကသွင်းယူ ပေးခဲ့ခြင်းဖြစ်ပြီး ဝီလီယံ၏ သွင်းဂိုးခွင့်ပြုပေးလိုက်ရခြင်းအပေါ် ပေါ်တိုဂိုးသမား ကာဆီးလက် က ၎င်းတွင် တာဝန်ရှိကြောင်း ဝန်ခံပြောကြားခဲ့သည်။

"ချယ်လ်ဆီးကစားသမား ဝီလီယံသွင်းယူသွားတဲ့ သွင်းဂိုးက ဘောလုံးကိုမြင်ဖို့ ခဲယဉ်းပါ တယ်။ ဒါပေမယ့် အဲဒီသွင်းဂိုးဟာ ကျွန်တော်မှာ အများကြီးတာဝန်ရှိပါတယ်"ဟု ဂိုးသမား ကာဆီးလက် က ဆိုသည်။ ဂိုးသမား ကာဆီးလက်သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ ကာလတွင် စပိန် လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီကလပ် ပေါ်တိုအသင်း သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

**ငွေကြယ်**



ပရီမီယာလိဂ်ပွဲစဉ် (၇)မှာ မန်စီးတီးက စပါးကို ရှုံးပြီး နှစ်ပွဲဆက်ရှုံးပွဲကြုံတယ်။ ချယ်လ်ဆီးကလည်း နယူးကာဆယ်ကို အနိုင်မယူနိုင်ဘဲ သရေသာကစားနိုင်တယ်။ ဒါကြောင့် အောက်တိုဘာ ၃၊ ၄ ရက်မှာ ကျင်းပမယ့် ပွဲစဉ် (၈) မှာ အဆိုပါ မန်စီးတီးနဲ့ ချယ်လ်ဆီး တို့နိုင်ပွဲပြန်လည်ရှာဖွေနိုင်မလားဆိုတာကို စောင့်ကြည့်သွားရမယ်။

## ပရီမီယာလိဂ်ရင်ခုန်သံ – ၈

ရှိုင်းမင်းမင်း




**ခရစ္စတယ်ပဲလေ့စ် - ဝက်စ်ဘရွန်း** ည-၆း၁၅(၃-၁၀-၁၅)

ခရစ္စပဲလေ့စ်က အခုနောက်ပိုင်း ခြေစွမ်းပိုင်းယိမ်းယိုင်မှုတွေရှိလာတယ်ဆိုပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာ တုံ့ပြန်ကစားပုံနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကောင်းတက်တာ ကြောင့် ဝက်စ်ဘရွန်းတို့ အခက်အခဲတွေနဲ့ ရင်ဆိုင်ရနိုင်တယ်။ ဝက်စ်ဘရွန်းက တိုက်စစ်ကစားပုံ လည်းအားနည်းလို့ ဒီပွဲမှာ ပဲလေ့စ်ကို အနိမ့်ဆုံးသရေရမှာပါ။

**နော့ဝှစ်ချ် - လက်စတာ** ည-၈း၃၀(၃-၁၀-၁၅)

လက်စတာဟာ ပွဲစဉ်(၇) မှာတုန်းက အာဆင်နယ်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတယ်။ အထူးသဖြင့် လက်စတာရဲ့ ခံစစ်ကစားပုံဟာ အခုနောက်ပိုင်းမှာ အမှားအယွင်းများလာပြီး နောက်ဆုံး လေးပွဲမှာ ၁၀ ဂိုးအထိပေးခဲ့ရတယ်။ဒါကြောင့် နော့ဝှစ်ချ်ရဲ့ တုံ့ပြန်မှုကို ခံရနိုင်ပြီး လက်စတာနိုင်မယ်ဆိုရင်တောင် ပြတ်သားဖို့ ခက်တယ်။

**မန်စီးတီး - နယူးကာဆယ်** ည-၈း၃၀(၃-၁၀-၁၅)

ချယ်လ်ဆီးကိုသရေကစားနိုင်ခဲ့တဲ့ပွဲမှာ ကာဆယ်ရဲ့ တုံ့ပြန်ကစားပုံနဲ့ အသင်းလိုက်စွမ်း ဆောင်ရည်ကောင်းခဲ့တယ်။ဒါပေမယ့် အဲဒီပွဲမှာလည်း ကာဆယ်ခံစစ်ဇုန်ဟာ ကစားပုံမကောင်းခဲ့ ဘဲ အမှားများခဲ့တယ်။ ဒါကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်လာမယ့် မန်စီးတီးရဲ့ ဖိအားပေးမှုကို ထိန်းဖို့ မလွယ်ဘူး။မန်စီးတီးပဲနိုင်မယ်။

**ဗီလာ - စတုတ်** ည-၈း၃၀(၃-၁၀-၁၅)

ဗီလာဟာ လက်ရှိအချိန်အထိ ရလဒ်ပိုင်းမကောင်းသေးဘူး။ အထူးသဖြင့် ခံစစ်ကစားပုံ အားနည်းမှုတွေရှိတာကြောင့် စတုတ်ရဲ့ တုံ့ပြန်မှုကို ခံရနိုင်တယ်။ စတုတ်က အဝေးကွင်းပွဲစဉ် တွေမှာ ကစားပုံကျဆင်းတတ်တယ်ဆိုပေမယ့် ဗီလာရဲ့ အားနည်းမှုက စတုတ်အတွက်အခွင့် အရေးဖြစ်နိုင်တယ်။ ဗီလာအမြင့်ဆုံးသရေပဲရမယ်။

**ဘုန်းမောက် - ဝတ်ဖို့ဒ်** ည-၈း၃၀(၃-၁၀-၁၅)

ပွဲစဉ်(၇) မှာ ဘုန်းမောက်က စတုတ်ကိုရှုံးပြီး ဒီရာသီစတုတ္ထမြောက် ရှုံးပွဲနဲ့ကြုံတယ်။ အထူးသဖြင့် ဘုန်းမောက်ရဲ့ ခံစစ်ကစားပုံအမှားအယွင်းတွေများတယ်။ ဝတ်ဖို့ဒ်ရဲ့ ခြေကတော့ အခုနောက်ပိုင်းကစားပုံမဆိုးဘူးလို့ ပြောရမယ်။ ဒါကြောင့် ဘုန်းမောက်တို့ ရှုန်းကန်ရနိုင်ပြီး ဝတ်ဖို့ဒ်ရဲ့ ကစားအားကိုသာ နှစ်သက်မိတယ်။

**ဆန်းဒါးလန်း - ဝက်စ်ဟမ်း** ည ဂး၃၀(၃-၁၀-၁၅)

မန်ယူကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရပြီး အမှတ်ပေးဇယားအောက်ဆုံးက ရုန်းမထွက်နိုင်သေးတဲ့ ဆန်းဒါးလန်းရဲ့ခြေစွမ်းက အားနည်းမှုတွေ များနေတယ်။ တိုက်စစ်ရော၊ ခံစစ်မှာပါ နေရာစုံ လိုအပ်ချက်တွေများနေလို့ ဆန်းဒါးလန်းတို့ ဝက်စ်ဟမ်းရဲ့ကစားအားကို ထိန်းချုပ်ဖို့မလွယ်နိုင်ဘူး။ ဝက်စ်ဟမ်းကပ်နိုင်သွားဖို့ရှိတယ်။

**ချယ်လ်ဆီး - ဆောက်သမ်တန်** ည-၁၁း၀၀ (၃-၁၀-၁၅)

ဆွမ်ဆီးနဲ့ပွဲစဉ်မှာ ဂိုးပြတ်အနိုင်ရခဲ့တဲ့ ဆောက်သမ်တန်ရဲ့ခြေစွမ်းကောင်းမွန်မှုရှိပါ တယ်။ ချယ်လ်ဆီးကတော့ နိုင်ပွဲပြန်လည်ရရှိရေးအတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ခံစစ်ကစားပုံက အခုအချိန်အထိ တည်ငြိမ်မှုမရှိပါဘူး။ ချယ်လ်ဆီးတို့ နိုင်ပွဲပြန်လည်ရရှိနိုင်ခြေ ရှိပေမယ့်လည်း ပြတ်သားဖို့ခက်ခဲလွန်းပါတယ်။

**အဲဗာတန် - လီဗာပူး** ည-၇း၃၀ (၄-၁၀-၁၅)

ဗီလာနဲ့ပွဲမှာ အနိုင်ရပြီး လေးပွဲဆက်တိုက်အနိုင်ပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခဲ့တယ်ဆိုပေ မယ့် လီဗာပူးဟာ ခြေစွမ်းပိုင်းတိုးတက်လာပြီလို့ ပြောဖို့ခက်တယ်။ စတားရစ်ချ် ဂိုးသွင်းခြေရနေ တာကြောင့် တိုက်စစ်ကစားပုံမဆိုးပေမယ့် ခံစစ်ကတော့အားနည်းနေတယ်။ လက်ရှိခြေ ပိုကောင်းနေတဲ့ အဲဗာတန်ကိုသာ နှစ်သက်တယ်။

**အာဆင်နယ် - မန်ယူ** ည-၉း၃၀ (၄-၁၀-၁၅)

ပွဲကောင်းတစ်ပွဲပါ။ ဝေါလ်ကော့ကိုတိုက်စစ်မြားဦးမှာထားသုံးနေတဲ့ အာဆင်နယ်ရဲ့ တိုက်စစ်ကစားပုံ ကောင်းတာကြောင့် မန်ယူကိုတုံ့ပြန်ကစားနိုင်ခြေရှိပါတယ်။ လက်ရှိ မန်ယူကစားပုံမဆိုးပေမယ့် ကွင်းလယ်မှာ ဘောလုံးအထိုင်များတာကြောင့် လျင်မြန်တဲ့ အာဆင်နယ် တန်ပြန်တိုက်စစ် အခွင့်အရေးရနိုင်တယ်။ သရေကျ ဖို့များတယ်။

**ဆွမ်ဆီး - စပါး** ည-၉း၃၀ (၄-၁၀-၁၅)

မန်စီးတီးကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ စပါးခြေကို အကောင်းဆုံးလို့မသတ်မှတ်နိုင်သေးဘူး။ အဲဒီပွဲမှာ လူကျွံအနေအထားက သွင်းယူခဲ့တဲ့ ဂိုးနှစ်ဂိုးက ပွဲအဖြေကိုပြောင်းစေခဲ့တယ်။ ဒါကြောင့် အခုပွဲမှာလည်း အိမ်ကွင်း ကစားပုံကောင်းတဲ့ ဆွမ်ဆီးကို စပါးတို့အသာရအောင် ခက်ခက်ခဲခဲကြိုးစားရနိုင်တယ်။ စပါးနိုင်ရင်တောင် မပြတ်သားဘူး။

# ဂန့်ဂေါ-ကလေးကားလမ်းတွင် တစ်နေ့တည်း ယာဉ်တိုက်မှုနှစ်မှုဖြစ်

**ဂန့်ဂေါ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေးကားလမ်းတွင် တစ်နေ့တည်း ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက်မိခဲ့မှု နှစ်ကြိမ်ဖြစ်ပွားခဲ့သောကြောင့် အမျိုးသား နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၉ ရက် ည ၉ နာရီ ၄၉ မိနစ်ခန့်က ဂန့်ဂေါကားလမ်းမိုင်တိုင်အမှတ် (၂၆/၃-၄) အကြား ရဲလှကျေးရွာအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တောင်ခင်ရမ်းရဲကင်းမှူး ဒု-ရဲအုပ်သိန်းဇော် သွားရောက်စစ်ဆေးခဲ့ရာ ကလေးမှ ဂန့်ဂေါသို့ ဝေယံထွန်း(၂၇)နှစ် ပင်လုံရပ် ကလေးမြို့နေသူ မောင်းနှင်သော 4C/---- NISSAN B45 ယာဉ်နှင့် ကျော်ရွာမှ မြောက်ခင်ရမ်းသို့ စန်းအောင်(၂၈)နှစ် မြောက်ခင်ရမ်းရွာ ဂန့်ဂေါမြို့နယ်နေသူမောင်းနှင်ပြီး နောက်မှ မြင့်စိုး(၂၈) နှစ် လိုက်ပါလာသည့် 10/--- ZIP STAR 110 ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိ၍ မြင့်စိုးတွင် ဒဏ်ရာ(စိုးရိမ်ရ)နှင့် စန်းအောင်တွင် ဒဏ်ရာ များရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ဂန့်ဂေါ-ကလေးကားလမ်း မိုင်တိုင်အမှတ် (၃/၃-၄) အကြားတွင် မွှေ့လယ်မှ ဂန့်ဂေါသို့ သူရထွန်း (၂၇)နှစ် ကျောတိုက်ရပ်ကွက် ဂန့်ဂေါမြို့နေသူ မောင်းနှင်လာသည့် 9J/--- FUSO ၁၂ ဘီးယာဉ်နှင့် ကျော်ကျေးရွာမှ ကျွန်းဒတ်ကျေးရွာသို့ မောင်ညီညီထွေး(၂၀)နှစ် ကျွန်းဒတ်ကျေးရွာနေသူမောင်းနှင်လာသော ၂၄ယ/--- KENBO 125 ဆိုင်ကယ်တို့ လမ်းအကွေ့တွင် မျက်နှာချင်းဆိုင် တိုက်မိခဲ့သဖြင့် မောင်ညီညီထွေးတွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**



# မူးယစ်ဆေးဝါးနှင့် ပါဝင်ပတ်သက်မှုမရှိသူ ထိုင်းအမျိုးသမီးတစ်ဦးအား ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် စက်တင်ဘာ ၃၀**

အမှတ်(၈) နိုင်ငံခြားသားတရားမဝင် ဝင်ရောက်မှု တားဆီးကာကွယ်ရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးတင့်အောင်၊ လဝကမှူးဦးအုံးလွင်၊ ဒုရဲအုပ် အောင်ကျော်စိန်တို့ဦးဆောင်သောအဖွဲ့က မူးယစ်ဆေးဝါးအမှုနှင့် မပတ်သက်သူ ထိုင်းနိုင်ငံမှ အမျိုးသမီးတစ်ဦးအား မယ်ဆိုင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဆတ်ဟွန်နဝပ်၊ ဒု-လဝကမှူး ပရင်ယနုနမ်၊ ထိုင်း-မြန်မာ မြို့နယ်အဆင့်နယ်ခြားကော်မတီအတွင်းရေးမှူး ဒု-ဗိုလ်ထုံချိုင်းနှင့် တာဝန်ရှိသူများပါဝင်သော အဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ Miss.Orapham(ခ)ယင် ရပ်ကွက်(၆) မယ်ဆိုင်မြို့ ထိုင်းနိုင်ငံနေသူသည် ဧပြီ ၅ ရက် မွန်းလွဲ ၂ နာရီခန့်က တာချီလိတ်မြို့နေ စိုင်းခမ်းပန်နှင့်တွေ့ဆုံရန်အတွက် မြန်မာ-ထိုင်း နယ်စပ်အမှတ်(၁)ချစ်ကြည်ရေးတံတားမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့သည်။ ည ၇ နာရီတွင် စိုင်းခမ်းပန်၊ စိုင်းခမ်းကျောက်နှင့် အတူ ၎င်းတို့ သုံးဦးအားဆိုင်ကယ်ဖြင့် သွားရောက်စဉ် မြို့ပတ်လမ်းနှင့် ကြည်ခြေနီရုံး လမ်းထောင့် တံတားအနီး၌ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်ကျော်စွာထွန်းဦးစီးသော ပူးပေါင်းအဖွဲ့က စစ်ဆေးရာ စိုင်းခမ်းပန်ထံမှ စိတ်ကြွဆေးပြား ၁၄ ပြား တွေ့ရှိသဖြင့် တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါအမှုမှ မြန်မာနိုင်ငံသား စိုင်းခမ်းကျောက်၊ စိုင်းခမ်းပန်နှင့် ထိုင်းနိုင်ငံသူ Miss.Orapham (ခ)ယင်တို့အား တာချီလိတ်မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တာချီလိတ်မြို့နယ်တရားရုံးမှ ရာကြီးအမှတ် ၇၁၈/၂၀၁၅ဖြင့် စစ်ဆေးခဲ့ပြီး စက်တင်ဘာ ၂၂ ရက်တွင် Miss.Orapham(ခ)ယင်အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈(၁)အရ စွဲဆိုထားသည့်အမှုမှ အပြီးပြတ်စေလွှတ်ပြီးဖြစ်ကြောင်း သိရသည်။

ချစ်ကြည်ရေး တံတားအမှတ်(၁)ရှိ အမှတ်(၈) နိုင်ငံခြားသားများတရားမဝင် ဝင်ရောက်မှုတားဆီးကာကွယ်ရေးရုံးခန်း၌ မြန်မာ-ထိုင်းတာဝန်ရှိသူများက လွှဲပြောင်းလက်ခံစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး မူးယစ်ဆေးဝါးအမှုတွင် ပါဝင်ပတ်သက်မှုမရှိသူ ထိုင်းနိုင်ငံမှ Miss.Orapham (ခ) ယင်အား စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မော်ကြီး(တွံဂံနယ်မြေ)**

# ခရမ်းမြို့နယ်တွင် ဖယောင်းတိုင်မီးထွန်းရာမှမီးလောင်

**ခရမ်း စက်တင်ဘာ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၆) ရပ်ကွက် ပြည်တော်အေးလမ်းနေ ဒေါ်ကျင်မြ ကုန်မျိုးစုံရောင်းလုပ်ငန်း နေအိမ်အပေါ်ထပ်တွင် လျှပ်စစ်မီးပြတ်တောက်ချိန်၌ ဖယောင်းတိုင်မီးထွန်းထားရာမှတစ်ဆင့် စက္ကူဖြင့် ထုပ်ထားသောလောင်စာပစ္စည်းများမှ မီးစတင်လောင်ကျွမ်းမှုတစ်ခု စက်တင်ဘာ ၂၉ ရက် ည ၁၀ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားရာသို့ ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် သုံးစီး၊ ရန်ကုန်တောင်ပိုင်း ခရိုင်အတွင်းမှ မီးသတ်တပ်ဖွဲ့ဝင် ၁၆၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ မီးသတ်ယာဉ် ၁၅ စီး စုစုပေါင်း ၁၇ စီး တို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြရာ ည ၁၁ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့ပြီး ည ၁၂ နာရီ ၂၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။



မီးလောင်မှုကြောင့် အိမ်ခြေ ၁၉ လုံး အိမ်ထောင်စု ၁၅ စု အိုးအိမ်မဲ့ဖြစ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်းနှင့် မီးဘေးသင့်ပြည်သူများသည် ဆွေမျိုးမိတ်သင်္ဂဟများ၏ နေအိမ်များတွင် သွားရောက်နေထိုင်ကြပြီး ယာယီကယ်ဆယ်ရေးစခန်းကို ခရမ်းမြို့ အမှတ်( ၅)ရပ်ကွက် ကျောင်းသစ်ကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံ၌ ဖွင့်လှစ်ထားရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ ခရမ်းမြို့မရဲစခန်းက ဒေါ်ကျင်မြအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**


## ကားရောင်းမည်

၁။ ISUZU D MAX-EXTRA CAB 2004MDL 3-0 အမြင့် 3K------ သိန်း ၁၂၀
၂။ MITSUBISHI PAJERO 3DOOR 3K------ သိန်း 117
Ph:09-260486432, 09-73060196

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်ထွန်းအောင်[၁၄/ဖပန(နိုင်)၁၃၉၆၇] ၏ သင်္ဘောသားမှတ်ပုံတင်လက်မှတ် SID 81888 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉၄၂၂၇၉၁၆၅၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် GH/7017 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(အင်းစိန်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများဖြစ်သော ခဲကျောက်မျိုးစုံနှင့် သံချောင်း၊ သစ်မာ၊ တောသစ်တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၂၉-၉-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ လိုအပ်သည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အောက်ပါရုံးများတွင် စုံစမ်းနိုင်ပါသည်။
တင်ဒါလျှောက်လွှာပိတ်ရက်-၁၄-၁၀-၂၀၁၅ရက် မွန်းတည့်(၁၂)နာရီ
တင်ဒါလျှောက်လွှာဖွင့်မည့်အချိန်-၁၄-၁၀-၂၀၁၅ရက် မွန်းလွဲ(၁း၃၀)နာရီ
တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ- လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ပြင်ဦးလွင်ခရိုင် ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ သပိတ်ကျင်း၊ မိုးကုတ်
၀၈၅-၂၂၀၄၃၊ ၀၈၆-၃၀၁၃၇၊ ၀၉-၆၅၃၈၄၃၂

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**




## စာအုပ်စာပေ လှူမိတ်ဆွေ





သံဖြူဇရပ်မြို့၏ အကြိမ် ၄၀ မြောက် ဆီလောင်းလှူပွဲကို စက်တင်ဘာ ၂၇ ရက်ကကျင်းပခဲ့ရာ ယင်းဆီလောင်းလှူပွဲ၌ ဆီပိဿာ ၂၂၀၀ ကို ဘုန်းတော်ကြီးနှင့် သီလရှင်ကျောင်းများသို့လှူဒါန်းခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ- ကျော်ဝင်း(ပြန်/ဆက်)

# ကျောက်ပန်းတောင်း၌ ရွှေခြသေ့် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်စည်ကား

**ကျောက်ပန်းတောင်း စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ရွှေခြသေ့ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကြီးကို မြတ်ရွှေဂူဘုရားဝင်းအတွင်း ခင်းကျင်းရောင်းချလျက်ရှိရာ စက်တင်ဘာ ၂၈ ရက် တော်သလင်းလပြည့်နေ့၌ ဈေးခင်းအတွင်း ဈေးသည်၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

အဆိုပါ ရွှေခြသေ့ ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကြီးကို စက်တင်ဘာ၂၆ ရက် နံနက် ၉ နာရီမှ စတင်ဖွင့်လှစ်ခဲ့ပြီး အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အသင့်ချုပ်အဝတ်အထည်များနှင့် ကလေးကစားစရာများပါဝင်ပြီး၊ အသင့်ဖျော်စားသောက်ဖွယ်ရာများနှင့် ဒေသခံစားသောက်ဆိုင်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ကတော့ တော်တော်စည်တယ်ဗျ။ ရောင်းလည်းရောင်းရတယ်။ အရင်နှစ်ရက်က သိပ်မစည်ဘူး။ ဒီရက်တွေက ပုပ္ပါးက အဘထွက်ပွဲနဲ့လည်းတိုက်တယ်လေ။ ဒါပေမယ့် အရင်နှစ်တွေက တော်တော်ရောင်းရတယ်ဗျ။ နောက်သုံးရက်တော့ ကျန်ပါသေးတယ်။ မိုးမဖျက်ရင်တော့ရောင်းရမှာပါ။ ဘာလို့လည်းဆို ကျွန်တော်တို့က ဈေးနှုန်းကို လူတိုင်းလည်းဝယ်နိုင်အောင် ကိုယ့်အတွက်လည်း ကျန်အောင်မျှရောင်းပေးတာပါ" ဟု အသင့်ချုပ် အမျိုးသား အဝတ်အထည်များ ရောင်းချသူတစ်ဦးကပြောသည်။

ရွှေခြသေ့ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကြီးတွင် ဖျော်ဖြေရေးအစီအစဉ်အဖြစ် မော်ဒယ်ရှိုးများလည်း ပါဝင်ပြီး အဆိုပါမော်ဒယ်ရှိုးများကို မွန်းတည့် ၁၂ နာရီတွင်တစ်ကြိမ်နှင့် ညနေ ၆ နာရီတွင် တစ်ကြိမ် ကြော်ငြာများထည့်သွင်းဧည့်ခံကာ အောက်တိုဘာ ၁ ရက်အထိ ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ရုပ်ပွားတော်များစွာကိုထည့်သွင်းတည်ထားသည့်စေတီငယ်တစ်ဆူ

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်သည် ရှေးဟောင်းသမိုင်းဝင်နေရာများနှင့် လက်ရာမြောက်စေတီပုထိုးများရှိပြီး စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ ဘွဲ့အမည်အတိအကျတည်ရှိသောစေတီများ အင်းဝ၊ ပင်းယဒေသများ၊ နန်းတော်ဟောင်းနေရာများကို လက်တွေ့လေ့လာနိုင်သည်။ လက်ရှိကာလတွင် ထင်ရှားသော ဘုရားများစွာတည်ရှိသည်။

ထိုအထဲတွင် ပင်းယခေတ် အနုလက်ရာ ဂူကြီးသုံးလုံး နန်းဦးစေတီ ပင်းယရွှေစည်းခုံ၊ ရတနာမြစည်းခုံနှင့်အတူ မင်္ဂလာစေတီ၊ ရန်အောင်မြင်စေတီ၊ ပင်းယအောင်စည်းခုံစေတီတို့ကို ဖူးမြော်နိုင်သည်။ တံတားဦးမြို့နယ် တံတားဦးအပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းသွားရာ လမ်းဘေးတွင် ထူးခြားစွာတည်ထားသော စေတီများစွာကို ဖူးတွေ့နိုင်သည်။

ကုန်းမြင့်ပေါ်တွင် တည်ထားသော ထူးခြားသည့် ရွှေတောင်တော်စေတီဘေးပတ်လည် တောင်ကုန်းတိုင်းတွင် စေတီဟောင်းများစွာကို ဖူးတွေ့နိုင်သည်။ တောင်ကုန်းငယ်များစွာရှိပြီး တောင်ကုန်းတစ်ခုလျှင် စေတီငယ် အနည်းဆုံး တစ်ဆူမှ နှစ်ဆူအထိ တည်ထားကိုးကွယ်ထားသည်။ စေတီအများစုမှာလိုဏ်ပါသည့် စေတီများဖြစ်သည်။ ရှေးယခင်က ရွှေတောင်တော်တစ်ဝိုက် စေတီကိုးဆယ်နီးပါး ရှိသည်ဟု ရှေးလူကြီးများက ဆိုခဲ့သည်။ လက်ရှိကာလတွင် တောင်ကုန်းငယ်များတွင် စေတီဟောင်းများစွာကို ဖူးမြင်နိုင်သော်လည်း အများစုမှာ ဟောင်းနွမ်းပျက်စီးကာ ထွင်းဖောက်ဖျက်ဆီးထားသည့် သင်္ကေတများစွာဖြင့် တည်ရှိနေသည်။

ထိုတောင်ကုန်းပေါ်မှ စေတီများစွာထဲတွင် ထူးခြားသောစေတီငယ်တစ်ဆူရှိသည်။ ထိုစေတီမှာ လက်ရာမျိုးစုံ ကျောက်ဆင်းတုရုပ်ပွားတော်အသေးအကြီးများစွာကို စေတီအုတ်များအတွင်ရောညှပ်ကာ တည်ထားခြင်းပင်ဖြစ်သည်။ လက်ရှိကာလတွင် စေတီငယ်မှာ ပျက်စီးနေသည့်အတွက် အုတ်များအကြား ကျောက်ဆင်းတု ရုပ်ပွားတော်များစွာကို တွေ့မြင်နေရသည်။ ရာသီဥတုဒဏ်နှင့် ပျက်စီးလာသည့် စေတီငယ်ဘေးတွင် လက်ရာမြောက် ကျောက်ဆင်းတုအသေးအကြီးများစွာမှာ ကျိုးပဲ့နေသည့် အနေအထားတွင်ရှိနေသည်။


လက်ရှိကာလ ကျောက်ဆင်းတုငယ်များစွာကို အုတ်များအတွင်း ထည့်သွင်းကာ တည်ထားသောထူးခြားသည့် စေတီမှာတံတားဦးလေယာဉ်ကွင်းသွားရာ လမ်းဘေး ရွှေတောင်တော်ဘုရား အရှေ့ဘက်မင်းကျောင်းကန်တောရကျောင်းကလေး အရှေ့ဘက်တွင် တည်ရှိသည်။ ထူးခြားသောစေတီတိငယ်ဖြစ်သည့်အတွက် ပြန်လည် ထိန်းသိမ်းပြုပြင်သင့်ကြောင်း၊ လက်ရှိကာလတွင် စေတီငယ်အုတ်များအကြား ကျောက်ဆင်းတုရုပ်ပွားတော်များစွာ ညှပ်ကာတည်ထားသည့်ပုံသဏ္ဌာန်ကိုလေ့လာဖူးမြော်နိုင်ကြောင်း သိရသည်။

**တိမ်တမန်**

# စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**မြောက်ဦး စက်တင်ဘာ ၃၀**

မြောက်ဦးခရိုင် မြောက်ဦးမြို့တွင် ၅၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၃၁) လုံခြုံရေးရဲတပ်ဖွဲ့မှ ကြီးမှူး ကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် မြောက်ဦးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သံဃာဆေးကုသဆောင်တွင် ကျင်းပသည်။



အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ မြောက်ဦးမြို့ အမှတ်(၃၁) လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး မင်းစံဦး၊ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးစိုးမြင့်အောင်၊ ဌာနချုပ်တပ်ခွဲမှူး ဒုရဲမှူး နိုင်လင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်၍ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ထို့နောက် ကရုဏာလှိုင်း သွေးလှူရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသောင်းရွှေက ဒုရဲမှူးကြီး မင်းစံဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ စုပေါင်းသွေးလှူဒါန်းပွဲသို့ ရဲတပ်ဖွဲ့ဝင် ၈၀ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

SR | SMART RESOURCES WORLDWIDE EDUCATION

သမ္မတ ပညာတော်သင်ဆု ရရှိထားသူများအတွက် သတင်းကောင်း နှင့် အခမဲ့ ဝန်ဆောင်မှုများ

- ပညာရေး လမ်းကြောင်းများကို အကြံပေးရွေးချယ်ပေးခြင်း။
- USA၊ UK၊ Australia အပါအဝင် နိုင်ငံပေါင်း ၉ နိုင်ငံရှိ တက္ကသိုလ်ပေါင်း ၁၅၀ကျော် နှင့် ချိတ်ဆက်၍ ကျောင်းဝင်ခွင့်များ လျှောက်ထားပေးခြင်း။
- IELTS (သို့ မဟုတ်) ကျောင်းဝင်ခွင့် Test များအတွက် လိုအပ်သည့် သင်တန်းများအား အခမဲ့စီစဉ်ပေးခြင်း။
- ကျောင်းသားဗီဇာလျှောက်ထားခြင်း၊လိုအပ်သောစာရွက်စာတမ်းများအား စီစစ်ပေးခြင်း၊ကျောင်းသို့ သွားရန် ခရီးစဉ်စီစဉ်ပေးခြင်းနှင့် နေထိုင်ရန် ကူညီပေးခြင်း။
- အလုပ်သင်ဆင်းနိုင်ရန် စီစဉ်ပေးခြင်း နှင့် ကျောင်းပြီးသောအခါ အလုပ်အကိုင် ရရှိနိုင်စေရန် စီစဉ်ပေးခြင်း။
- Bursary Fees ခေါ် အထွေထွေအသုံးစရိတ် အတွက် ထောက်ပံ့ပေးခြင်း။

အနီးဆုံးကျောင်းဝင်ခွင့်လများ နှင့် Jan/Feb 2016 ကျောင်းဖွင့်ချိန်သို့ လျှောက်ထားရန် SR Worldwide Education သို့ ဆက်သွယ်နိုင်ပါသည်။

Contact Us – Tel: 09-799 6888 09, 09- 542 88 48
Visit Us : Level 4, MMC City Campus (47/48, Bahosi Building), Lanmataw Tsp, Yangon, Myanmar.

သုံးရာသီ ဝမ္မဒါန
အင်းလေးဖေါင်တော်ဦးပွဲတော်
တောင်ကြီး၊ ပင်းတယ၊ ကက္ကူ၊ ထန်စန်း
ထွင်းကျွေး-၅၀၀၀၀/-Oct - 16,23,30
(၁၀)ဦးဆယ်လျှင် တစ်ဦးအခမဲ့
ကားအမျိုးမျိုးစင်းလုံးငှားသည်။
420144148, 421153797

ဖခင်အမည်မှန်
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အထက(၂) ဒသမတန်း(F)မှ စောဟေသာ့မု [၁၂/အစန(နိုင်)၂၃၄၁၁၇]ကိုင်ဆောင်သူ၏ ဖခင်အမည်မှန်မှာ ဦးစောဆာဝါး(ခ) ဦးတင်ကိုအောင် ဖြစ်ပါကြောင်း။

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

# အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်မည့်အဆောက်အအုံများအတွက် မြေသားစမ်းသပ်မှု(Soil Test) လုပ်ငန်း ဆောင်ရွက်ရာတွင် မြေသားစမ်းသပ်ခြင်းနှင့်ပတ်သက်၍ ပိုမိုတိကျသောရလဒ်များ ရရှိလာစေပြီး တင်ပြချက်များအပေါ်တွင် တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန်အတွက် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ထောက်ခံချက်ပေးထားသည့် မြေသားစမ်းသပ်မှုလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီ(၁၂)ခုအနက် ဌာနသို့ မြေသားစမ်းသပ်မှုလုပ်ငန်းလိုင်စင် လာရောက် လျှောက်ထားသည့် ကုမ္ပဏီ(၆)ခုအား လိုင်စင်ထုတ်ပေးခဲ့၍ ကြေညာခဲ့ပြီး ယခုထပ်မံလျှောက်ထားလာသည့် အောက်ဖော်ပြပါ ကုမ္ပဏီ(၅)ခုအား လိုင်စင်ထုတ်ပေးထားပြီးဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | Geotechnics Myanmar Co.,Ltd | ပထမထပ်၊ စံပြရန်ကင်းဈေး၊ ရန်ကင်းမြို့နယ်၊ 09-448007119 |
| (ခ) | JGS Co.,Ltd | အမှတ်(၆-C)၊ ဘုရင့်နောင်လမ်း၊ ပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ 09-31119728, 09-975802226, 09-975802227, 09-975802228, 09-421119990 |
| (ဂ) | FUKKEN CO.,LTD(Yangon Branch) | အမှတ်(၁၃၁)၊ ပင်လုံ(၃)လမ်း၊ (၂၇/၄)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်းမြို့နယ်)။ 01-8010896, 09-420089762, 09-421096078 |
| (ဃ) | SUNTAC TECHNOLOGIES | အခန်း(၇)၊ တိုက်(၅)၊ Myanmar ICT Park လှိုင်မြို့နယ်၊ 01-652245, 01-652246, 01-652310, 01-652312, 01-507150 |
| (င) | Future Force Engineering Co.,Ltd | အမှတ်(၁၅၅)၊ ရာဇာဓိရာဇ်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ 09-5047815 |

၂။ ၁-၁၀-၂၀၁၅ ရက်မှစ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်တင်ပြရာတွင် တင်ပြရမည့် Soil Report များကို ဤကော်မတီမှ အသိအမှတ်ပြု မြေသားစမ်းသပ်မှုလုပ်ငန်းလိုင်စင်ရယူထားသည့် ကုမ္ပဏီများ၏ Soil Report များကိုသာ လက်ခံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြမည့်သူများ သိရှိနိုင်ပါရန်နှင့် မြေသားစမ်းသပ်မှုလုပ်ငန်းလိုင်စင် (Soil Test Licence)လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများမှ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၏ ထောက်ခံချက်ပူးတွဲတင်ပြ၍ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ (၁၀)ထပ်ရုံးသို့ ရုံးချိန်အတွင်း လာရောက်၍ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၀၁-၃၇၄၀၇၇၊ ၀၁-၃၇၄၀၅၅သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဆောင်းပါး

# လူသားတိုင်းအတွက်လူ့အခွင့်အရေး

**ခ** ရွှေတိုင်လွင်

သက်ရှိသတ္တဝါတို့ ဖြစ်တည်လျက်ရှိသော ဤလူသားကမ္ဘာကြီးတွင် လူသားအားလုံးနှင့် သက်ဆိုင်သော လူသားဂုဏ်သိက္ခာ Dignity၊ အသက်ရှင်ရပ်တည်မှု Human life တို့သည် လူသားအားလုံးနှင့် သက်ဆိုင်လျက်ရှိကြောင်း လေ့လာသိရှိခဲ့ရသည်။

လူသားတို့၏ ဂုဏ်သိက္ခာဆိုသည်မှာ မွေးဖွားသည့်ကာလမှ သေဆုံးသည့်ကာလအထိ လူသားတိုင်း၏အကျိုးခံစားခွင့်ရှိရန် လိုပေမည်ဟု သုံးသပ်တင်ပြကြသကဲ့သို့ သက်ဆိုင်ရာ လူသားအားလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များကို Universal Declaration of Human Right ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးအား ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အပုဒ်ပေါင်း (၃၀)ပါ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား (UDHR) ဖြင့် အတည်ပြုတည်ရှိခဲ့ပြီးဖြစ်သည်ကို လေ့လာတွေ့ရှိရပေသည်။

လူ့အခွင့်အရေးဟူသောဝေါဟာရမှာ လူသားထုကြီးအားလုံး မည်သည့်နိုင်ငံသားမဆို လူ့ဘဝ၌ ရပ်တည်နေသောလူအားလုံး တန်းတူညီတူ ခံစားခွင့်များပင်ဖြစ်ပေသည်။ မည်သူ၊ မည်ဝါ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ လူတစ်စုတို့အတွက် သီးခြားအခွင့်အရေးမဟုတ်ကြောင်းကိုလည်း လေ့လာတွေ့ရှိကြရပါပေမည်။

လူသားအားလုံးတို့၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိပြီး ဖယ်ရှားထုတ်ပယ်၍ မရသော အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဤကမ္ဘာပေါ်၌ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်းကို လေ့လာသိရှိရသည်။

လူ့အခွင့်အရေးကိုအလေးမထား၊ မထီမဲ့မြင်ပြုခြင်းသည် လူသားတို့၏ အကောင်း အဆိုး၊ အကြောင်းအကျိုးများကို ဆင်ခြင်နိုင်စွမ်းအားဖျက်ဆီးသည့် ရိုင်းစိုင်းရက်စက်သောအပြုအမူများ ဖြစ်ပေါ်စေခဲ့သောကြောင့်လည်းကောင်း၊ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသား သိကျူးခွင့်၊ လွတ်လပ်စွာ သက်ဝင်ယုံကြည်ခွင့်၊ ကြောက်ရွံ့ခြင်းနှင့် ချို့တဲ့ခြင်းတို့မှ လွတ်ကင်းခွင့်တို့ကို ရရှိခံစားရမည့် လူ့ဘောင်လောက ပေါ်ပေါက်လာရေးကို သာမန်လူသားအားလုံး၏ အမြင့်မားဆုံးသော မျှော်မှန်းချက်အဖြစ် ကြေညာပြီးဖြစ်သောကြောင့်လည်းကောင်း၊ အာဏာသုံးပြီး တရားလက်လွတ် အုပ်ချုပ်မှုနှင့် ဖိနှိပ်ချုပ်ချယ်မှုတို့ကို လူတို့၏နောက်ဆုံးနည်းလမ်းအရ ဆန့်ကျင်ပုန်ကန်သည့်အခြေအနေသို့ မရောက်ရှိနိုင်စေရေးအတွက် လူ့အခွင့်အရေးကို ဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ပေးရန် မဖြစ်မနေ ကြိုးပမ်းလုပ်ဆောင်ပေးသွားမည်ကိုလည်း ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ နိဒါန်းပိုင်းမှာ ရှာမှီးတွေ့ရှိရပါသည်။

ကုလသမဂ္ဂဝင် နိုင်ငံတိုင်းတို့သည် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်ပူးပေါင်း၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကမ္ဘာတစ်ဝှမ်းလုံးက ပိုမိုမြှင့်တင်လေးစားလိုက်နာ ကျင့်သုံးကြစေရေးအတွက် ဆောင်ရွက်မည်ဟူ၍ သဘောတူကတိပြုပြီး လက်မှတ်ရေးထိုးထားခဲ့ပြီးဖြစ်သည်ကို မှတ်သားတွေ့ရှိရပါသည်။

လူသားတိုင်းသည် လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး (သို့) အခြားအယူအဆ၊ နိုင်ငံသားသို့မဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇစ်မြစ် ပစ္စည်းဉစ္စာ၊ ဂုဏ်၊ မျိုးရိုး၊ ဇာတိဂုဏ်နှင့် အခြားအဆင့်အတန်း စသည်ဖြင့် ခွဲခြားမှုမျိုးမရှိစေရဘဲ ဤကြေညာစာတမ်းတွင် ဖော်ပြပါရှိသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့်အားလုံးကို ခံစားပိုင်ခွင့်ရှိကြောင်း၊ လူတစ်ဦးတစ်ယောက် နေထိုင်ရာ နေရာ၊ နိုင်ငံ၊ နယ်မြေဒေသသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နယ်မြေဖြစ်စေ၊ ကုလသမဂ္ဂ စောင့်ရှောက်ခံနယ်မြေဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာ မရရှိသောနယ်မြေဖြစ်စေ အချုပ်အခြာအာဏာတစ်စုံတစ်ရာ ကန့်သတ်မှုရှိသောနယ်မြေဖြစ်စေ ယင်း၏ နိုင်ငံရေး၊ တရားစီရင်ပိုင်ခွင့် (သို့မဟုတ်) နိုင်ငံတကာအဆင့်အတန်းတစ်ခုခုကို အခြေပြု၍ ခွဲခြားမှု မပြုလုပ်ရဟူသောအချက်များသည် လူသားတို့၏ဘဝအတွက် မရှိမဖြစ်ချမှတ်ခဲ့သော အလွန်ကောင်းမွန် မှန်ကန်သည့်နည်းလမ်းများကို သိရှိကြရပေမည်။

မည်သည့်လူတစ်ဦးတစ်ယောက်ကိုမျှ ကျေးကျွန်အဖြစ်ပြုလုပ်ခြင်း၊ ကျွန်ပြုလုပ်ခြင်းနှင့် ကျွန်အရောင်းအဝယ်ပြုခြင်း ပုံစံအားလုံးကို ပိတ်ပင်တားဆီးသွားမည်ဖြစ်ကြောင်း၊ မည်သူ့ကိုမျှ ညှင်းပန်း နှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း စသော လူမဆန်သည့်၊ လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် ပြုမူဆက်ဆံခြင်း၊ အပြစ်ဒဏ်ပေးခြင်းများကို မပြုလုပ်ရန် ဤအစည်းအဝေးညီလာခံကြီးက တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုထားခဲ့သည်ကို မြတ်နိုးလေးစားဖွယ် တွေ့မြင်ကြရပေမည်။

မိမိ၏နိုင်ငံအတွင်းနေထိုင်သူ မည်သူမဆို ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ မိသားစု (သို့) စာပေးစာယူကိစ္စရပ်များတွင် မတရားဝင်ရောက်စွက်ဖက်ခြင်းနှင့် မိမိဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုတို့အား ပုတ်ခတ်ခြင်းတို့ကိုလည်း မခံရစေရေး၊ လူတိုင်းသည် ထိုသို့ဝင်ရောက်စွက်ဖက်ဟန့်တား ဖိနှိပ်ချုပ်ချယ်မှု တို့အား (သို့) ပုတ်ခတ်ခြင်းတို့ကို ဥပဒေအရ အကာအကွယ်ရပိုင်ခွင့်ရှိကြရပေမည်။ လူတို့တွင် မိမိနိုင်ငံ၏ နယ်နိမိတ်အတွင်း၌ လွတ်လပ်စွာသွားလာလှုပ်ရှား လုပ်ကိုင်စားသောက် ရွှေ့ပြောင်းခွင့်နှင့် နေထိုင်ခွင့်သည် သဘာဝ လူ့ပတ်ဝန်းကျင်နှင့် ကိုက်ညီသော လိုက်လျောညီထွေသော ဥပဒေများဖြစ်ပါသည်။

## လူသားတို့၏ ဂုဏ်သိက္ခာဆိုသည်မှာ. .

ထို့အတူ အချို့သောအပိုဒ်များ၌ ဖော်ပြထားသည်မှာ လူတိုင်းသည် ဖိစီးနှိပ်စက်မှုလွတ်ကင်းရန် အခြားနိုင်ငံများသို့ ခိုလှုံခွင့်အား တောင်းခံပိုင်ခွင့်နှင့် ရရှိခံစားပိုင်ခွင့်ရှိပေသည်။ နိုင်ငံရေးနှင့် မပတ်သက်သည့်ပြစ်မှုများ၊ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်နှင့် ဤအခြေခံမှုများကို ဆန့်ကျင်သော အပြုအမူများမှ အမှန်ထွက်ပေါ်လာသော တရားစွဲဆိုသောအမှုများတွင် အထက်ပါအခွင့်အရေးကို သုံးစွဲမှုမရှိစေရန် ဖော်ပြပါရှိသည်။

အရွယ်ရောက်ပြီးသော ယောကျာ်း၊ မိန်းမတို့သည် လူမျိုး၊ ဘာသာ၊ နိုင်ငံသား အကြောင်းပြု၍ ခွဲခြားခွင့်မရှိစေရ။ ကန့်သတ်ချက်တစ်စုံတစ်ရာမရှိစေဘဲ လွတ်လပ်စွာ လက်ထပ်ခွင့်၊ မိသားစု ထူထောင်ခွင့် ရှိရမည်။ လူတိုင်းသည် နိုင်ငံတစ်နိုင်ငံ၏နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။ မည်သူ့မျှ မိမိ၏နိုင်ငံသားဖြစ်မှုကို မတရားရုပ်သိမ်းခြင်း မခံရစေလိုကြောင်း၊ မိမိ၏နိုင်ငံသားဖြစ်မှု ပြောင်းလဲမှု အခွင့်အရေးတို့ကို ငြင်းပယ်မှုမရှိစေရဟူ၍လည်းပါရှိလေရာ လူသားတို့ဘဝကို များစွာ ကာကွယ်တည်ဆောက်ပေးထားကြောင်း အချက်အလက်အချို့ကို ကြည့်ရုံဖြင့် သိမြင်နိုင်ကြပေမည်။

လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သည့် လူသားတိုင်းအတွက် မွေးရာပါ အခွင့်အရေးဖြစ်သည်။ လူ့အခွင့်အရေးကို ဖယ်ရှားပစ်၍မရ၊ ခွဲခြား၍မရ၊ လူ့အခွင့်အရေးများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်အမှီပြုလျက်ရှိပါသည်။

ဤကဲ့သို့ကောင်းမြတ်သော လူ့အခွင့်အရေးကြေညာစာတမ်းကြီးမှာ ကမ္ဘာ၌ ပေါ်ပေါက်နေသည်မှာ လွန်ခဲ့သော (၆၇)နှစ်ကတည်းက ရှိနေခဲ့သော်လည်း ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ကြီး၌ ကျင့်သုံးရောက်ရှိ လာခဲ့သည်မှာ ယင်း၏သက်တမ်း (၆၆)နှစ်မြောက်ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ်လ ၂၈ ရက်ကမှ စတင်ဖွဲ့စည်းလိုက်နာကျင့်သုံးခဲ့သည်ကို သမိုင်းအထောက်အထားများက ပြသထားပါသည်။ လူသားတို့အသက်ရှင်ရပ်တည်နေသမျှ ဤပြဋ္ဌာန်းချက်အပုဒ် ၃၀ ပါ လူ့အခွင့်အရေးကြေညာစာတမ်းကြီး တည်ရှိနေရေး၊ လူသားတိုင်းက ဝိုင်းဝန်းကြိုးပမ်းကျင့်သုံးနေထိုင်သွားကြရန်လိုအပ်ပေမည်။

### အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲကျင်းပ

**ညောင်လေးပင် စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ စက်တင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကိုကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကမှ အဖွင့်အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး မှ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့ပေါ်(၅) ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းမှာ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာလ ၂၃ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်းသိရသည်။ (၆၉၂)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

**အ. ထ. က (၁)ကျိုက်ထို**
**နှစ် (၁၀၀)ပြည့်အတွက် စာမူဖိတ်ခေါ်ခြင်း**

အ. ထ. က(၁)၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၏ နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည် ဖြစ်ပါသောကြောင့် စာပေဝါသနာရှင်များ၊ ကျောင်းသား/သူ (အဟောင်း /အသစ်) များအနေဖြင့် အောက်ပါလိပ်စာအတိုင်း ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ရေးသားပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ပါသည်။

၁။ ဆရာမကြီး အ. ထ. က (၁) ကျိုက်ထို
၂။ ကိုမင်းဇော် (ဖွဲ့ရွှေဆိုင်) ကျိုက်ထို၊ ၀၉- ၇၉၀၀၉၉၃၇၇
၃။ ကိုတင့်လွင် (နေဇာလွင်စတိုး) ကျိုက်ထို၊ ၀၅၇- ၆၀၂၁၁

**ဖခင် အမည်မှန်**
တိုက်ကြီးမြို့နယ်၊ ဘန့်ဘွေးကွင်း(အထက) ပထမတန်း(B)မှ မအေးပိုပိုအောင်၏ ဖခင် အမည်မှန်မှာ ဦးတာတီဖိုး [၁၂/တကန(နိုင်)၂၀၄၃၅၆] ဖြစ်ပါသည်။
**ဦးတာတီဖိုး[၁၂/တကန(နိုင်)၂၀၄၃၅၆]**

အနီးဆုံးရောက်ရှိရမည့် ကိုရီးယားအလုပ်ခွင် Professional ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
**EPS-TOPIK**
(ကိုရီးယားဘာသာစကားအရည်အချင်း စစ်စာမေးပွဲ)
ပညာအရည်အချင်းမလိုဘဲ
သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့
* လစာ (၁၈)သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက်
* မြန်မာစကား ကျွမ်းကျင်စွာ ပြောနိုင်သော ကိုရီးယားလူမျိုး ဆရာ Kim ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
* ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
* တန်းခွဲသစ်များ ၁၂-၁၀-၂၀၁၅ ရက်နောက်ဆုံးထား၍လက်ခံပေးနေပါသည်
**တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး**
**တိုင်ပင်ဆွေးနွေးကြည့်ပါ။**
လိပ်စာ - အမှတ် (B/30) ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း
ဖုန်း - ၀၁ ၅၁၂၈၀၄ ၊ ၀၉-၃၀၀၉၃၅၉၂ ၊ ၀၉-၇၉၅၈၃၂၀၀၀
မုဒ္ဒန်တောင်ဖုန်း - ၀၁-၃၉၇၅၀၂ ၊ ၀၉-၅၁၅၀၅၈၂ ၊

**မြင့်မြတ်** အမှတ်တံဆိပ်
**အမွှေးပြေသောက်ဆေး**
ခေါင်းမူးခြင်း ခေါင်းကိုက်ခြင်း ဦးခေါင်းတစ်ခုလုံးအုံ့ခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအား နည်းခြင်းများအတွက်သုံးစွဲနိုင်ပါသည်။
တိုင်းရင်းဆေးထိုးမှတ်ပုံတင်အမှတ်-TMR 011342 (0118)
ပင်ရင်း- ကြောမင်းဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း-၀၉ ၇၃၂၁၁၀၆၁၊ ၀၉ ၇၃၁၉၇၅၂၄၊ ၀၉ ၇၃၀၄၅၅၁၉၊

zci t r n re
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇလောင်းကျေးရွာနေ ငန်းစပ်တွဲဖက် အထက သတ္တမတန်းမှ မောင်ဇင်မင်းသူ၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း[၉/ပမန(နိုင်)၂၂၇၈၉] ဖြစ်ကြောင်း။ ဦးသန်းဝင်း

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း**

**GUSTO INTERNATIONAL COLLEGE**

- တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
- အဆင့်မြင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
- စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသောနိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
- ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည် *

2015 October Intake

ခြံအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 789 888 222, 09 862 8806, 01 504632

# ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ဝါမျိုးသန့်မျိုးစေ့ထုတ် စိုက်ကွင်းပြပွဲ ကျင်းပ

**ပုလဲ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ထန်းတောတိုက်ကျေးရွာနေ တောင်သူ ဦးသန်းလွင်၏ ကွင်းအမှတ် (၁၀၁၇) ဦးပိုင်အမှတ် (၂၉) တွင် အောင်မြင်ဖြစ်ထွန်းနေသော မိုးကြိုချည်မျှင်ရှည်ဝါ ရွှေတောင်(၈) တစ်ဧကနှင့် ငွေချည်(၉) တစ်ဧက ဝါမျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းပြပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

မိုးကြိုချည်မျှင်ရှည်ဝါ ရွှေတောင်(၈) နှင့်ငွေချည်(၉) ဝါမျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းပြပွဲတွင် ပုလဲမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြီးညိုက "ရွှေတောင်(၈) နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါများဟာ သီးလုံးပေါက်ပိုးဒဏ်ခံနိုင်တဲ့ ဗီဇအရည်အသွေးရှိပြီး ရာသီမရွေး စိုက်ပျိုးနိုင်တဲ့အတွက်ကြောင့် သိပ္ပံနည်းကျစိုက်ပျိုးနည်း ၁၀ ချက်နဲ့အညီ လိုက်နာဆောင်ရွက်ရင် တစ်ဧကအထွက်နှုန်း ပိဿာချိန် ၁၀၀၀ နဲ့အထက် ထွက်ရှိနိုင်ရေး ရည်ရွယ်ချက်များနဲ့ အခုလို အမှန်တကယ်အောင်မြင်ဖြစ်ထွန်းနေတဲ့ စိုက်ကွင်းပြပွဲသို့ တောင်သူတွေကို ဖိတ်ခေါ်ပြီး လက်တွေ့သရုပ်ပြရှင်းလင်းပေးခြင်း ဖြစ်ပါတယ်။

"အဓိကအနေနဲ့တော့ သီးနှံအထွက်နှုန်း တိုးတက်လာခြင်းမှသည် တောင်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် အမာခံဈေးကွက်ရှိတဲ့ ဝါမျိုးသန့် မျိုးစေ့စိုက်ပျိုးနိုင်စေရေးအတွက် ဝန်ထမ်းများက တောင်သူများနဲ့ ကွင်းထဲဆင်းပြီး လက်တွဲပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပုလဲမြို့နယ်၊ ထန်းတောတိုက်ကျေးရွာနေ တောင်သူဦးသန်းလွင်က "ဒီနှစ်ရွှေတောင်(၈) နှင့် ငွေချည်(၉) မိုးကြိုချည်မျှင်ရှည်ဝါ တစ်ဧကစီကို ဝါရုံးက ဝန်ထမ်းတွေရဲ့အကူအညီနဲ့ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၀ ချက်နဲ့ စိုက်ပျိုးခဲ့တာ စိုက်စရိတ်နဲ့ အလုပ်သမားခအပါအဝင် တစ်ဧကကို ကျပ်သုံးသိန်းခွဲနှုန်းနဲ့ နှစ်ဧကဆိုတော့ ကျပ်ခုနစ်သိန်းကုန်ကျပါတယ်။ အခုတော့ အောင်မြင်ဖြစ်ထွန်းနေတဲ့ စိမ်းစိမ်းစိုစိုနဲ့ ဝါစိုက်ခင်းက မြင်တဲ့အတိုင်းပဲဗျာ။ နှစ်ဧကအထွက်နှုန်းက ရာသီကုန်အထိ ခန့်မှန်းပိဿာချိန် ၂၂၀၀ ကျော်လောက် ထွက်မယ်လို့ ခန့်မှန်းပါတယ်။လက်ရှိဝါပေါက်ဈေးက တစ်ပိဿာ ငွေကျပ် ၁၀၀၀ ရှိတာမို့ ၂၂ သိန်းကျော်လောက်ရမှာဖြစ်လို့ ပျော်မဆုံးနိုင်အောင်ပါပဲဗျာ။ ဒါကြောင့် ကျွန်တော်တို့ မိုးကောင်းသောက်ဒေသက တောင်သူတွေအနေနဲ့လည်း အခြားသီးနှံများအပြင် အကျိုးဖြစ်ထွန်းတဲ့ မိုးကြိုချည်မျှင်ရှည်ဝါကို စိုက်ပျိုးသင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ဘုရားသုံးဆူ ဗုဒ္ဓပူဇနိယပွဲတော်အကြို မြေထည်အလှပစ္စည်းများ ရောင်းချ



**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၂ လမ်း ၂၉ လမ်းနှင့် ၃၀ လမ်းကြား ချမ်းအေးသာစံအလယ်ရပ်ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားသုံးဆူ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်လဆန်း ၁၀ ရက်တွင် နန်းတော်ရှေ့စည်တော်ကြီးအဖွဲ့၊ အရပ်လေးမျက်နှာအငြိမ့်ပွဲ၊ ခြင်းအလှခတ်ပွဲများဖြင့် စည်ကားစွာ ကျင်းပခဲ့သည်။

ဘုရားသုံးဆူ ဗုဒ္ဓပူဇနိယပွဲတော်အကြိုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၊ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်တို့မှ မြန်မာ့ရိုးရာ မြေထည်၊ ကလေးကစားစရာ အိုးပုတ်ဈေးသည်များ လာရောက်ကြကာ ၈၂ လမ်းမကြီး ဝဲယာတွင် ခေတ်မီပလတ်စတစ်ကစားစရာပစ္စည်းများနှင့်အပြိုင် မြေထည်တွင် သဘော်ဆေး၊ အနုမြူရောင်စုံဆေးများချယ်ကာ ကလေးများ စွဲမက်ဖွယ် နှစ်စဉ်လာရောက် ရောင်းချကြသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုဘိုရွှေကျောင်းရပ်တွင် နှစ်စဉ်ဝါခေါင်လဆန်း ၇ ရက် အိုးပုတ်ပွဲကျင်းပပြီး တောင်ပြုန်းပွဲ၊ ရတနာ့ဂူပွဲပြန် အိုးပုတ်ဈေးသည်များသည် ဘုရားသုံးဆူ ဗုဒ္ဓပူဇနိယပွဲတော်အကြို လာရောက်ရောင်းချကြရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့လွှဲပြောင်း ပေးအပ်

**မြစ်သား စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရွာမုန်းကြီးကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၂၈ လမ်း ၈၇-၈၈ လမ်းကြားနေ စိန်သုံးလုံးပွဲရုံပိုင်ရှင်များဖြစ်ကြသော ဒေါ်သန်း၊ ဒေါ်ရှမ်းမိသားစုက ကျောင်းဆောင်သစ် ဆောက်လုပ်၍ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သောအခမ်းအနား ကျင်းပခဲ့သည်။

"အလှူရှင်များက ကလေးတွေ မိုးလုံလေလုံနဲ့ အေးအေးချမ်းချမ်း စာပေသင်ကြားနိုင်ဖို့ စေတနာအားထက်သန်စွာနဲ့ လှူဒါန်းခဲ့ကြတာပါ။ ပေ ၆၀×၃၀၊ နှစ်ခန်းတွဲဖြစ်ပြီး RC တစ်ထပ်တိုက်ပါခင်ဗျ။ တန်ဖိုးကတော့ ကျပ် ၁၄၅ သိန်း ကျော်ပါတယ်။ ကျွန်တော်တို့ ရွာသူ၊ ရွာသားအားလုံးက အလှူရှင်မိသားစုကို ဒီကျောင်းဆောင်သစ်ဟာ ရွာအတွက် တစ်ကယ်ပဲလိုအပ်နေလို့ အလွန်ပဲကျေးဇူးတင်ရှိကြောင်း ပြောချင်ပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းမင်းစိုးက ပြောပြသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းဆောင်သစ်ကို အလှူရှင်များက လှူဒါန်းရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးညိုအေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ အလှူရှင်မိသားစုများ၊ ရွာသူ၊ ရွာသားများ၊ ကျောင်းဆောက်လုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများ အင်အား ၂၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ဘုတ်ပြင်းတွင် ကျေးလက်ရေပေးရေးလုပ်ငန်းများ စစ်ဆေး

**ဘုတ်ပြင်း စက်တင်ဘာ ၃၀**


မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကမာချောင်းကျေးရွာအုပ်စု၌ ကျေးလက်ပြည်သူများသို့ သောက်သုံးရေပေးဝေရေး စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများအား စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါကွင်းဆင်းစစ်ဆေးမှုတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်အဖွဲ့သည် ကမာချောင်းကျေးရွာအုပ်စု အတွင်းရှိ ပြည်သူများ၏ သောက်သုံးရေလိုအပ်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများအား ကွင်းဆင်းကြပ်မတ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်းအား Tharithory Three Star ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပေးခြင်းဖြစ်ရာ ကျေးရွာအုပ်စုမှ နှစ်မိုင်အကွာအဝေးရှိ ရေအရင်းအမြစ်ရနိုင်သည့်နေရာတွင် ရေဂါလန် ၇၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ကာ အေးချမ်းမြိုင် (၁) ကျေးရွာ၊ အေးချမ်းမြိုင် (၂) ကျေးရွာနှင့် ကမာချောင်းကျေးရွာမှ ကျေးလက်ပြည်သူများသို့ တစ်နှစ်ပတ်လုံး သောက်သုံးရေအလုံအလောက် ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

တတိယအကြိမ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ



Dr. Thein Lwin



Dr. Yuzana Saw Myint



Daw Khit Phone Thit

Date: 11.10.2015 Time: 1:00 - 5:00 PM Place: MICT Park, Conference Hall

Get Free Entrance Ticket At Our Centres...
- 09262963776
- 09262963775
- 09254148005
- 09254148006

Main Sponsors Co-sponsor Organized by

nurture preschool

IBTC

UMFCCI နှင့် MIA တို့၏ စီစဉ်မှု IBTC ၏ ပံ့ပိုးမှုဖြင့်
သွင်းကုန်မြင့်တက်လာမှုကြောင့်
မြန်မာ့စီးပွားရေးလုပ်ငန်းများမထိခိုက်စေရေးဟောပြောပွဲ

ပြောကြားမည့်ပုဂ္ဂိုလ် - ဒေါက်တာမောင်မောင်အောင်(အကြံပေးပုဂ္ဂိုလ်၊ MOC)
နေရာ - မင်္ဂလာခန်းမ၊ UMFCCI၊ အမှတ်-၂၉၊ မင်းရဲကျော်စွာလမ်း
နေ့ရက် - ၃-၁၀-၂၀၁၅ရက် (စနေနေ့)
အချိန် - နံနက် ၉း၃၀နာရီမှ ၁၂း၃၀နာရီအထိ
လုပ်ငန်းရှင်များနှင့် စိတ်ဝင်စားသူများတက်ရောက်နိုင်ပါသည်။

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ အနောက်မင်းလမ်း၊ မမ-၁၆နေသူ ဖြစ်သော ဦးကံစိန်[အိပ်ချ်ဂျီယူ-၀၀၀၆၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်-၅(ခ)၊ အကွက်အမှတ်-ဈေးပိုင်း၊ ဦးပိုင်အမှတ်-၆၆(ခ)၊ မြေဧရိယာ (၀. ၁၅၆) ဧကရှိ မြေကွက်သည် အင်းစိန် လ/န အမှုအမှတ်(၆၀၃/၁၁)၊ အင်းစိန် ၅၆-၅၇အရ အိမ်ရာမြေအသုံးပြုရန် ပေးအပ်ထားသော မြေကွက်ဖြစ်ပြီး လှည်းကူးမြို့စာချုပ်မှတ်ပုံတင်အမှတ်-၇၂ (၂၈-၄-၅၅)ရက် အပိုင်ဝယ်ယူကြောင်း စာချုပ်အရ ၂၂-၅-၅၈ ရက်က ဒေါ်သိန်းရင် အမည်ပေါက် ပိုင်ဆိုင်သောမြေကွက် ဖြစ်ထားပါသည်။ ဒေါ်သိန်းရင်တွင် သားသမီး(၅)ဦး ထွန်းကားခဲ့ပြီး ဒေါ်သိန်းရင်၊ ၎င်း၏ခင်ပွန်းနှင့် သားသမီး (၅)ဦးလုံးမှာ ကွယ်လွန်သွားကြပြီဖြစ်ပါသည်။ ဦးကံစိန်သည် ဒေါ်သိန်းရင်၏သား ဦးမောင်လှမှ မွေးသောသားတစ်ဦးဖြစ်၍ ဒေါ်သိန်းရင်၏ 'မြေး' ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ လွှဲအပ်ညွှန်ကြားချက်အရ
ဦးကံစိန် ဒေါ်မြင့်မြင့်သန်း[B.A(Law),LL.B] တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၀)
၂၈၄၊ မာလာမြိုင်လမ်း၊ ပေါက်တော၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ဟိန်း 01-293159 01-9000293 09-5160048
www.heincarrental.com

## ပျောက်ဆုံးကြောင်း

မော်တော်ယာဉ် တင်သွင်းခွင့်လိုင်စင် (၁၆-၇-၂၀၁၅)ရက်စွဲပါ သွင်းကုန်လိုင်စင် အမှတ် (ILG 15-16-0191) ပျောက်ဆုံးသွားပါ၍တွေ့ရှိက အကြောင်းကြားပါရန်။
ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၇၉၇၆၃၁၅၉

## တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ပတုတ်အုပ်စု၊ ရေပ်ရိုးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဌမတန်း ကျောင်းသား မောင်ဟိန်းညွန့်ဝင်း၏ ဖခင် ဦးသာညွန့်(ခ) ဦးစိန်သင်းမောင်[၁၄/အဂပ(နိုင်)၀၈၇၇၄၁] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးသာညွန့်(ခ)ဦးစိန်သင်းမောင်

## ဝယ်လိုပါသည်

ဒဂုံ၊ မြို့မကျောင်းလမ်း
Condo တွင် အခန်းဝယ်လိုပါသည်။
ဖုန်း-၀၉-၅၃၇၀၈၅၂၊ ၀၉-၄၃၁၀၇၂၅၁

ဆံပင် အလှပြင်ပစ္စည်းများ
ဈေးနှုန်းသက်သာစွာ ရောင်းရန်ရှိသည်။
Ph: 09-73047571, 09-73217017

Rigel Crafting Human Resources
ဦးထွန်းအောင်ကျော်
M.Ed. TESOL ( Manchester ), MPA (Yangon )
အင်္ဂလိပ်စာဌာနမှူးအငြိမ်းစား ဂုဏ်ထူးဆောင်ပါမောက္ခ
ကိုယ်တိုင်ဦးစီးသင်ကြားသော
- English for Business Purposes
- General English Proficiency - 4 Skills
- IELTS
- Academic Writing

# လက်မှုပညာဖြစ်သည့် ဖောင်းအိုးတုတ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာပြည်သူများအဆင်ပြေ

**စဥ့်ကိုင် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် နန်းနီကျေးရွာသည် စဥ့်ကိုင်မြို့နှင့် ၉ မိုင်ကျော် သွားရောက်ရသည့်ရွာလေးတစ်ရွာဖြစ်ပြီး အိမ်ထောင်စု ၁၅၇ စုရှိရာ လူဦးရေ ၆၆၇ တွင် ဖောင်းအိုးတုတ်လုပ်ငန်းကို လူဦးရေ ၇၀ လုပ်ကိုင်လျက်ရှိပြီး လက်မှုပညာဖြစ်သည့် ဖောင်းအိုးတုတ်လုပ်ငန်းဖြင့် မိသားစုစီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။



ဖောင်းအိုးတုတ်လုပ်ငန်းအတွက် အဓိကလိုအပ်လျက်ရှိသော ကုန်ကြမ်းဖြစ်သည့် စနယ်မြေနက်ကို နန်းနီကျေးရွာတွင် ရရှိပြီးအဆင့်ဆင့်လုပ်ဆောင်ရသောလုပ်ငန်းဖြစ်၍ သဲ၊ စနယ်မြေနက်တို့ကို ဆတူရော၍ ရေဖြင့်နှူးအောင်ပြုလုပ်ပြီး နင်းရပါသည်။ အိုးဖုတ်ရန် လောင်စာအဖြစ် ထန်းပင်မှထွက်သော ပစ္စည်းများ၊ နွားချေး၊ ကောက်ရိုးများကိုအသုံးပြု၍ မီးဖုတ်ပြီး အဆင့်ဆင့်လုပ်ဆောင်ပြီးပါက ဖောင်းအိုးတုတ်တစ်လုံး ရရှိပါသည်။

ဖောင်းအိုးတုတ်လုပ်ငန်းအတွက် အရင်းအနှီးအဖြစ် သဲဖိုးကျပ် ၃၀၀၊ စနယ်မြေနက် မြေကြီးဖိုးကျပ် ၃၀၀၊ မြေနင်းခကျပ် ၃၀၀၊ ကောက်ရိုး၊ ထန်းပင်မှထွက်သောပစ္စည်းနှင့် နွားချေးဖိုးကျပ် ၂၀၀၀ ကုန်ကျပါက ဖောင်းအိုးတုတ် ၁၀ လုံးရရှိပြီး တစ်လုံးလျှင်ငွေကျပ် ၈၀၀ နှုန်းဖြင့် ကျေးရွာအရောက်ဖောက်သည်များ လာရောက်ယူကြောင်း ရာသီမရွေး တစ်နှစ်ပတ်လုံး လုပ်ကိုင်နိုင်ခြင်း၊ အိမ်လုပ်ငန်းမပျက် အရိပ်ထဲတွင် ရင်းနှီးငွေကျပ် ၂၉၀၀ တွင် ရရှိငွေကျပ် ၈၀၀၀ ဖြစ်ရာ ရင်းနှီးငွေနည်းပြီး ပုံမှန်ဝင်ငွေ ငွေကျပ် ၅၁၀၀ ရရှိသည့်အတွက် မိသားစုအပိုဝင်ငွေ အဆင်ပြေလျက်ရှိကြောင်း နန်းနီကျေးရွာမှ ဖောင်းအိုးတုတ်လုပ်ငန်းလုပ်ကိုင်သူ မခင်မာစိုးက ပြောသည်။ **တင်တင်ထွေး(စဥ့်ကိုင်)**

# ပုဂံဒ္ဒမနူဟာဘုရားပွဲတော်တွင် အရုပ်သွန်းနှင့် ငွေသွန်းလောင်းလှူပွဲ လှည့်လည်သည့်အဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်

**ညောင်ဦး စက်တင်ဘာ ၃၀**

ပုဂံရှေးဟောင်းယဥ်ကျေးမှုနယ်မြေဒေသ မနူဟာဘုရား ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် ရိုးရာမပျက် အရုပ်သွန်းများလှည့်လည်သည့်အဖွဲ့များနှင့် ငွေသွန်းလောင်းလှူပွဲလှည့်လည်သည့်အဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက်က မနူဟာဘုရားကြီး ရင်ပြင်တော်ယာယီမဏ္ဍပ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ပုဂံဒေသသည်ရှေးဟောင်းယဥ်ကျေးမှုအမွေအနှစ်များ စုဝေးရာဒေသဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသည့် ဒေသဖြစ်သောကြောင့်ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး ဒေသခံ ပြည်သူများလူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အလို့ငှာ ရိုးရာအစဥ်အလာများဖြစ်သည့် အရုပ်သွန်းဖြင့် လှည့်လည်ပူဇော်သည့်အဖွဲ့များနှင့် ငွေသွန်းလောင်းလှည့်လည်သည့်အဖွဲ့များ တိမ်ကောပပျောက်မသွားစေရန်၊ မြန်မာ့အရုပ်ချိုးပညာ တီထွင်ဖန်တီးတိုးတက်ကောင်းမွန်လာစေရန်၊ မြန်မာ့ယဥ်ကျေးမှုဓလေ့တို့ကို ကမ္ဘာမှသိစေရန်တို့ ရည်ရွယ်ကြောင်း ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့် ပက်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဘုရားပွဲတော် လှည့်လည်ပူဇော်ရာတွင်ပါဝင်သည့် အရုပ်သွန်းအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်နိုင်ရန် ဆန်ခါတင်အဖွဲ့ငါးဖွဲ့ ရွေးချယ်ခဲ့သည့် အကဲဖြတ်အမှတ်ပေးဒိုင်များကိုယ်စား ဒိုင်အဖွဲ့ဝင် ပန်းချီဦးလှထွန်းက အရုပ်သွန်းများအပေါ် ဝေဖန်သုံးသပ် အမှတ်ပေးရခြင်းများအပေါ် ရှင်းလင်းတင်ပြခဲ့သည်။ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းက ငွေသွန်းလောင်းလှည့်လည်သည့်အဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မနူဟာဘုရားဂေါပကအဖွဲ့က ဘုရားပွဲတော်တွင် အရုပ်သွန်းလှည့်လည်ပွဲများ ပိုမိုစည်ကားစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် ပုဂ္ဂိုလ်၊ အသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က မနူဟာဘုရားပွဲတော်တွင် ရိုးရာအစဥ်အလာမပျက် လှည့်လည်ပူဇော်သည့် အရုပ်သွန်းအဖွဲ့များမှ ဆန်ခါတင်အဖွဲ့ငါးဖွဲ့အား ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ညောင်ဦးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်က ငွေသွန်းလောင်းလှူပွဲတွင် လှည့်လည်သည့်အဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ဝက်မွေးမြူရေးနှင့် ကာကွယ်ဆေးထိုးသင်တန်း ဖွင့်လှစ်

**စေတုတ္တရာ စက်တင်ဘာ ၃၀**

ရေဘေးသင့်ဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်၍ စီးပွားရေးလုပ်ငန်းများ စဥ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝက်မွေးမြူရေးနှင့် ကာကွယ်ဆေးထိုးသင်တန်းဖွင့်ပွဲအား စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမိုးကျော်မင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ စေတုတ္တရာမြို့နယ် သံဆည်ရွာ၊ တယ်ဇာရွာ၊ မြေနီကုန်းရွာ၊ တောင်မြေနီရွာ၊ အင်းကုန်းရွာ၊ ကျောက်ဖူးရွာ၊ထန်းကိုင်းရွာ၊ ဒုံချောင်းရွာ၊ သရန်ကိုင်းရွာ၊ ခွေးမလောင်ရွာ၊ ဟန်ဒေါက်ရွာ၊ လေလဲရွာ၊ ပွင့်တောက်ရွာ၊ ဘူးရွာ၊ ပန်းအိရွာ၊မြောင်းဦးရွာ၊ ဖအိုင်း(မကြီးစု)ရွာ၊ ကုန်းတရားရွာနှင့် မဏ္ဍပ်ကိုင်းကျေးရွာတို့မှ ကျေးလက်နေ သင်တန်းသား ၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၁ ရက်ထိ စာတွေ့၊ လက်တွေ့များနှင့် ကျေးရွာများအရောက် ကွင်းဆင်းကာကွယ်ဆေးထိုးခြင်းများဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။


**သူရထွန်း**












# မင်းလှမြို့တွင် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမြင့်တင်ကွန်ကရစ် အုတ်ရေစင်၊ ရေကန်တည်ဆောက်

**မင်းလှ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့တွင် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အဖွဲ့ရန်ပုံငွေ ၈၅ သိန်းဖြင့် အမြင့်တင်ကွန်ကရစ်အုတ်ရေစင်၊ ရေကန်တည်ဆောက်ခြင်းလုပ်ငန်းအား ယခုနှစ် စက်တင်ဘာ ၂၄ ရက်မှ စတင်တည်ဆောက်နေခြင်းဖြစ်ကြောင်း မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှသိရသည်။

ယင်းလုပ်ငန်းဆောင်ရွက်ခြင်းအား မင်းလှမြို့ အမှတ် (၉) ရပ်ကွက်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ပင်မရေလှောင်ကန်ဝန်းအတွင်း အမြင့်တင်အုတ်ရေစင်၊ ရေကန် ဂါလန် ၃၅၀၀ ဆံ့တည်ဆောက်နေခြင်းဖြစ်ပြီး အောက်တိုဘာလ ဒုတိယပတ်အတွင်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မင်းလှမြို့မှာ ရပ်ကွက် (၁၀) ရပ်ကွက် အိမ်ခြေ ၄၀၀၀ ကျော်ရှိပြီး ဂါလန် ၅၀၀ ဆံ့မီးသတ်ကားလေးစီးရှိပါတယ်။ နှစ်စဉ် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်များအား ရေအလွယ်တကူထည့်ပေးနိုင်ရေး၊ နွေရာသီ သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးနှင့်မင်းလှမြို့နယ် ပတ်ဝန်းကျင်ရှိကျေးရွာများတွင် နွေရာသီ သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်လာပါကလည်း သောက်သုံးရေ အလွယ်တကူဖြန့်ဝေပေးနိုင်ရေးတို့အတွက် ရည်ရွယ်ကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံက ပြောသည်။ **ကျော်ဇေယျ**

## တစ်ဧကအထွက်နှုန်း တိုးတက်ရရှိရေးအတွက် မျိုးသန့်မျိုးပွား စံပြစိုက်ခင်း၌ မြေသြဇာကြဲပက်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၃၀**

ဆင်ပေါင်ဝဲမြို့နယ်အတွင်း မိုးစပါး မျိုးကောင်းမျိုးသန့် ပြန့်ပွားရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရရှိရေးကို ရည်ရွယ်၍ စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်က ညောင်ပင်သာအုပ်စု ကန်လှကျေးရွာ ကွင်းအမှတ် ၆၇၂ တောင်သူဦးကျော်မြင့်၏ ဆင်းသုခ မျိုးသန့်မျိုးပွား စံပြစိုက်ခင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ပုလဲဓာတ်မြေသြဇာနှင့် သဘာဝဓာတ်မြေသြဇာများ ကြဲပက်ပြီး လက်တွေ့ပြသ ပညာပေးဆောင်ရွက်ကြသည်။ အဆိုပါ စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲသို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်ရှိန်နှင့် ဆင်းသုခ မျိုးသန့်မျိုးပွားစိုက်ပျိုးသည့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျွန်းစုမြို့နယ်အတွင်း မဲရုံ ၁၆၂ ရုံအတွက် မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား သင်တန်းပို့ချ

**ကျွန်းစု စက်တင်ဘာ ၃၀**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးကို အဓိကအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ကြမည့် ကျွန်းစုမြို့နယ်အတွင်းရှိ မဲရုံများအသီးသီးမှ ဆရာ၊ ဆရာမများအား မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များလုပ်ဆောင်ရမည့် အခန်းကဏ္ဍများကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကျွန်းရတနာခန်းမ၌ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ဝင်းက သင်တန်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များဆွေးနွေးခဲ့သည်။

ယင်းနောက် သင်တန်းကို နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်ချက်များအကြောင်းကို ဆွေးနွေးခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ဝင်းက ပုံစံများ ရှင်းလင်းခြင်းနှင့် ဆန္ဒမဲများထုပ်ပိုးသယ်ယူခြင်းအဆင့်ဆင့်ကို ဆွေးနွေးပို့ချခဲ့ကြောင်းသိရသည်။

ကျွန်းစုမြို့နယ်တွင် ရပ်ကွက် (၄) ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀ ၌ မဲရုံပေါင်း ၁၆၂ ရုံရှိကာ အဆိုပါ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များသင်တန်းကို သင်တန်းသား ၃၀၂ ဦးတက်ရောက်ခဲ့ကြသည်။

ကျွန်းစုမြို့နယ် ရွေးကောက်ပွဲကော်ရှင်အဖွဲ့ခွဲမှ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များအား တစ်အုပ်စုလျှင် ခြောက်ဦးနှုန်းဖြင့် သင်တန်းသား ၁၄၄ ဦးကိုလည်း ဩဂုတ် ၈ ရက်တွင် အဆိုပါခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့်ပတ်သက်၍ သင်တန်းပို့ချဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။

**ရန်နိုင် (ကျွန်းစု ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို စက်တင်ဘာ ၂၈ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့က မြို့နယ်အတွင်း လူစည်ကားသောနေရာများ၊ ဈေးရှေ့နှင့် မြို့အဝင်များတွင် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို သိရှိစေရန်၊ ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းများ၊ စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်းများ၊ ခြေလျင်လျှောက်သူများလိုက်နာရန် စည်းကမ်းချက်များနှင့် ယာဉ်တိုက်မှုဖြစ်လျှင် အရေးယူခံရမည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းပါဝင်သော လက်ကမ်းစာစောင်များကို မြို့နယ်အတွင်း သိရှိစေရန် ဖြန့်ဝေအသိပညာပေးလျက်ရှိကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ဝင်းဗိုလ်(ပြန်/ဆက်)









# Designing a more valuable world

Hanwha, growing as a global top player through the development of a mega city in Bisyama and the construction of a global landmark, builds another special landmark 'TRITONE' in Myanmar, based on the state-of-the-art technology and enterprise capability.

Hanwha's Affiliated Companies

[ MANUFACTURING & CONSTRUCTION ] • Hanwha Corporation • Hanwha Techwin • Hanwha Thales • Hanwha Chemical • Hanwha General Chemical • Hanwha TOTAL Petrochemical • Hanwha Engineering & Construction • Hanwha Fine Chemical • Hanwha Q CELLS • Hanwha Q CELLS Korea • Hanwha Advanced Materials • Hanwha Energy • Hanwha City Development

[ FINANCE ] • Hanwha Life • Hanwha General Insurance • Hanwha Investment & Securities • Hanwha Asset Management • Hanwha Investment • Hanwha Savings Bank

[ SERVICES & LEISURE ] • Hanwha Hotels & Resorts • Hanwha Galleria • Hanwha Galleria Timeworld • Hanwha 63 City • Hanwha S&C • Hanwha Station Development

ကြော်ငြာ






Enquiry Hotline : 092-6455-4707

# TRITONE- Same Sky, Exclusive World

## TRITONE Features

- Located at the 8 Mile Junction, Yangon, alongside Pyay Road
- Freehold Land
- Unobstructed panorama views
- Bespoke interiors to the highest specifications
- Pair-glass & stone finishing for energy efficiency
- World class 5-story shopping complex with cinema
- Full range of amenities
  - 25M lap swimming pool (4 lane) and children's pool
  - Gym and G/X room
  - Indoor golf range with screen play
  - Private lobby and business lounge




**Career Opportunity**

Sales 00, Marketing 00, Driver 00, Receptionist 00, Cleaning 00, Security 00, Account 00, HR 00, Engineer (Architectural 0, Civil 0, electrical 0, mechanical 0), Administration 00

For more info, tritonecareer@gmail.com

Hanwha

Living Square

# ueyÓLwm'yvrm wyÜuyÜu;^pma&; oiwe;om;rsm; tv&on

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၆ရက်တွင် အသက် (၁၆) နှစ်ပြည့်ပြီး (၁၉)နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၅ရက်မှစတင်၍ အခမဲ့ရယူပြီး ၄-၁၂-၂၀၁၅ရက်မှ ၁၂-၁၂-၂၀၁၅ ရက်အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ (မူရင်း)။

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ။

၃။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်တန်း ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ စစ်ဆေးခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြု ရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို (၂)နှစ်ကြာသင်ကြား လေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၂၀၀၀၀ိ/-ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ် သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/-ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက်(၂)နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။ ။ နှစ်တိုးလစာကို (၂)နှစ်လျှင် ၂၀၀ိ/-နှုန်းဖြင့် ၁၀၀၀ိ/-အထိ ခံစားခွင့်ရှိသည်။**

၇။ တာဝန်ထမ်းဆောင်စဉ် အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် (၆)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရ သေးသူများသည် စစ်မှုထမ်းသက် (၈)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများတွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ ။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ပရဟိတ ကျောင်းသူ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒပြည့်ဆည်းစေလို



မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၀၁ခုနှစ်၊ ဇွန်လ(၁)ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၅-၂၀၁၆ပညာသင်နှစ်မှာ (၂၈၉)သော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား၊ မူ၊ လယ်၊ ထက် ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိပါသည်။

ကျောင်းသူမိန်းကလေး (၁၀၀)ဝန်းကျင်ရှိပါသည်။ အိပ်ဆောင်အခက်အခဲကြောင့် ရွာထဲက အိမ်တွေမှာ အကူအညီတောင်းပြီး ထားရပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသူမိန်းကလေးများ ကိုယ့်ကျောင်းအတွင်းမှာ လုံခြုံချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် အလျား(80') x အနံ (40')(2RC)အဆောက်အအုံကို အရေးပေါ် ကြိုးစားတည်ဆောက်နေပါသည်။ ၎င်းအဆောက် အအုံတွင် အခန်း(၁၆)ခန်းပါရှိပြီး တစ်ခန်းလျှင်ကျပ်(၂၅)သိန်း ကုန်ကျမှာဖြစ်ပါသည်။ **(၁)ခန်းစာ နှင့်အထက် အလှူရှင်များအား သားစဉ်မြေးဆက် ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုနိုင်ရန် "ကမ္ပည်းကျောက်စာ"ရေးထိုး ဂုဏ်ပြုပေးပါမည်။**

သို့ဖြစ်ပါ၍ မိဘပြည်သူများမှ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒပြည့်ဝစေရန် စွမ်းနိုင်သမျှ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

ဆက်သွယ်ရန်

**ကျောင်းအုပ်ဆရာတော်နှင့် အကျိုးဆောင်များ**

မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း

တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

**ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊ ၀၉-၇၉၆၆၂၅၇၀၀**

**ကမ္ဘောဇဘဏ်အကောင့်နံပါတ် ဦးဇဋိလ(A/C No.007-301-00700708002)**

**CB Bank အကောင့်နံပါတ် U ZATILA(A/C No.0092600100002526)**

**မှတ်ချက်**
- **ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။**
- **ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာကွာပါသည်။**
- **ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာကွာပါသည်။**
- **မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။**


Mr. Myanmar

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ







| | | |
|---|---|---|
| ချင်းနိုင် ၅ရက် - 740 USD | စင်ကာပူ ၄ရက် - 790 USD | ဂျပန် ၉ရက် - 2850 USD |
| ဖူးခက်ကမ်းခြေ ၄ရက် - 790 USD | မလေးရှား ၄ရက် - 700 USD | ကိုရီးယား ၈ရက် - 2200 USD |
| ဗီယက်နမ် ၄ရက် - 750 USD | စင်ကာပူ-မလေးရှား ၈ရက်- 1080 USD | တရုတ်ပြည် ၇ရက် - 1370 USD |
| ဗီယက်နမ် ၇ရက် - 1100 USD | ဟောင်ကောင် ၅ရက် - 1370 USD | ဒူဘိုင်း ၇ရက် - 2300 USD |
| ကမ္ဘောဒီးယား ၅ရက် - 730 USD | ဟောင်ကောင် ၈ရက် - 1850 USD | ဘာလီကျွန်း ၇ရက် - 1200 USD |

Ph: 228828, 09799753144, 09799753155




KING STAR ဖုန်း- 09 73049700
09 73047572
ကွန်ပျူတာအတတ်သင် 25000Ks
Internet (8000Ks)
i-Office 2010
D.T.P PH : 391003
Graphic Design
A+ Hardware
အချိန်ညှိနိုင်ပေးပါသည်။

""လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲဖို့ နယူးဟော်လန်ထွန်စက်များကိုသုံးကြစို့""

ရေဘေးသင့်ဒေသရှိလယ်ယာမြေများ အမြန်ဆုံးပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက်
နယူးဟော်လန်မိသားစုမှ အထူးအစီအစဉ်ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
နယူးဟော်လန်လယ်ထွန်စက်တစ်စီးဝယ်ယူသူတိုင်းအား ရိုတာဗေတာ တစ်လက် လက်ဆောင်ပေးပါမည်။
ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ရေဘေးသင့်ဒေသသို့ လယ်ထွန်စက်များထောက်ပံ့လှူဒါန်းလိုပါက
အထူးဈေးနှုန်းဖြင့် ညှိနှိုင်းရောင်းချပေးမည်ဖြစ်ပါသည်။
( စက်တင်ဘာလ (၁) ရက်နေ့မှ စတင်ပြီး ဦးရာလူစနစ်ဖြင့်သာ အရေအတွက်ကန့်သတ်၍ ရောင်းချပေးပါမည်။)

(၃) နှစ် (၄) ရစ် ဆပ်စနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။



+



Free

အမှတ်(၁၁၅၉)၊ ဂိတ်အမှတ်(၂)၊ FMIပဒေသာပင်မြို့တော်၊ ရန်ကုန် - ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်ရုံးချုပ် - ဖုန်း - ၀၁ - ၆၈၇ ၀၀၂၊ ၆၈၇ ၈၈၁၊ ၀၉ ၇၃၀၇ ၀၈၃၀၊ ၀၉ ၂၅၀ ၁၇၀ ၀၈၂၊
မန္တလေးရုံးခွဲ - ဖုန်း - ၀၂ - ၅၁၅ ၃၂၃၀၊ ၀၉ ၂၅၉ ၀၀၆ ၄၅၃၊
နေပြည်တော်ရုံးခွဲ - ဖုန်း - ၀၆၇ - ၂၅၉၄၆၊ ၀၉ ၄၉၂၂ ၈၂၃၄၊
ပုသိမ်ရုံးခွဲ - ဖုန်း - ၀၄၂ - ၂၉၁၆၄၊ ၀၉ ၃၁၇၈ ၉၀၉၃၊

PadamyarFM
6th ANNIVERSARY

ပတ္တမြား FM နှင့်အတူ (၆)နှစ်တာကာလလုံး မိမိတို့ရဲ့လုပ်ငန်းများကို ယုံကြည်စွာပူးပေါင်း ပါဝင်ခဲ့ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာခြင်းအပေါ် ကျေနပ်ပီတိဖြစ်မိပါကြောင်းနှင့် ပတ္တမြား FM အနေဖြင့်လည်း ဒီထက်မက အောင်မြင်မှုများဖြင့် ယခုထက်ပိုတိုး၍ နောင်နှစ်ပေါင်း ကြာရှည်စွာ ပရိသတ်များ၏အား ပေးမှု လုပ်ငန်းရှင်များ၏ယုံကြည်မှုများကို ရရှိပါစေကြောင်း ဆုမွန် ကောင်းတောင်းလိုက်ပါတယ်......

Top
sunsilk
Lifebuoy
HIGH TECH CONCRETE CO., LTD.
telenor
mango
APACHE PORTLAND CEMENT
Sein Pann Pyar
BIOGESIC
revicon
OK
LiOA For now & Forever!
SMT SHWE MYITTA
Gold Roast COFFEE MIX
RICH COFFEE MIX
Calsome
SUNDAY COFFEE MIX
MARS Advertising
SUPER ONE CO.,LTD.
awba
Golden Palace
Oramin-G
OPAISOLAR
SUPER COFFEEMIX
ETUDE HOUSE
MIKKO
Royal
Sunshow Solar
CLEAR
Decolgen
vicee
Fair & Lovely
ptt Lubricants

STI MYANMAR UNIVERSITY

University of Bedfordshire

STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍အောက်ပါ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်။

## Faculty of Business

1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Marketing UK (CIM)
- The Association of International Accountants UK (AIA)
- The Association of Chartered Certified Accountants UK (ACCA)

## Faculty of Education & Linguistics

- Master of Education in Leadership and Management

### ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ
- IGCSE ဖြေဆိုအောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့် ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

### ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်

- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

## Faculty of Engineering

1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)

## Faculty of Health Science NEW!

1. Master of Business Administration (Hospital and Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Royal Society for Public Health (RSPH) UK
- Association for Nutrition (AfN) UK



Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်

Ph: 377988, 507048, 507151, 507152, 09 250064451

https://www.facebook.com/STIMyanmarUni

www.stiedu.net

Email: enquiry@stiedu.net

## (၄)နှစ်ပြည့် လွမ်းဆွတ် သတိရအမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

a':ciqe;at;

**အသက်(၅၇)နှစ်**

မိသားစုနှင့်ခွဲခွာသွားခဲ့သည်မှာ ၁-၁၀-၂၀၁၅ရက်တွင် (၄)နှစ်ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရခဲ့ပါ။ ကွယ်လွန်သူအားရည်စူး၍ (၄)နှစ်အတွင်း မုခ်ဦးလှူဒါန်းခြင်း၊ ပါရမီရိပ်သာကျောင်းတိုက်ဝင်းအတွင်း ဥပရိပါသာ နှစ်ထပ်သိမ်ကျောင်းဆောက်လုပ်လှူဒါန်းခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြား(၅)ကျပ်သား လှူဒါန်းခြင်း၊ သယ်န်းကျွန်း လူမှုကူညီရေးအသင်းသို့ နိဗ္ဗာန်ယာဉ်လှူဒါန်းခြင်းများကို ပြုလုပ်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း ပုဂံ-ညောင်ဦးမြို့နယ် ရွာသာကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် (200) KVAရှိ ထရန်စဖော်မာ တစ်လုံး မတည်လှူဒါန်းခြင်းနှင့် ရွာလုံးကျွတ် စတုဒိသာကျွေးမွေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါသည်။ ဤကောင်းမှု အစုစုတို့၏ အဖို့ဘာဂကို ကွယ်လွန်သူ ဒေါ်ခင်ဆန်းအေးအား အထူးရည်စူး၍ အမျှ ပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ပါစေ။

ထိုမှတစ်ပါး သုံးဆယ့်တစ်ဘုံရှိ သတ္တဝါအားလုံးတို့ကိုလည်း အမျှ ပေးဝေပါ၏။ အမျှ ရကြ၍ ဝမ်းမြောက်စွာ သာဓုခေါ်ဆိုနိုင်ကြပါစေ ကုန်သတည်း။

| | |
|---|---|
| **ခင်ပွန်း** | **- ဦးတင်နိုင်ထွန်း** |
| **သားသမီးများ** | **- ကိုရဲလင်းထွန်း- မခိုင်ပန်းဖြူ** |
| | **- ကိုအောင်မြင်သူ-မဝင့်လဲ့ဖြူအောင်** |
| **မြေး** | **- အိမ့်မှူးသံသာ(pinky)** |

---

## t x;0r;en;a|u u|ci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**

vyecL;(c)0;armipe

tou(90)

ဦးစိုးလွင် PME Co.,Ltd၊ ဦးစိုးအောင်၊ ဦးစိုးနိုင်(Director, GEG Co.,Ltd)၊ ဦးစိုးမင်း၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်ချိုဝင်းတို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးလူပိန်ချူး(ခ)ဦးမောင်စိန်၊ အသက်(၉၀)သည် ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုတိတ်မိသားစု**
**DIGITAL Electronic**

---

## t x;0r;en;a|u u|ci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး**
**သွေးဆေးကန်မွန်ပါဠိတက္ကသိုလ်၊ ဂုဏ်ထူးဆောင်နာယကကြီး**
**နိုင်ခင်ဇော်(ခ)လွီခဲဝါ အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်-၁၄၀နေ ဒေါက်တာကြည်ကြည်ဝင်း၏ခင်ပွန်း နိုင်ခင်ဇော်(ခ)လွီခဲဝါသည် ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ၂း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **ဆွမ်း၊ ကွမ်းဝေယျာဝစ္စအဖွဲ့**

**ရာမညနိကာယ၊ ရာမညဝေပုလ္လတိုက်၊ သွေးဆေးကန်မွန်ပါဠိတက္ကသိုလ်**

---

## 0r;en;a|u u|ci;

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ ဝါရင့်အားကစားကလောင်ရှင် ဆရာဦးခင်မောင်ထွေး(ပျဉ်းမနား)အသက်(၈၅)နှစ်သည် ၂၇-၉-၂၀၁၅ရက် ၁၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်**
**ဥက္ကဋ္ဌ၊ ရောဝတီဘဏ်လီမိတက်**

---

## 0r;en;a|u u|ci;

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ ဝါရင့်အားကစားကလောင်ရှင် ဆရာဦးခင်မောင်ထွေး(ပျဉ်းမနား)အသက်(၈၅)နှစ်သည် ၂၇-၉-၂၀၁၅ရက် ၁၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနေရှင်နယ်လိဂ် ကော်မတီ**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

---

## t x;0r;en;a|u u|ci;

**ဦးခင်ဇော် (၈၄)နှစ်**
**(ရေစက်တောင်ရော်ဘာခြံ)၊ သံဖြူဇရပ်**

ရန်ကုန်မြို့၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၁၄၀)နေ Dr ဒေါ်ကြည်ကြည်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်မြင့်ထူး(ခ)ကိုထူး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ဖခင် ဦးခင်ဇော်သည် ၂၄-၉-၂၀၁၅ရက် မွန်းလွဲ ၂း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း**

---

## 0r;en;a|u u|ci;

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ ဝါရင့်အားကစားကလောင်ရှင် ဆရာဦးခင်မောင်ထွေး(ပျဉ်းမနား)အသက်(၈၅)နှစ်သည် ၂၇-၉-၂၀၁၅ရက် ၁၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးပြည့်ဖြိုးတေဇ**
**ဥက္ကဋ္ဌ၊ ရန်ကုန်ယူနိုက်တက်အသင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)**

---

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

a':oe;ñe(ppaw)

**(၁-၁၀-၂၀၁၄)-(၁-၁၀-၂၀၁၅)**

မာမီကြီး မိသားစုနဲ့ခွဲခွာသွားတာ (၁)နှစ်ပြည့်သွားပြီနော်။ မာမီကြီးကို ရည်စူးပြီး ရွှေတိဂုံဘုရားမှာ ရွှေစင်ရွှေသား လှူဒါန်းခြင်း၊ လစဉ်၊ နေ့စဉ်နဲ့အမျှ ပြုလုပ်ပြီးသော အလှူဒါနကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။ အမျှရ၍ မြင့်မြတ်သော ဘုံဘဝမှရရှိခံစားသာဓုခေါ်ဆိုနိုင်ပါစေ။

| | |
|---|---|
| **ပါပါကြီး** | **- ဦးစံသာ(MD) Auspicious Co.,Ltd** |
| **သမီးကြီး** | **- ဒေါ်ခင်ခင်ဦး (Director )(Auspicious Co.,Ltd) - ဦးတင်ထွန်းအောင်(E.E)** |
| **သမီးလတ်** | **- ဒေါ်ခင်ခင်သာ (Director) (Auspicious Co.,Ltd)** |
| **သမီးငယ်** | **- ဒေါက်တာခင်အေးအေးစံ (ကထိက ရုက္ခဗေဒဌာန)ရန်ကုန်တက္ကသိုလ်၊ ဒုတိယဗိုလ်မှူးကြီးကျော်နိုင်ဝင်း** |
| **မြေးများ** | **- မောင်တက်ထွန်းအောင် B.E, M.E (Couse Work) (Electrical Power) Y.T.U၊ မစုမြင့်မြတ်အောင် 4BE (STI MU)** |

---

## 0r;en;a|u u|ci;

a':ciaq

**အသက်(၇၄)နှစ်**

ဦးခင်မောင်ဝင်း-ဒေါ်မြင့်မြင့်ဖုန်းတို့၏မိခင်သည် ၂၃-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ယုဇနကွန်ဒို၊ (၁၀)ထပ်တိုက် မိသားစု**
**အနောက်ရွှေဂုံတိုင်-ဗဟန်းမြို့နယ်**

---

## 0r;en;a|u u|ci;

a'!uwm0;av;a&? aq;½ty(|ir;)(jzL;)

**အသက်(၈၇)နှစ်**

ပဲခူးတက္ကသိုလ်၊ ရုက္ခဗေဒဌာန၊ ပါမောက္ခ(ဌာနမှူး)ဒေါက်တာမိုးမိုးရွှေ၏ ဖခင် ဒေါက်တာဦးလေးရွှေသည် ၂၂-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရုက္ခဗေဒဌာနမိသားစု၊ ပဲခူးတက္ကသိုလ်**

---

## 0r;en;a|u u|ci;

0;te;vi(av;r!uEm)

**အသက်(၈၂)နှစ်**

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) တွဲဖက်အတွင်းရေးမှူး(၁) ဦးဇော်နိုင်ဦး-ဒေါ်တင်တင်ခိုင်၏ ဖခင် ဦးအုန်းလှိုင်သည် ၁၆-၉-၂၀၁၅ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

**လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)**

---

## t x;0r;en;a|u u|ci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

a':at;o*0;

**အသက်(၅၂)နှစ်**

**Director, Golden Deer Pte.Ltd.**

စင်ကာပူနိုင်ငံမှ (၁၂)ယောက်မမွေအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါ်အေးသိဂီဦးသည် ၂၃-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့)စင်ကာပူနိုင်ငံ စံတော်ချိန် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁)ဒေါ်မြမို့၊ (၂)ဒေါ်ကြူကြူရှိန်၊ (၃)ဒေါ်ခင်သောင်းရီ၊**
**(၄)ဒေါ်ကြည်ကြည်သန်း၊ (၅)ဒေါ်သီတာမြင့်၊ (၆)ဒေါ်ခင်မျိုးကြည်၊**
**(၇)ဒေါ်သဇင်ကြည်၊ (၈)ဒေါ်ခင်ခင်စန်း၊ (၉)ဒေါ်မူယာခင်၊**
**(၁၀)ဒေါ်မိုးဥမ္မာဦး၊ (၁၁)ဒေါ်မြင့်မြင့်မော်**

---

## ကျေးဇူးအထူးတင်ရှိခြင်း

၁၆-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီးဒေါ်အုန်းရီ(ရွှေပင်လယ်မြန်မာကုမ္ပဏီလီမိတက်) နာမကျန်းဖြစ်စဉ်က သွေးလှူဒါန်းပေးခဲ့ကြသော စေတနာရှင်များအားလည်းကောင်း၊ နာရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကုမ္ပဏီဝန်ထမ်းများအားလည်းကောင်း၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်အားလည်းကောင်း၊ လူကိုယ်တိုင်အားဖြင့်လည်းကောင်း၊ စာအားဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း ဆက်သွယ်အားပေးနှစ်သိမ့်ခဲ့ကြသော ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ မိတ်ဆွေများအားလည်းကောင်း ကျန်ရစ်သူ မိသားစုမှ လှိုက်လှဲစွာဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**ရွှေပင်လယ်မြန်မာ ကုမ္ပဏီလီမိတက်**

---


**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

၁။ TOYOTA HILKUX SURF (အစိမ်းရောင်) 1996 7I 9000 ကျော် 230L DIESEL
၂။ TOYOTA HIACE (အန်စာတုံး) 2008 GL KILO နှစ်သောင်းကျော်-ကားသန့် 3000 CC (400 L) DIESEL
၃။ TOYOTA Landcrusier Prado 2005 TX Limited 3.J. 9000 ထောင် ကျော် (500 L) DIESEL
၄။ HONDA INSIGHT 2009 L.S (အနီ)
၅။ HONDA INSIGHT 2009 L.S (ခဲ/မဲ)
၆။ HONDA INSIGHT L.S (အပြာ)
၇။ HONDA INSIGHT G L.S (ခဲရောင်)
၈။ HONDA INSIGHT L.S (အမဲ)
၉။ SUSUKI SWIFT 2011 X L BLACK
၁၀။ NISSAN AD VAN (အဖြူ)

ဆက်သွယ်ရန်-09 50111754, 09 73337555 (ဈေးနှုန်းညှိနှိုင်း)


---

## t x;0r;en;a|u u|ci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

a':at;o*0;

**Director, GOLDEN DEER PTE.LTD**

**အသက်(၅၂)နှစ်**

စင်ကာပူနိုင်ငံ JURONG WEST နေ ဦးညွန့်ဝေ၏ ချစ်လှစွာသောဇနီး၊ မောင်ထိန်လင်းဝေ၏ ကျေးဇူးရှင်မွေးသမိခင်သည် ၂၃-၉-၂၀၁၅ရက် စင်ကာပူစံတော်ချိန် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါတယ်။

ညီအစ်မလိုချစ်ရတဲ့သူငယ်ချင်း၊ သူငယ်ချင်းများအပေါ် ကူညီစိတ်အပြည့်ရှိတဲ့သူငယ်ချင်း၊ အားလုံးထဲမှာ အစောဆုံး ထွက်သွားတဲ့အတွက် တကယ်ပဲသူငယ်ချင်းကောင်းတစ်ယောက်ဆုံးရှုံးလိုက်ရတဲ့ခံစားချက်ကို ခံစားရပါတယ်။ စိတ်ထားဖြူစင်မြင့်မြတ်သော သူငယ်ချင်း ဘဝဆက်တိုင်း အနာမျိုး(၉၆)ပါး ကင်းဝေးပါစေ။ ကောင်းရာသုဂတိ ရောက်ပါစေ။ သူငယ်ချင်းများအားလုံး ပြုပြုသမျှ ကုသိုလ်များအား အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုပါ။

အမျှ-အမျှ-အမျှ

**ရန်ကုန်မှ**
**အချစ်ဆုံးသူငယ်ချင်းများ**

Hot Line No-0930500100

# ပြန်လည်ထူထောင်ရေးကာလသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပွင့်လင်းရာသီနှင့် တိုက်ဆိုင်နေပြီး ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုက အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ Banquet Hall ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးငွေးအောင်၊ ဦးညဏ်ထွန်းအောင်၊ ဦးဝင်းထွန်း၊ ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံရုံးကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှ ကိုယ်စားလှယ်များ၊ ဖက်စပ်ခရီးသွားကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ကမ္ဘာ့လူ့အဖွဲ့အစည်း၏ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ခရီးသွားလုပ်ငန်း၏ ဦးဆောင်မှုအခန်းကဏ္ဍအရေးပါမှုကို အထူးပြုသော **"လူမှုဘဝတိုးတက်ဖို့"** ဟူသည့် ဆောင်ပုဒ်အား ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်အဖြစ် ယခင်နှစ်က သတ်မှတ်ခဲ့ပါကြောင်း၊ ယခု ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို လက်ခံကျင်းပသည့် နိုင်ငံများအတွက် **"ကုဋေကုဋာ ဧည့်များလာ၊ အခွင့်အလမ်းလည်းတူညီစွာ"** ဟူသော ဆောင်ပုဒ်ကို သတ်မှတ်ခဲ့ကြပါကြောင်း၊ အဆိုပါ ဆောင်ပုဒ်နှစ်ခုလုံးမှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးမားသောစိန်ခေါ်မှုများ ရင်ဆိုင်နေရသည့် ယနေ့ကာလနှင့် များစွာ ဆီလျော်ကိုက်ညီမှုရှိပါကြောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ သို့




# ဘရူနိုင်းကို ဂိုးပြတ်သွင်းပြီး မြန်မာအသင်းနိုင်ပွဲရယူ

သတင်းစာမျက်နှာ ➤ ၁၀



မြန်မာအသင်းနှင့် ဘရူနိုင်းအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။

ယ ၄ နေ့ **မာတိကာ**

ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန် ဘူရွန်ဒီနိုင်ငံ၌ သစ်ပင်များ ပြန်လည်စိုက်ပျိုးမည် — စာမျက်နှာ ➤ ၄

ရေကြီးရေလျှံခဲ့သော ကျေးရွာများ၌ ကလေးပျော်နေရာများ ပြုလုပ်လျက်ရှိ — စာမျက်နှာ ➤ ၈

အာဆင်နယ်အသင်း ချန်ပီယံလိဂ် အုပ်စုအဆင့်တွင် နှစ်ပွဲဆက် ရှုံးပွဲကြုံ — စာမျက်နှာ ➤ ၁၃

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



# အလေးထားသင့်သည့် မဲတစ်ပြား

ဒီမိုကရေစီထွန်းကားသည့်နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ဒီမိုကရေစီစနစ်ကိုကျင့်သုံးကာ လူတိုင်းလွတ်လပ်စွာမဲပေးနိုင်မည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မကြာမီကာလအတွင်း ကျင်းပ နိုင်တော့မည်ဖြစ်သည်။

ထိုစဉ် သူ့အမြင် ကိုယ့်အမြင်၊ သူ့အတွေးကိုယ့်အတွေး၊ သူ့အထင် ကိုယ့်အထင်များနှင့် ပြောဆိုဝေဖန်မှုတွေ နေရာတိုင်းမှာကြားနေရသည်။ အရွေး ချယ်ခံကြမည့် ကိုယ်စားလှယ်လောင်းများကလည်း သက်ဆိုင်ရာမဲဆန္ဒနယ်မြေ အသီးသီးတွင် မဲဆွယ်စည်းရုံးမှုများကို နည်းလမ်းမျိုးစုံနှင့် လှုပ်ရှားဆောင်ရွက် နေကြပြီဖြစ်သည်။

နိုင်ငံရေးသဘောအရ မဲဆွယ်မှုသည် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်သည်။ မဲဆွယ်ရာတွင်တစ်ဖက်လူက မိမိအပေါ် ယုံကြည်မှုရှိလာ စေရန်၊ အားကိုးအားထားပြုလာစေရန်၊ မိမိကိုရွေးချယ်ထောက်ခံလာစေရန် လက်ခံနိုင်လောက်သည့် အကြောင်းပြချက်စကားများ (သို့) ကတိကဝတ်များဖြင့် စည်းရုံးဟောပြောခြင်းဖြစ်သည်။

ဤနေရာတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အရာရာကို သတိချပ်ကာ ချင့်ချိန်သုံးသပ်တတ်ဖို့ လိုပေသည်။ မိမိတို့မဲပေးရာတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အတွက် သင့်တော်၏၊ မတော်၏ကို ချင့်ချိန်စဉ်းစားဆုံးဖြတ်နိုင်ဖို့ လိုသည်။

သူတို့အတွက်မဲတစ်ပြားသည် တန်ဖိုးကြီးလှသည်။ မည်သည့်အရာနှင့်မျှ တန်ဖိုးဖြတ်၍မရနိုင်သည်ကို ကောင်းစွာနားလည်သဘောပေါက်ကြသူများ ဖြစ်ဖို့လိုသည်။

မြန်မာပြည်နှင့် မြန်မာနိုင်ငံသားတို့၏ ကောင်းမွေ၊ ဆိုးမွေကို အကောင်းဆုံး ဖြစ်အောင် ဖန်တီးပေးနိုင်မည့်သူသည် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီမျိုး ဖြစ်သည်ကို အထပ်ထပ်၊ အခါခါ စဉ်းစားပြီးမှ မဲပေးကြစေလိုသည်။

သို့ဖြစ်၍ ပြည်သူတွေလိုလားသော အစိုးရကောင်းတစ်ရပ်ဖြစ်လာစေ ရန် ပညာတတ်ရုံနှင့်မရ၊ အမြော်အမြင်ကြီးမားသူဖြစ်ဖို့လိုသည်။ နိုင်ငံတကာ နယ်ပယ်တွင် ကျွမ်းကျင်လိမ္မာစွာဆက်ဆံနိုင်သူဖြစ်ဖို့လိုသည်။ နိုင်ငံအကျိုး စီးပွားတိုးတက်ဖွံ့ဖြိုးစေရန် ထိရောက်ကောင်းမွန်သောစီမံကိန်းများ ချမှတ် ပေးနိုင်သူဖြစ်ဖို့လိုမည်ဖြစ်သည်။

အရည်အချင်းမရှိလျှင် အရည်အသွေးကို ဖော်ထုတ်၍မရနိုင်၊ အရည် အသွေးကို ဖော်ထုတ်ပြနိုင်မှသာ အရည်အချင်းရှိသူအဖြစ် သတ်မှတ်နိုင်မည် ဖြစ်သည်။

တစ်ဖန်သတိပြုသင့်သည်အချက်မှာ မိမိရွေးချယ်ပေးမည့် ပုဂ္ဂိုလ်သည် လက်တွေ့လုပ်နိုင်မည့်သူ ဖြစ်၊ မဖြစ် ဟူသည့် လူပုဂ္ဂိုလ်အပေါ် ယုံကြည်မှု တည်ဆောက်ကြခြင်းဖြစ်သည်။

မှန်ကန်သောယုံကြည်မှုကို စေ့စပ်သေချာစွာဖြင့် ယုံကြည်တည်ဆောက်ဖို့ လိုသည်။ မရေမရာဖြင့် မဲပေးရလျှင် လွဲချော်သွားနိုင်ပေသည်။

ယုံကြည်မှုကို အစွဲကင်းသောအမှန်တရားဖြင့်ကြည့်မှသာ မဲပေးမှု မှန်ကန်မည်ဖြစ်သည်။ တစ်နည်းပြောရလျှင် အမျိုးသားရေးအမြင်ဖြင့် ကြည့်တတ်ကြဖို့လိုပေသည်။

သတိဟူသည်ပိုသည်မရှိ၊ အမြဲတမ်းလိုနေသောအရာဖြစ်သည်။ သတိ တစ်ချက်လွတ်သည်နှင့် အမှားက တစ်သက်လုံးဖြစ်သွားနိုင်သည်။

ထို့ကြောင့် ယခုလိုကာလတွင် အရွေးချယ်ခံကြမည့် ကိုယ်စားလှယ်လောင်း များထဲမှ ပုဂ္ဂိုလ်ရေးအစွန်းလွတ်အောင် ရှောင်ကြဉ်၍ အမှန်တစ်ကယ် ရွေးချယ်ထိုက်သူကိုသာ မဲပေးရွေးချယ်သင့်ပေသည်။

မိမိရရှိမည့်မဲတစ်ပြားသည် သာမန်ပစ္စည်းမဟုတ်ပေ။ မိမိဘဝနှင့် မိမိ တိုင်းပြည်နှင့်ထပ်တူကျသော တန်ဖိုးကြီးလွန်းသည့် မဲတစ်ပြားဖြစ်သည်ဟု ခံယူထားသင့်သည်။

မဲစာရင်းလည်း မကြည့်၊ မဲထည့်ဖို့လည်း စိတ်မဝင်စားလျှင် ထိုလူသည် နိုင်ငံအပေါ် တာဝန်ကျေပွန်သည့်သူ မဟုတ်နိုင်ချေ။ မိမိတာဝန်ကို မိမိကိုယ်တိုင် မပျက်မကွက်ထမ်းဆောင်စေချင်ပါသည်။

ဒီမိုကရေစီလိုချင်သူတိုင်း မဖြစ်မနေမဲပေးရမှာဖြစ်သည်။ မဲတစ်ပြား ဆုံးရှုံးလျှင် မိမိအတွက်လည်း ဆုံးရှုံးသလို၊ ရွေးချယ်ခံသည့် ပုဂ္ဂိုလ်အတွက်လည်း လွန်စွာနစ်နာသွားနိုင်သည်ကို သဘောပေါက်နားလည်ကြဖို့လိုပေသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် မဲဆန္ဒရှင်ပြည်သူများအနေနှင့် မဲပေးရန် စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မိမိနိုင်ငံနှင့် မိမိလူမျိုးအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်မည့် အစိုးရကောင်းတစ်ရပ်ပေါ်ထွန်း လာစေရေးအတွက် မဲတစ်ပြားကို အလေးထားကာ ဆန္ဒမဲပေးကြပါဟု အကျိုး မျှော်ကာ ရေးသားတင်ပြလိုက်ရပေသည်။

**မြဖူး(လမ်းမတော်)**




**ရွေးကောက်ပွဲကျင်းပရန် ၃၈ ရက်သာ လိုတော့သည်။**

# ခူမီး(ခမီး)အမျိုးသားပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ခူမီး(ခမီး)အမျိုးသားပါတီဥက္ကဋ္ဌ ဦးကျော်ထွန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**ပြည်ထောင်စုတိုင်းရင်းသား မဲဆန္ဒရှင်များခင်ဗျား-**

ပြည်ထောင်စုတိုင်းရင်းသားပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် ပလက်ဝမြို့မှာ အခြေစိုက်ဖွင့်လှစ်ထားတဲ့ ခူမီး(ခမီး)အမျိုးသားပါတီဥက္ကဋ္ဌ အရိုင်ဆိုရိုဒ် ဦးကျော်ထွန်းဖြစ်ပါတယ်။ ပါတီမူဝါဒလုပ်ငန်းစဉ်ကို မတင်ပြမီ ခူမီးတိုင်းရင်းသားလူမျိုးရဲ့ သမိုင်းကြောင်းကို ဦးစွာအကျဉ်းချုပ်ပြီး တင်ပြလိုပါတယ်။

ခူမီးတိုင်းရင်းသားတွေဟာ အင်္ဂလိပ်နယ်ချဲ့လက်အောက် မကျရောက်မီ ရှည်ကြာသော သမိုင်းကာလအတွင်း ခူမီးလူမျိုး၊ မျိုးနွယ်စုအကြီးအကဲဖြစ်သော အရိုင်တို့က မိမိတို့မျိုးနွယ်စုအလိုက် လွတ်လပ်စွာစီမံအုပ်ချုပ်ခဲ့ကြပါတယ်။ ခူမီးလူ့အဖွဲ့အစည်းတစ်ခုလုံးနှင့်ဆိုင်သော အရေးအရာများကို မျိုးနွယ်စုအကြီးအကဲ အရိုင်တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ခူမီးလူမျိုးတို့၏ လွတ်လပ်သောကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ၁၉၁၆ ခုနှစ်အထိ တည်ရှိခဲ့ပါသည်။ ၁၈၂၆ ခုနှစ်အလွန်တွင် အင်္ဂလိပ်နယ်ချဲ့တို့သည် ရခိုင်မှတစ်ဆင့် ခူမီးဒေသကို တိုက်ခိုက်ခဲ့ပါတယ်။ ခူမီးတိုင်းရင်းသားတို့၏ ခုခံတိုက်ခိုက်မှုကြောင့် အလွယ်တကူသိမ်းပိုက်နိုင်ခြင်းမရှိဘဲ ၁၈၇၆ ခုနှစ်တွင် စတုရန်းမိုင် ၁၅၀၀ ကိုသာ သိမ်းနိုင်ခဲ့ပြီး ၁၉၀၇ ခုနှစ်တွင် စတုရန်းမိုင် ၂၀၀၀ အထိသာ သိမ်းနိုင်ခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်ရောက်မှ ခူမီးနယ်မြေ တစ်ခုလုံး ၃၁၇၆ စတုရန်းမိုင်ကို သိမ်းနိုင်ခဲ့ပါတယ်။

အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် ခူမီးဒေသကို မြောက်ပိုင်းရခိုင်တောင်တန်းခရိုင်အမည်ဖြင့် အုပ်ချုပ်စီမံခဲ့ပါတယ်။ ၁၈၇၀ ပြည့်နှစ် စတက်ကျူအရ ဥပဒေပြုအာဏာလုပ်ပိုင်ခွင့်အတွင်း ထည့်သွင်းကာ ရခိုင်တောင်တန်းတရားမဥပဒေ (၁၈၇၄)နှင့် ရခိုင်တောင်တန်း စည်းမျဉ်းဥပဒေ (၁၉၁၆) တို့ကို ပြဋ္ဌာန်းခဲ့ပါတယ်။ တောင်တန်းဒေသ အပိုင်း(၁) နယ်မြေ ၁၀ ခုတွင် ပါဝင်သော နယ်မြေတစ်ခုဖြစ်ပါတယ်။ ၁၉၄၇ ပင်လုံစာချုပ်အပြီးတွင် တောင်တန်းဒေသစုံစမ်းရေးကော်မတီ၏ မေးမြန်းချက်နှင့်ပတ်သက်၍ ချင်းတောင်တန်းခရိုင်မှ ခေါင်းဆောင်များနှင့် ရခိုင်တောင်တန်းခရိုင်မှ ခေါင်းဆောင်တို့ ညှိနှိုင်းသဘောတူညီချက်အရ ပူးပေါင်းခဲ့ပါတယ်။ ၁၉၄၇ အခြေခံဥပဒေပုဒ်မ ၁၉၆ ဖြင့် ချင်းတောင်တန်းခရိုင်နှင့် ရခိုင်တောင်တန်းခရိုင်ပါဝင်သော ချင်းဝိသေသတိုင်း ရှိရမည်ဟု အတိအလင်းပြဋ္ဌာန်းခဲ့ပါတယ်။

လွတ်လပ်ရေးရသည်မှစ၍ ပလက်ဝမြို့နယ်အဖြစ်သာ ပေးထားသဖြင့် ခရိုင်အုပ်ချုပ်ရေးအဆင့်ပျောက်ဆုံးခဲ့ရပါတယ်။ ပြည်နယ်ရုံး၊ ခရိုင်ရုံးတို့မှ အုပ်ချုပ်ရေးအလှမ်းမမီမှုကြောင့် အစိုးရတက်လာတိုင်း ရခိုင်ပြည်နယ်အုပ်ချုပ်မှုအောက်သို့ ရောက်ခဲ့ပါတယ်။ ယခုထိ အချို့ဌာနတွေကို ရခိုင်ပြည်နယ်အောက် ထားရှိခဲ့ပါတယ်။

ထိုအခြေအနေများကြောင့်လည်း ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ်မှာ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး၊ ပညာရေးအနိမ့်ကျဆုံးမြို့နယ်အဖြစ် စစ်တမ်းထွက်လာပါတယ်။ ခူမီးတိုင်းရင်းသားနှင့် ခူမီးဒေသဟာ ပြည်ထောင်စုရဲ့ အမေ့လျော့ခံနယ်မြေ၊ လျစ်လျူရှုခံလူမျိုးဖြစ်လာခဲ့ပါတယ်။ အခြားတိုင်းရင်းသားလူမျိုးတို့၏ လွှမ်းမိုးမှုအရိပ်မည်းကြီးအောက်တွင် အမျိုးသားအင်္ဂါရပ်လက္ခဏာများနှင့် ခူမီးပုံရိပ်မှေးမှိန်နိမ့်ကျလာပါတယ်။ ခူမီးလူမျိုး အလွှမ်းမိုးခံ၊ ဝါးမျိုခံနေရသဖြင့် လူမျိုးပျောက်မည်ကို စိုးရိမ်နေရသောအခြေအနေဖြစ်ပါတယ်။ ဒါကတော့ ခူမီးလူမျိုးသမိုင်းကြောင်းနှင့် အခြေအနေတစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ခူမီးအမျိုးသားပါတီရဲ့ ရည်ရွယ်ချက်၊ မူဝါဒလုပ်ငန်းစဉ်များကို ဆက်လက်တင်ပြပါမယ်။

**ပါတီမူဝါဒကတော့-**

(၁) ခူမီးတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး၊
(၂) ခူမီးဒေသ ပလက်ဝတွင်နေထိုင်ကြသော ဌာနေတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး၊
(၃) ဒီမိုကရေစီနှင့် ပင်လုံကိုအခြေခံသော ပြည်ထောင်စုစနစ် ပေါ်ပေါက်ရေးတို့ ဖြစ်ပါတယ်။

**ပါတီရဲ့ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တွေကတော့-**

(၁) ခူမီးတိုင်းရင်းသားဒေသဖြစ်သော ပလက်ဝမြို့နယ်ကို ခရိုင်အုပ်ချုပ်ရေးအဆင့်တိုးမြှင့်ခွင့်ရရှိရန် ဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားပါမယ်။
(၂) နိုင်ငံရေးအရ ချင်းပြည်နယ်မှာ ခူမီးတိုင်းရင်းသားရေးရာဝန်ကြီးတစ်ဦး ရရှိရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးကို အစဉ်တစိုက်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။
(၃) ပညာရေးနှင့် လူထုကျန်းမာရေးကို အထူးတိုးမြှင့်ဆောင်ရွက်သွားပါမယ်။ နယ်စပ်ဒေသနှင့် ဝေးလံခက်ခဲဒေသကျေးလက်များကို အလေးထားဆောင်ရွက်သွားပါမယ်။
(၄) လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မြို့နယ် ပြင်ပ ပြည်တွင်း/ပြည်ပ သွားရောက်လုပ်ကိုင်သူတို့၏ အခက်အခဲကို ကူညီဆောင်ရွက်ပေးမည်။
(၅) ဒေသစီးပွားရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိက လိုအပ်သော လမ်းတံတားပို့ဆောင်ရေး၊ ဆက်သွယ်ရေး ကောင်းမွန်ချောမွေ့စေရန်နှင့် လျှပ်စစ်ဓာတ်အား၊ အရင်းအနှီးချေးငွေရရှိရေး ဆောင်ရွက်မည်။ အထူးလိုအပ်နေသော ပလက်ဝ-သံထောင်ကားလမ်း ဖောက်လုပ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။
(၆) နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ရန်နှင့် နယ်စပ်ဖြတ်ကျော် မတရားဝင်ရောက်မှု၊ ဥပဒေမဲ့ ရွှေ့ပြောင်းအခြေချနေထိုင်မှုတို့မှ ကာကွယ်သွားမည်။ တရားဥပဒေစိုးမိုးမှုကို ဆောင်ရွက်သွားမည်။
(၇) ပလက်ဝမြို့ကို မြို့ပြစီမံကိန်း (တောင်းပလန်)ရေးဆွဲ၍ မြို့အင်္ဂါရပ်နှင့် ညီညွတ်လှပအောင်ပြုပြင်ခြင်း၊ တိုးချဲ့ခြင်းဆောင်ရွက်မည်။
(၈) စိုက်ပျိုးရေး၊ မွေးမြူရေးကို အထူးအားပေးမည်။ ဈေးကွက်ရရှိရေး၊ ဒေသထွက်သီးနှံများကို အဆင့်မြှင့်တင်ပို့နိုင်ရေး၊ အရင်းအနှီးရရှိနိုင်ရေးကို ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းရင်းသားတို့ ဝင်ငွေတိုးအောင်ဆောင်ရွက်ပေးမည်။
(၉) သဘာဝပတ်ဝန်းကျင်ပျက်စီးနေမှုများကို ထိန်းသိမ်းကာကွယ်ရပါမယ်။ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းထူထောင်ရေး၊ နိုင်ငံပိုင်သစ်တောတိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်သွားမည်။
(၁၀) နောက်ဆုံးအချက်ကတော့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီထွန်းကားရေးတို့ကို အခြားပါတီ အခြားတိုင်းရင်းသားတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

**ခူမီးတိုင်းရင်းသားအပေါင်းတို့ခင်ဗျား-**

ခူမီးတိုင်းရင်းသားအများဆုံးစုစည်းနေထိုင်တဲ့ ပလက်ဝဒေသဟာ ခရိုင်အဆင့်အတန်းပျောက်ဆုံးခဲ့တာ လွတ်လပ်ရေးနဲ့အတူ (၆၇) နှစ်ရှိပြီဖြစ်တဲ့အတွက် ချင်းပြည်နယ်မှာ ဖွံ့ဖြိုးမှုနှင့်ပညာရေးအနိမ့်ကျဆုံးမြို့နယ်၊ ဆင်းရဲဆုံးမြို့နယ် ဖြစ်ခဲ့ရပါတယ်။ တော်လှန်ရေးကောင်စီလက်ထက် ဆမီးမြို့နယ်ရရှိခဲ့ဖူးသော်လည်း ပြန်လည်စွန့်လွှတ်ခဲ့ရပါတယ်။ ဒါကြောင့် ပလက်ဝခရိုင်အဆင့် တိုးမြှင့်ရရှိရေးနဲ့အတူ မြို့နယ်အသစ် တိုးချဲ့ဖွဲ့စည်းခွင့်ရရှိရေး၊ မြို့များတိုးချဲ့ဖွဲ့စည်းခွင့်ရရှိရေးဆောင်ရွက်ရန် အရေးတကြီး လိုအပ်ပါတယ်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပလက်ဝမြို့နယ်မှာ လူဦးရေတစ်သိန်းခန့်ရှိပါတယ်။ ချင်းပြည်နယ်မှာ လူဦးရေ အများဆုံးနဲ့ အကျယ်ဆုံးမြို့နယ်၊ ကျေးရွာအများဆုံးနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအများဆုံး မြို့နယ်လည်း ဖြစ်ပါတယ်။ တစ်မြို့နယ်လုံး လူဦးရေ၏ ၆၀ ရာခိုင်နှုန်းရှိသော ခူမီးတိုင်းရင်းသား လူဦးရေစာရင်း ထုတ်ပြန်ခြင်း မရှိသေးသော်လည်း ၆၀၀၀၀ ခန့် ရှိနိုင်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၁၆၁၊ ပုဒ်မခွဲ(ဂ)နှင့်အညီ ချင်းပြည်နယ်တွင် ခူမီးရေးရာဝန်ကြီး ရရှိရေး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



၁၉၄၇ ဖဆပလ ညီလာခံမှ အတည်ပြုခဲ့တဲ့ အခြေခံဥပဒေမူကြမ်းပါ ပြဋ္ဌာန်းချက်နဲ့ ကိုက်ညီသော ခူမီးလူမျိုးသည်

(၁) ပထဝီအနေအထားအရ လွတ်လပ်ရေးမရမီကပင် ရခိုင်မြောက်ပိုင်းတောင်တန်းခရိုင်ဟု ထင်ရှားခဲ့သော ပလက်ဝမြို့နယ် နယ်နိမိတ်အထင်အရှားရှိခြင်း၊
(၂) မြန်မာစကား၊ ချင်းစကား၊ ရခိုင်စကား စသည်တို့နှင့်မတူသော ခူမီးတိုင်းရင်းသား ဘာသာစကား၊ စာပေ အခိုင်အမာရှိခြင်း၊
(၃) ယဉ်ကျေးမှုအစဉ်အလာ တစ်မျိုးတည်းရှိခြင်း၊
(၄) ရာဇဝင်အစဉ်အလာ တစ်မျိုးတည်းရှိခြင်း၊
(၅) လူဦးရေအတော်အတန်ရှိခြင်း၊
(၆) ရေ၊ မြေ၊ ရာသီဥတု သဘာဝအခြေခံကောင်းများရှိသဖြင့် စီးပွားရေးအားဖြင့် ဖူလုံသော လူမျိုးဖြစ်နိုင်ခြေ အများဆုံးရှိခြင်းတို့နှင့် ပြည့်မီပြီး
(၇) ပြည်ထောင်စုအတွင်း ခူမီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်ဖြင့် ခူမီးအမျိုးသားတို့၏ ကိုယ်ပိုင်ထင်ရှားချက် (National Identity) အရ သီးခြားနေလိုသော ဆန္ဒရှိတဲ့လူမျိုးဖြစ်ပါတယ်။

ယခုအခါ ပြည်ထောင်စုရဲ့ အမေ့အလျော့ခံနယ်မြေ၊ ချင်းပြည်နယ်ရဲ့ လျစ်လျူရှုခြင်းခံနေရတဲ့ နယ်မြေအဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။ ခူမီးတိုင်းရင်းသားနယ်မြေ၊ နယ်နိမိတ်ကိုလည်း ခွဲထုတ်ဖဲ့ယူပြင်ဆင်ခြင်းခံနေရခြင်း၊ ခူမီးဟူသောကိုယ်ပိုင်လူမျိုးအမည်ခံယူခြင်းကိုပင်လျှင် စွန့်လွှတ်ရန် ဖိအားပေးခံနေရခြင်းတို့နဲ့ ရင်ဆိုင်နေရပါတယ်။

ပြည်ထောင်စုအစိုးရ ဖွဲ့နိုင်သော ပါတီကြီးများနောက်သို့ အရူးအမူးလိုက်ပါသွားရင်း အာဏာ၊ ငွေကြေးမက်လုံးနဲ့ စကားလုံးလှလှနောက်သို့ တကောက်ကောက် လိုက်ပါသွားရင်းနဲ့ လွတ်လပ်ရေးသက်တမ်းနှင့်အတူ ခူမီးတိုင်းရင်းသားတို့ နိုင်ငံရေး ရေတိမ်နစ်ခဲ့ကြရပြီဖြစ်ပါတယ်။ ခူမီးတိုင်းရင်းသားတို့၏ ဘိုးဘွားပိုင်အမျိုးသားနယ်မြေ တည်တံ့ဖို့အရေး ခူမီးလူမျိုးမပျောက်မပျက်ရအောင် အမျိုးသားလုံခြုံမှုအာမခံချက်ရရှိရေးကို ခူမီးအမျိုးသားပါတီက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မဲဆန္ဒရှင် ပြည်သူတို့က တာဝန်ပေးလျှင် လာမည့် လွှတ်တော်တွင်းကနေ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ မကြာမီ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ ပြုလုပ်ကျင်းပနိုင်ဖွယ်ရှိတဲ့ ပြည်ထောင်စုညီလာခံ သို့မဟုတ် ဒုတိယပင်လုံညီလာခံတွင်လည်း ခူမီးအမျိုးသားပါတီက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပါတယ်။

**တိုင်းရင်းသားမဲဆန္ဒရှင်များနှင့် ခူမီးတိုင်းရင်းသားများခင်ဗျား-**

နောက်ဆုံးအနေနဲ့ ဒီမိုကရေစီအခွင့်အရေးရနေရုံမျှဖြင့် ခူမီးတိုင်းရင်းသားတို့၏ တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာတွေဟာ အလိုအလျောက်မရနိုင်သလို မိမိတို့လူမျိုး ရသင့်ရထိုက်တဲ့ အခွင့်အရေးကို ကိုယ်တိုင်ကြိုးပမ်းဆောင်ရွက်မှ ရနိုင်မည်ဖြစ်ကြောင်း ပြောလိုပါတယ်။ ဘယ်လူမျိုးကမှ အိမ်တိုင်ရာရောက် လာပေးရိုးထုံးစံမရှိပါဘူး။ ဒါကြောင့် မိမိ၏အခွင့်အရေးနှင့် ခူမီးလူမျိုးအတွက် အခွင့်အရေးကို ကိုယ်တိုင်ပါဝင်ကြိုးပမ်းဆောင်ရွက်ကြပါ။ မိမိဘဝကိုမြှုပ်နှံပြီး အနစ်နာခံဆောင်ရွက်ကြပါ။ ခူမီးအမျိုးသားပါတီနှင့်အတူ လက်တွဲဆောင်ရွက်ကြပါ။ ခူမီးအမျိုးသားပါတီနှင့် ကိုယ်စားလှယ်လောင်းများအား ယုံယုံကြည်ကြည်နဲ့ မဲပေးကြပါလို့ အလေးအနက်ပန်ကြားရင်း ရွေးကောက်ပွဲအပြီးမှာလည်း တိုင်းရင်းသားပြည်သူအပေါင်း ကျန်းမာရွှင်လန်းချမ်းမြေ့ခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

---

## ရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

**ကျုံပျော် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဧရာမင်းခန်းမတွင် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အတွင်းရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးပွဲကို ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ရှိန်နှင့် ကော်မရှင်အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်တို့က ရွေးကောက်ပွဲလုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ညှိနှိုင်းအစည်းအဝေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ စာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်ရေးအတွက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့် (မြန်/ဆက်)**

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားရပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

မင်္ဂလာပါလို့ဦးစွာနှုတ်ခွန်းဆက်သပါတယ်။

လွှတ်တော်အတွင်းမှာ လူထုရဲ့အသံတွေ ညံ့ဖို့လျှံဖို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ကိုယ်စားလှယ်လောင်းတွေကို မဲပေးကြပါစို့လို့ တိုက်တွန်းမေတ္တာရပ်ခံပါရစေ။ အဲဒီလို မေတ္တာရပ်ခံတော့ ကျွန်တော်တို့ပါတီနဲ့ ပတ်သက်လို့ ဘာလဲ၊ ဘယ်လဲဆိုတာကို ရှင်းလင်းတင်ပြခွင့်ပြုပါ။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်မှတ်ပုံတင်ခွင့်ရရှိခဲ့တဲ့ နိုင်ငံရေးပါတီတစ်ခုဖြစ်ပေမယ့် ကျွန်တော်တို့ DPNS ဟာ ၁၉၈၈ ဒီမိုကရေစီရေးလှုပ်ရှားခဲ့တဲ့ ကျောင်းသားဘဝကနေ ကနေ့အထိ ၂၇ နှစ်၊ ၂၈ နှစ်လုံးလုံး ပြည်သူတွေနဲ့အတူ၊ ဒီမိုကရေစီအင်အားစုတွေနဲ့အတူ၊ တိုင်းရင်းသားတွေနဲ့အတူ အခက်အခဲမျိုးစုံကိုကျော်ဖြတ်ရင်း ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး ရုန်းကန်လှုပ်ရှားမှုတွေထဲမှာ တစိုက်မတ်မတ် တစ်ရက်မှမနားဘဲ နေရာအသီးသီးမှာပါဝင်ခဲ့သူတွေဖြစ်ကြပါတယ်။ ရှေ့ဆက်ပြီးလည်း ဒီမိုကရေစီထွန်းကားဖို့ တိုင်းရင်းသားများရဲ့ တန်းတူရေးနဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရဲဘော်ရဲဘက်တွေနဲ့အတူ၊ ပြည်သူတွေနဲ့အတူ အကန့်အသတ် အတားအဆီးတိုင်းကိုရင်ဆိုင်ဖို့၊ ကျော်လွှားဖို့ အဆင်သင့်ရှိနေတယ်ဆိုတာကိုလည်း ပြည်သူအပေါင်းကို ကတိပြုပြောကြားလိုပါတယ်။

ဆက်ပြီးတင်ပြလိုတာက DPNS က ဘာကိုယုံကြည်သလဲဆိုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီဟာ လွတ်လပ်မှုကို မြတ်နိုးတယ်။ တန်းတူရေးကို အလေးထားတယ်။သွေးစည်းညီညွတ်မှုကို ဆုပ်ကိုင်တယ်။ ကျွန်တော်တို့ ဒီနေ့ ဒီမိုကရေစီရေးပြောင်းလဲမှုတွေ စစ်စစ်မှန်မှန်ဖြစ်ပေါ်လာဖို့ ရှေ့ဆက်ပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေ နက်နက်ရှိုင်းရှိုင်းဖြစ်ဖို့ ကြိုးစားအားထုတ်နေကြတယ်။ ဒီနေရာမှာ မမျှတမှုတွေ၊ တန်းတူရည်တူမရှိမှုတွေကို နေရာအနှံ့ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးနယ်ပယ်တွေမှာ တွေ့ရှိနေရတယ်။ကျွန်တော်တို့ ပါတီဟာ တန်းတူရေးနဲ့ တရားမျှတမှုကို အခိုင်အမာတောင်းဆိုတယ်။ ဒါဟာ ဒီမိုကရေစီရဲ့ အသက်ဖြစ်တယ်လို့လည်း ကျွန်တော်တို့ပါတီက ယုံကြည်တယ်။

တိုင်းပြည်မှာ ခေါင်းပုံဖြတ်မှုတွေ၊ သွေးစုပ်မှုတွေ၊ လက်ဝါးကြီးအုပ်မှုတွေကို နိုင်ငံရေးမှာပဲဖြစ်ဖြစ် စီးပွားရေးမှာပဲဖြစ်ဖြစ်၊ လူမှုရေးမှာပဲဖြစ်ဖြစ် ပြင်းပြင်းထန်ထန် ဆန့်ကျင်တယ်။ တိုက်ဖျက်သွားမှာလည်းဖြစ်တယ်။ ကျွန်တော်တို့ တိုင်းပြည်ကို တကယ်ပဲတန်းတူတဲ့လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ဖို့ဆိုရင် ဒီမိုကရေစီ အခြေအနေတွေ အပြည့်အဝရှိလာဖို့ အချိန်ယူရပါလိမ့်မယ်။

**လူတစ်ဦးချင်းဆီမှာ တူညီတဲ့တန်ဖိုး၊ တူညီတဲ့ဂုဏ်သိက္ခာ၊ တူညီတဲ့ အခွင့်အရေးတွေဟာ မွေးကတည်းက တည်ရှိပြီးဖြစ်တယ်ဆိုတဲ့အသိ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေဖို့လိုတယ်။ ဒီလိုအမြစ်တွယ်မှ နိုင်ငံရေးဟာ တရားမျှတမယ်၊ စီးပွားရေးဟာ တရားမျှတမယ်၊ အမျိုးသားတန်းတူရေးကိုတည်ဆောက်နိုင်မယ်၊ ဒီမိုကရေစီဟာလည်း အဓိပ္ပာယ်ရှိလိမ့်မယ်၊ ငြိမ်းချမ်းရေးကိုလည်း ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မယ်။**

**ဒါကြောင့် ဒီနေ့ ကျွန်တော့်ရဲ့တင်ပြမှုထဲမှာ တိုင်းပြည်က အစဉ်ဖွံ့ဖြိုးတဲ့ တိုင်းပြည်ဖြစ်ဖို့ ကျွန်တော်တို့ အနာဂတ်အတွက် ကလေးသူငယ်တွေနဲ့ ပညာရေးကဏ္ဍကို အလေးပေးတင်ပြလိုတယ်။**

မညီမျှမှုတွေ၊ လက်ဝါးကြီးအုပ်တဲ့ အခြေအနေတွေအောက်မှာ ကျွန်တော်တို့ကလေးတွေ၊ လူငယ်တွေရဲ့ ဘဝတွေဟာ မျှော်လင့်ချက်မဲ့နေကြတယ်။ တိုင်းပြည်အနာဂတ်အတွက် အလွန်အရေးကြီးတယ်။ ပြည်သူအားလုံး၊ နိုင်ငံရေးအင်အားစုအားလုံး ဒီကိစ္စကို အလေးအနက်ထားစေချင်တယ်။

ကျွန်တော်တို့ တိုင်းပြည်မှာ ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍအတွက် သုံးစွဲတဲ့ ဘတ်ဂျက်ဟာ အာဆီယံနိုင်ငံတွေအကြားမှာ အလွန်နည်းပါးပြီး ကမ္ဘာ့နိုင်ငံများတွင်လည်း အနိမ့်ဆုံးအဆင့်မှာ ရှိနေပါတယ်။

**၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနဲ့ သန်းခေါင်စာရင်းအရ-**

အသက် (၅)နှစ်မှ (၁၈)နှစ်အကြား ကလေး ၄ ဒသမ ၄ သန်းက ကျောင်းမနေကြရပါ။

(၅)နှစ်အောက် သေဆုံးမှုမှာ ကလေး ၁၀၀၀မှာ ၇၂ ယောက်နှုန်းရှိနေပါတယ်။

ကလေးငယ် ၁၀ ယောက်တွင် လေးယောက်မှာ လုံးဝကျောင်းမနေနိုင်ဘဲ (၁၀)နှစ်ကျော်အရွယ် ကျောင်းထွက်ရမှုနှုန်းမှာလည်း မြင့်မားနေပါတယ်။

ဒါဟာ ယူနီဆက် (UNICEF)ရဲ့ လေ့လာတွေ့ရှိချက်ဖြစ်တယ်။ ဒီအခြေအနေဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့အနာဂတ်ကို ဖျက်ဆီးပစ်သလို ဖြစ်နေတယ်လို့ ပါတီကယုံကြည်တယ်။ ဒီကလေးငယ်တွေ စာသင်ခန်းကို ရောက်ဖို့၊ လူငယ်တွေကိုဆိုရင်လည်း အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ပြီး အဆင့်မြင့်ပညာတွေ ဆက်လက်သင်ယူနိုင်တဲ့ အခြေအနေတွေကို ဖန်တီးပေးဖို့ဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးပါတယ်။

ဒါကြောင့် ပညာရေးနဲ့ ပတ်သက်လို့ ဒီနေ့ သေသေချာချာ ရင်းနှီးမြှုပ်နှံခြင်းဟာ၊ ကလေးသူငယ်တွေနဲ့ ပတ်သက်လို့ ဒီနေ့ ခိုင်ခိုင်မာမာ ရင်းနှီးမြှုပ်နှံခြင်းဟာ ကျွန်တော်တို့တိုင်းပြည်အနာဂတ် သေချာဖို့ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ ထပ်ပြီးတင်ပြချင်ပါတယ်။

**ပညာရေးကဏ္ဍမှာ**

လူတိုင်းအတွက် ပညာရေးဆိုတဲ့ သဘောထားခံယူမှုနဲ့ ပညာရေးစနစ်ကို တည်ဆောက်ရမယ်။ ပညာရေးဟာ အခွင့်ထူးခံတို့အတွက်မဟုတ်၊ လူတိုင်းအတွက်ဖြစ်ရမယ်ဆိုတဲ့ အတွေးအမြင်ကို ပြန့်ပွားစေရမှာဖြစ်တယ်။ ပါတီဟာ ဗကသများအဖွဲ့ချုပ်နဲ့ ကျောင်းသားထုရဲ့ အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုကို ထောက်ခံခဲ့တယ်။ လွတ်လပ်တဲ့ တန်းတူတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဒီမိုကရေစီပညာရေးစနစ်ကို တောင်းဆိုတယ်။

**ပညာရေးနဲ့ပတ်သက်လို့ လက်တလောအရေးတကြီး လုပ်ဆောင်စရာတွေ ရှိတယ်လို့ ပါတီကယုံကြည်တယ်။ အဲဒါတွေကတော့-**

- ငြိမ်း၊ စု၊ စီနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြန်လည်သုံးသပ်သင့်တယ်။ မလိုအပ်ဘူးထင်တယ်။ ဖျက်သိမ်းသင့်တယ်။ အသင်းအပင်း ဖွဲ့စည်းခွင့်တွေနဲ့ပတ်သက်တဲ့ ဥပဒေတွေလည်း ရှိသင့်၊ မရှိသင့် ကျွန်တော်တို့ သုံးသပ်သင့်တယ်။
- လူနည်းစုတွေကို တစ်စုံတစ်ရာ ကန့်သတ်ချုပ်ချယ်ထားတယ်လို့ ယူဆရတဲ့ ဥပဒေတချို့ကို ကျား-မ တန်းတူရေးကို ထိခိုက်စေတယ်လို့ ယူဆရတဲ့ ဥပဒေတချို့ကိုလည်း ပြန်လည်ပြင်ဆင်ဖို့ သို့မဟုတ် မလိုအပ်တာတွေကို ဖျက်သိမ်းဖို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက တောင်းဆိုသွားမှာဖြစ်တယ်။
- အကျဉ်းထောင်တွေဟာ နှိပ်စက်ညှဉ်းပန်းတဲ့ နေရာများမဖြစ်စေရဘဲ ပြုပြင်တည့်မတ် ထိန်းသိမ်းပေးတဲ့စခန်းတွေ ဖြစ်လာရေးဆိုတာကို တောင်းဆိုသွားမယ်။ အကျဉ်းထောင်လက်စွဲဥပဒေတစ်ခုလုံးကို ဒီမိုကရေစီအခြေခံတွေနဲ့အညီ ပြင်ဆင်ကိုင်စွဲ၊ကျင့်သုံးသွားနိုင်ဖို့လည်း တောင်းဆိုမယ်။

**အုပ်ချုပ်ရေးကဏ္ဍနဲ့ ပတ်သက်လို့ -**

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေကစပြီးတော့ မြို့နယ်၊ ခရိုင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ၊ နိုင်ငံတော်သမ္မတအထိ ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်သင့်တယ်။

အုပ်ချုပ်ရေးကဏ္ဍနဲ့ဆက်စပ်ပြီး ဝန်ကြီးဌာနတွေ ပေါင်းစည်းတာ၊ မလိုအပ်တဲ့ဝန်ကြီးဌာနတွေကို ဖျက်သိမ်းတာတွေကို သေသေချာချာ ဆွေးနွေးသုံးသပ်ပြီး ဆောင်ရွက်သွားဖို့လိုမယ်။ တစ်ဆက်တစ်စပ်တည်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ပတ်သက်လို့ ကျွန်တော်တို့အမြင်ကို တင်ပြပြောဆိုလိုပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို နိုင်ငံတော်သမ္မတက တိုက်ရိုက်ကိုင်တွယ်သင့်တယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာ မရှိသင့်ဘူး။ တရားစီရင်ရေးနဲ့ ဆက်စပ်နေတဲ့ တရားရေးဝန်ထမ်း၊ ဥပဒေဝန်ထမ်းတွေဟာလည်း ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာ မရှိသင့်ဘူး။

**ချစ်ခင်လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့အနေနဲ့ တန်းတူရေး အခြေခံတွေနဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အရှိန်အဟုန်တွေကို မြှင့်တင်နိုင်ဖို့ အဓိကထားတင်ပြခဲ့တာကို သတိပြုမိမယ်လို့ ယူဆပါတယ်။ ပြည်သူတွေ ကြုံတွေ့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကိုကျော်လွှားဖို့ တင်ပြမယ်ဆိုရင် လယ်ယာမြေကိစ္စ၊ လယ်သမားကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ ပြည်သူ့ဝန်ထမ်းတွေရဲ့ လူနေမှုဘဝမြှင့်တင်ရေး ဒါတွေကို ချန်လှပ်ထားလို့မရပါဘူး။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလို အခြေခံဥပဒေအရ လယ်သမားတွေ၊ အလုပ်သမားတွေကို ကာကွယ်၊ အာမခံနိုင်အောင် နိုင်ငံရေးအင်အားစုအသီးသီးနဲ့ ပြည်သူတွေကို ကျွန်တော်တို့ပါတီအနေနဲ့ ကြိုးစားပြီး မေတ္တာရပ်ခံသွားမှာဖြစ်တယ်။

လက်ရှိတိုင်းပြည်မှာ လယ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်တဲ့ ဥပဒေရှိတယ်။ မြေအသုံးချရေးမူဝါဒနဲ့ပတ်သက်လို့ ရေးဆွဲနေကြတယ်။ ကျွန်တော်တို့ ယူဆတာက လယ်ယာမြေပြုပြင်ပြောင်းလဲရေးဟာ တစ်တိုင်းပြည်လုံး ပြည်သူတွေရဲ့ဘဝတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးဘဝတစ်ခုလုံးဖြစ်တယ်။ ဒီလိုအရေးကြီးတဲ့မူဝါဒမျိုးကို တစ်တိုင်းပြည်လုံးကို လွှမ်းခြုံတဲ့ ညီလာခံလို ဆွေးနွေးပွဲမျိုးတွေက ချမှတ်သင့်တယ်။ ပြည်သူအသီးသီးရဲ့ ပူးပေါင်းပါဝင်မှုကို ဖိတ်ခေါ်သင့်တယ်။ ဆက်စပ်လို့တင်ပြချင်တာက လယ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးဥပဒေမှာဆိုရင် လယ်သမားနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ လုပ်ကွက်ငယ်လယ်သမားတွေကို မြေမဲ့ယာမဲ့ ဖြစ်စေတယ်။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းစာသင်ခန်းပြင်ပတွင်ရောက်ရှိနေတဲ့ ကလေးသူငယ်အားလုံး ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ဥပဒေအရ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းတောင်းဆိုသွားမယ်။


ပညာရေးပြုပြင်ပြောင်းလဲမှုမှာ ဆရာ ဆရာမများနဲ့ ပညာရေးဝန်ထမ်းများရဲ့ အခန်းကဏ္ဍဟာ အလွန်အခရာကျတယ်။ ပညာရေးဝန်ထမ်းများနဲ့ ဆရာဆရာမများရဲ့ စားဝတ်နေရေးဖူလုံမှုအတွက် လုပ်ခလစာ တိုးမြှင့်နိုင်ရေးကို ကြိုးပမ်းတောင်းဆိုသွားမယ်။

အလုပ်အကိုင်လိုအပ်လျက်ရှိတဲ့ လူငယ်တွေအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားနိုင်ရေးကို ကြိုးပမ်းတောင်းဆိုသွားမယ်။

နိုင်ငံတော်ရဲ့ ပညာရေးအသုံးစရိတ်ကို နိုင်ငံတကာသတ်မှတ်ချက်နဲ့အညီ တစ်တိုင်းပြည်လုံး အသုံးစရိတ်ရဲ့ အနိမ့်ဆုံး ၂၀ ရာခိုင်နှုန်း သတ်မှတ်နိုင်ဖို့ ကြိုးပမ်းတောင်းဆိုသွားမယ်။

ဒီအခြေအနေတွေနဲ့ဆက်စပ်ပြီး ကျန်းမာရေးကဏ္ဍကိုလည်း ကျွန်တော်တို့ တင်ပြလိုတယ်။

**ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ ကျန်းမာရေးဟာ လူ့အခွင့်အရေးဖြစ်တယ်လို့ ခိုင်ခိုင်မာမာယုံကြည်တယ်။**



လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ လူမှုရေးနောက်ခံ ခွဲခြားခြင်းမရှိဘဲ လူတိုင်းကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်ရှိစေရမယ်လို့ ယုံကြည်တယ်။ တိုင်းပြည်ရဲ့ ကျန်းမာရေးအသုံးစရိတ်ကို လုံလုံလောက်လောက် မြှင့်တင်ဖို့ ကျွန်တော်တို့တောင်းဆိုမယ်။ လူတိုင်း လူတိုင်း တန်းတူညီတူ ကျန်းမာရေး စောင့်ရှောက်မှုခံစားခွင့်ရဖို့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အာမခံစနစ်တစ်ရပ်ထားရှိနိုင်ရေး အဆိုပြုကြိုးပမ်းသွားမယ်။

ကျွန်တော်တို့ ဒီနေ့မူဝါဒဆိုင်ရာတင်ပြမှုမှာ တိုင်းပြည်အတွင်းမှာရှိတဲ့ ကလေးသူငယ်အားလုံးရဲ့ ပညာရေးနဲ့ ကျန်းမာရေးဆိုင်ရာ တန်းတူမှုကို အခိုင်အမာတောင်းဆိုတယ်။ ပြည်သူတစ်ရပ်လုံးအတွက်လည်း ဒီတောင်းဆိုမှုကို အလေးအနက်တောင်းဆိုတယ်။

ဒီလိုတန်းတူမှုအခြေခံတွေကို ကျွန်တော်တို့တောင်းဆိုရာမှာ အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ဒီမိုကရေစီရေး အခြေခံတွေခိုင်မာဖို့လိုတယ်။ ဒီမိုကရေစီရေးဝန်းကျင် ပီပြင်ဖို့လိုတယ်။ အဲဒီလို ဒီမိုကရေစီရေးအခြေခံတွေ ပီပြင်ဖို့ဆိုရင် ပြည်သူလူထုရဲ့ လွတ်လပ်ခွင့်နဲ့ လုံခြုံ၊ ငြိမ်းချမ်းမှုတွေကို ထိခိုက်နေတဲ့၊ ကန့်သတ်ထားတယ်လို့ ယူဆရတဲ့ ဥပဒေတွေကို ပြင်ဆင်ဖို့ ဒါမှမဟုတ် ဖျက်သိမ်းဖို့လိုအပ်တယ်။ ဥပမာအားဖြင့်-

**သတင်းလွတ်လပ်ခွင့်တွေနဲ့ ပတ်သက်လို့**

၁၉၂၃ နိုင်ငံတော် လျှို့ဝှက်ချက်အက်ဥပဒေကို ပြန်လည်သုံးသပ်ဖို့ လိုအပ်တယ်လို့ယူဆတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ရှိသင့်၊ မရှိသင့် ပြန်လည်သုံးသပ်သင့်တယ်။ ၂၀၁၄ ပုံနှိပ်ထုတ်ဝေခြင်းဥပဒေကို ပြန်လည်သုံးသပ်သင့်တယ်။

**ဒီမိုကရေစီအခြေခံတွေနဲ့ ပတ်သက်လို့ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ -**

ဒါကြောင့် ဒီဥပဒေတွေ၊ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို ပြန်လည်သုံးသပ်ပြင်ဆင်ဖို့ ကျွန်တော်တို့ တောင်းဆိုလိုတယ်။

အလုပ်သမားကိစ္စမှာလည်း အလုပ်ချိန်သတ်မှတ်ရာမှာ တစ်ရက် ရှစ်နာရီ၊ တစ်ပတ်ကို နာရီ ၄၀ နဲ့ အနိမ့်ဆုံးလုပ်ခလစာကတော့ အလုပ်သမား တစ်ဦးနဲ့ မှီခိုသူအနည်းဆုံးနှစ်ဦး ဖူလုံစေတဲ့လုပ်ခလစာဖြစ်သင့်တယ်။ ငွေကြေးဖောင်းပွမှုတွေရှိလို့ ဒီဖောင်းပွမှုတွေနဲ့အညီ နှစ်စဉ်လုပ်ခလစာကို ပြန်လည်သုံးသပ်သတ်မှတ်သင့်တယ်။ အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးကိစ္စတွေကို အစိုးရက ထိထိရောက်ရောက် အာမခံပေးသင့်တယ်လို့ ကျွန်တော်တို့ယူဆတယ်။

ပြည်သူ့ဝန်ထမ်းတွေအနေနဲ့လည်း လုပ်ခလစာနည်းမှု၊ စားဝတ်နေရေးမဖူလုံမှုနဲ့ စရိတ်စကကြီးမားမှုဒဏ်တွေကို အလူးအလဲခံနေကြရတယ်။ ပြည်သူ့ဝန်ထမ်းလုပ်ချင်တဲ့ ပညာတတ်လူငယ်ဦးရေ နည်းပါးလာတာ တွေ့ရတယ်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံမှာလို ပြည်သူ့ဝန်ထမ်းတို့ရဲ့ဘဝကို ပြန်လည်ရောက်ရှိနိုင်ဖို့ ကြိုးပမ်းအားထုတ်ကြရမယ်လို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ယုံကြည်ပါတယ်။

**ချစ်ခင်လေးစားရပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီနေ့ကာလမှာ တစ်တိုင်းပြည်လုံး အပြောင်းအလဲအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာလည်း ဒီမိုကရေစီရေးအနှစ်သာရနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ တိုင်းရင်းသားလူမျိုး အသီးသီးရဲ့ နိုင်ငံရေးအရ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံဖို့လည်း လိုအပ်ပါတယ်။

တိုင်းပြည်ရဲ့ ဒီမိုကရေစီအပြောင်းအလဲ တိုးတက်ကောင်းမွန်ဖို့၊ ငြိမ်းချမ်းဖို့အတွက်ဆိုရင် တိုင်းပြည်အတွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစု အသီးသီး လူထုလူတန်းစားအဖွဲ့အသီးသီးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကတစ်ဆင့် ဒီနေ့တိုင်းပြည်မှာကြုံတွေ့နေရတဲ့ အခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း၊ ငြိမ်းချမ်းရေးဆိုင်ရာ အကျပ်အတည်းတွေကို ကျော်လွှားရလိမ့်မယ်လို့ ယုံကြည်တယ်။ အခြေခံဥပဒေပြင်ဆင်ရေးအပါအဝင် တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့ပါတီဟာ နိုင်ငံရေးအင်အားစုအသီးသီးနဲ့ လက်တွဲရုန်းကန်သွားမှာဖြစ်တယ်။ ဒီကနေ့ တိုင်းပြည်မှာ အဓိကလိုအပ်နေတာက နိုင်ငံရေးအင်အားစုအသီးသီးနဲ့ တိုင်းရင်းသားအင်အားစုများက သဘောတူပြီး ပြည်သူလူထုက ပူးပေါင်းပါဝင်ထောက်ခံတဲ့ တိုင်းပြည်ရှေ့ဆက် ဘယ်လိုသွားမလဲဆိုတဲ့ သဘောတူညီမှု (National Accord) ဖြစ်တယ်။

ဒါဟာ အမျိုးသားသွေးစည်းညီညွတ်ရေးကို တစ်ပြိုင်နက်တည်း တည်ဆောက်ခြင်းနဲ့အတူ ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းလည်းဖြစ်တယ်လို့ ကျွန်တော်တို့ အခိုင်အမာယုံကြည်တယ်။

**ချစ်ခင်လေးစားရပါသော ပြည်သူအပေါင်းတို့ခင်ဗျား -**

ကျွန်တော်တို့ရဲ့ တင်ပြချက်တွေဟာ ဒီနေ့လူထုရဲ့ လိုအပ်ချက်တွေဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်တယ်။ လူထုအတွက် DPNS ဖြစ်တယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဖြစ်တယ်။ လူထုအရေးတွေကို ထိထိရောက်ရောက် မကြောက်မရွံ့ ကိုယ်ကျိုးကိုနည်းနည်းမှမကြည့်ဘဲ တင်ပြဆွေးနွေးမယ့် နိုင်ငံရေးပါတီကို ရွေးချယ်မယ်ဆိုရင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနဲ့ ကိုယ်စားလှယ်လောင်းတွေကို ဆန္ဒမဲပေးရွေးချယ်ကြပါလို့ တိုက်တွန်းမေတ္တာရပ်ခံပါရစေခင်ဗျား။

ကျွန်တော်တို့ပါတီရဲ့ ဆောင်ပုဒ်ဟာ **ပြည်သူသာ အမိ၊ ပြည်သူသာ အဖ** ဖြစ်ပါတယ်။

ပြည်သူတွေကို အမိ၊ အဖ အရာထားပြီး အလုပ်အကျွေးပြုခွင့်ပေးပါလို့ ထပ်မံမေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ကရင်အမျိုးသားပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ကရင်အမျိုးသားပါတီဥက္ကဋ္ဌ ဦးမန်းသိန်းရွှေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသားပါတီတစ်ခုဖြစ်တဲ့ ကရင်အမျိုးသားပါတီ (Karen National Party) KNP ရဲ့ နိုင်ငံရေးအမြင် သဘောထားကိုတင်ပြပါမယ်။

ဦးစွာ ပထမခေါင်းစဉ်နှစ်ခုကို ရွေးချယ်ထားပါတယ်။ ပထမခေါင်းစဉ်ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဒီမိုကရက်တိုင်ဖေးရှင်းနှင့် ဒုတိယခေါင်းစဉ်ကတော့ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးတို့ပဲဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဒီမိုကရက်တိုင်ဖေးရှင်း မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးဖြစ်စဉ်ဟာ ဒီမိုကရေစီအပြောင်းအလဲကို သွားနေတဲ့ကာလပဲဖြစ်ပါတယ်။ ဒီမိုကရေစီမရှိတဲ့ အခြေအနေကနေ ဒီမိုကရေစီကို ရှေးရှုတဲ့ ပြောင်းလဲမှုခရီးစဉ်ပဲ ဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေဟာ ဒီမိုကရေစီကိုရောက်နေတာ မဟုတ်ဘဲ ဒီမိုကရေစီကို လျှောက်နေတဲ့ ခရီးလမ်းမှာပဲ ရှိနေတာဖြစ်ပါတယ်။

ဒီခရီးစဉ်ကိုသွားနေတဲ့ ဒီမိုကရေစီလှိုင်းမှာ နောက်ပြန်လှိုင်း (Reverse Wave) များလည်း ရှိတတ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်းဟာ ရွေးကောက်ပွဲဒီမိုကရေစီမှ လစ်ဘရယ်ဒီမိုကရေစီကို ကူးပြောင်းဖို့သွားနေတာဖြစ်ပြီး အမေရိကန်နိုင်ငံမှ ပညာရှင်ဖရန့်စစ်ဖူကူယာမရဲ့အဆိုအရ ဒီမိုကရေစီကို ကူးပြောင်းဖို့ လီဗာ ၅ ချောင်း (သို့) ကုတ် ၅ ချောင်းနဲ့ မတင်ရမယ်လို့ ဆိုပါတယ်။

အဲဒီကုတ် ငါးချောင်းကတော့

(၁) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ ကုတ် (Economic Growth Lever)
(၂) နိုင်ငံတည်ဆောက်ရေးဆိုတဲ့ကုတ် (State Building Lever)
(၃) တရားဥပဒေစိုးမိုးရေးဆိုတဲ့ကုတ် (Rule of Law Lever)
(၄) တာဝန်ခံသော အစိုးရဆိုတဲ့ကုတ် (Accountable Government Lever)
(၅) လူမှုနိုးကြားလှုပ်ရှားမှုကုတ် (Social Mobilization Lever) တို့ပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးအတွက် တင်ကူးအခြေအနေ (Precondition) အချို့ရှိဖို့ လိုအပ်ပါတယ်။ အဲဒီတင်ကူးအခြေအနေများကတော့

(၁) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိထားနှင့်ရပါမယ်။

(၂) အမှီအခိုကင်းတဲ့ လူလတ်တန်းစားဖြစ်ပေါ်လာရေးနဲ့ လွတ်လပ်စွာလှုပ်ရှားနိုင်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society) လည်းရှိထားဖို့ လိုအပ်ပါတယ်။

(၃) စေ့စပ်ညှိနှိုင်းအဖြေရှာတတ်တဲ့ ဒိုင်ယာလော့ခ် (Dialouge) ယဉ်ကျေးမှု တစ်နည်းအားဖြင့် ဒီမိုကရေစီယဉ်ကျေးမှုဓလေ့ (Democratic Culture) တွေလည်း ရှိနှင့်ပြီးသား ဖြစ်ရပါမယ်။

ဒီတင်ကူးအခြေအနေ သုံးရပ်ရှိထားမှသာ ဒီမိုကရေစီကူးပြောင်းရာမှာ လွယ်ကူသွားနိုင်ပါတယ်။

ဒါပေမယ့် အဆိုပါ တင်ကူးအခြေအနေများ အပီအပြင်ပေါ်ပေါက်လာတဲ့အထိ ဒီမိုကရက်တိုင်ဖေးရှင်းကို အချိန်ရွှေ့ထားမယ်ဆိုရင်လည်း သဘာဝမကျပါဘူး။ တင်ကူးအခြေအနေဖြစ်ပေါ်လာအောင် ကြိုးပမ်းရင်း တစ်ပြိုင်နက်တည်းမှာ ဒီမိုကရက်တိုင်ဖေးရှင်းကိုလည်း အကောင်အထည်ဖော်သွားရမှာ ဖြစ်ပါတယ်။

အဲဒီလို အခြေအနေမျိုးမှာ အလွန်အန္တရာယ်ကြီးတဲ့ နောက်ပြန်လှိုင်းမထိဖို့လည်း သတိထားရပါမယ်။ ပညာရှင်တစ်ဦးဖြစ်တဲ့ သောမတ်စ်ကရိုသာ (Thomas Croetha) က နောက်ပြန်လှိုင်းထိနိုင်တဲ့ အခြေအနေ ငါးရပ်ကို တင်ပြထားပါတယ်။

(၁) စီးပွားရေးဖွံ့ဖြိုးမှု နိမ့်ပါးလွန်းခြင်း၊

(၂) နိုင်ငံရဲ့နေဟာ တစ်ခုတည်းသော သယံဇာတအရင်းအမြစ်ပေါ်မှာ မှီခိုနေရခြင်း၊

(၃) အမှတ်အသားသရုပ်ဆိုင်ရာ အကွဲအပြဲများ ရှိနေခြင်း (Identity Base Division) တစ်နည်းအားဖြင့် ပြည်တွင်း ပဋိပက္ခဖြစ်နေခြင်း။

(၄) ဗဟုဝါဒ (Pluralism) အတွေ့အကြုံနည်းပါးခြင်း။

(၅) ဒီမိုကရက်တစ်မဟုတ်တဲ့ အိမ်နီးချင်းနိုင်ငံများရှိနေခြင်း (အထူးသဖြင့် ဒီမိုကရက်တစ်မဟုတ်တဲ့ စူပါပါဝါနိုင်ငံရဲ့ ဩဇာစက်ဝန်းအတွင်းမှာ ရောက်ရှိနေခြင်း)တို့ ဖြစ်ပါတယ်။

ဒါကြောင့်မြန်မာနိုင်ငံရဲ့ ဒီမိုကရက်တိုင်ဖေးရှင်းကို အလွန်သတိထားပြီး လုပ်ဆောင်ရမယ်လို့ထင်မိပါတယ်။

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ယခုတင်ပြမယ့် ဒုတိယခေါင်းစဉ်ကတော့ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးပဲဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနှစ်ပေါင်းများစွာက စုပေါင်းနေထိုင်လာကြတဲ့ နိုင်ငံဖြစ်ပါတယ်။ ပထမအကြိမ် ၁၈၂၄ ခုနှစ်၊ ဒုတိယအကြိမ် ၁၈၅၂ ခုနှစ်၊ တတိယအကြိမ် ၁၈၈၅ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ ကိုလိုနီနယ်ချဲ့ကျူးကျော်စစ်တွေကြောင့် တိုင်းရင်းသားအားလုံး သူ့ကျွန်ဘဝရောက်ခဲ့ရပါတယ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ တိုင်းရင်းသားအားလုံး တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူဖို့ ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့ကြပါတယ်။

၁၉၄၇ ခုနှစ် ဖဆပလ၏ ပဏာမပြင်ဆင်မှုညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်း၏လမ်းညွှန်မှု (၇)ချက်ကို တင်သွင်းခဲ့ပြီး တစ်ပြည်ထောင်စနစ်နိုင်ငံ (Unitary State) နှင့် သွားလို့မဖြစ်ဘူး၊ ပြည်ထောင်စုစနစ် (Union State) နှင့် သွားဖို့ မိန့်ကြားခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းခဲ့တဲ့ လမ်းညွှန်မှု (၇)ချက်ကတော့

(၁) အချုပ်အခြာအာဏာပိုင်သည့် ဖွဲ့စည်းပုံဖြစ်ရမယ်
(၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိတဲ့ ပြည်နယ်များနဲ့ တန်းတူရည်တူ ပြည်ထောင်စုဖြစ်ရမယ်
(၃) နိုင်ငံတော်အာဏာဟာ ပြည်သူ့ထံမှ ဆင်းသက်ရမယ်
(၄) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူမျိုးဘာသာမရွေး တန်းတူညီမျှမှုရှိရမယ်
(၅) လူနည်းစုအခွင့်အရေးကို ကာကွယ်ပေးရမယ်
(၆) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး အချုပ်အခြာအာဏာစိုးမိုးရေးကို ဥပဒေနှင့် ထိန်းသိမ်းစောင့်ရှောက်ရမယ်
(၇) ကမ္ဘာ့နိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်အောင် နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာဆက်ဆံသွားရမယ်လို့ လမ်းညွှန်ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များ ကျဆုံးသွားပြီးနောက်ပိုင်း ပေါ်ပေါက်လာတဲ့အစိုးရနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစနစ်ကနေ သွေဖည်ပြီး တစ်ပြည်ထောင်စနစ်ကို ရောက်ရှိသွားခဲ့တာကြောင့် တိုင်းရင်းသားများ၏ ဆန္ဒနှင့်မျှော်မှန်းချက်တွေ ဝေးသွားခဲ့ရပြီး ပြည်တွင်းပဋိပက္ခအမြင့်ဆုံးဖြစ်တဲ့ ပြည်တွင်းစစ်ကြီးဖြစ်ခဲ့တာဟာ ရာစုနှစ်တစ်ဝက်ကျော်ကြာမြင့်လာခဲ့ရပါတယ်။

ပြည်တွင်းစစ်၏ဆိုးကျိုးကြောင့် တိုင်းပြည်ဓနအင်အားဆုံးရှုံးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များပြုန်းတီးခြင်းစတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေဆုံးရှုံးခဲ့ရတဲ့အပြင် အချိန်ကာလကြာမြင့်စွာကုစားမှ ရနိုင်မယ့်စိတ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်တဲ့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ယုံကြည်မှုပျက်စီးသွားတာ အဆိုးဆုံးပဲဖြစ်ပါတယ်။

၁၉၄၇ အခြေခံဥပဒေဟာ ဗဟိုအစိုးရကို လွန်ကဲစွာအာဏာပေးထားပြီး တစ်ပြည်ထောင်စနစ်ပဲဖြစ်ပါတယ်လို့ ဥပဒေပညာရှင်ရှေ့နေကြီး ဦးချန်ထွန်းကိုယ်တိုင် ဝန်ခံသွားခဲ့ပါတယ်။ ဥပဒေပညာရှင်တော်တော်များများကလည်း တစ်ပြည်ထောင်စနစ်ပဲဖြစ်ပါတယ်လို့ သတ်မှတ်ခဲ့ကြပါတယ်။

လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာမှာ ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိပေမယ့် ရှမ်းအမျိုးသားများဦးဆောင်တဲ့ တိုင်းရင်းသားလူမျိုးခေါင်းဆောင်များက ခွဲထွက်ရေးကိုမတောင်းဆိုဘဲ ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှုနဲ့ ပြည်ထောင်စုဖွဲ့စည်းရေးကို ဥပဒေဘောင်အတွင်းကနေ တင်ပြခဲ့ကြပါတယ်။



ဒါပေမယ့် ပညတခေါင်းဆောင် ဝိစ္စရသခင်ချစ်မောင်နဲ့ ဖဆပလ(တည်မြဲ) ခေါင်းဆောင် ဦးဗဆွေတို့က တစ်ပြည်ထောင်စနစ်နှင့်သာ သွားသင့်တဲ့အကြောင်း ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှုကို ခွဲထွက်ရေးလို့စွပ်စွဲပြီး ကန့်ကွက်ခဲ့ကြတယ်။ နေးရှင်းသတင်းစာ၊ အထောက်တော်သတင်းစာနဲ့ ဗမာ့ခေတ်သတင်းစာများကလည်း တိုင်းရင်းသားတွေခွဲထွက်တော့မယ်ဆိုတဲ့ ကောလာဟလသတင်းတွေ ရေးသားဖြန့်ချိခဲ့ကြတယ်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို သိမ်းလိုက်ပြီး နောက်ပိုင်းတိုင်းရင်းသားများလိုလားတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဟာ ဥပဒေဘောင်အတွင်းက တင်ပြလို့မရတော့ပါဘူး။ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ တိုင်းရင်းသားများတန်းတူရည်တူ အခွင့်အရေးရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်ရပါမယ်။ လူမျိုးပေါင်းစုံရောနှောနေထိုင်ကြတဲ့ တိုင်းပြည်ဟာ လူမျိုးအလိုက်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို စစ်မှန်တဲ့ဖက်ဒရယ်စနစ်နဲ့သာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဗဟိုအစိုးရဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပိုင်ခွင့်ဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရဲ့ အနှစ်သာရပဲဖြစ်ပါတယ်။ တိုင်းရင်းသားများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိမှသာ မိမိတို့ရဲ့အမျိုးသားရေးလက္ခဏာ (National Identity) ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်တယ်။ နိုင်ငံတကာမှာလည်း ဖက်ဒရယ်စနစ်နဲ့ ကျင့်သုံးတဲ့ နိုင်ငံများစွာရှိပါတယ်။ တကယ်တော့ ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးမဟုတ်ပါဘူး။ ပေါင်းစည်းရေးသာဖြစ်ပါတယ်။

ဖက်ဒရယ်စနစ်ရဲ့ အကျိုးကျေးဇူးများကို ပြောရမယ်ဆိုရင်

(၁) လူဦးရေများပြီး နယ်နိမိတ်ကျယ်ဝန်းတဲ့ နိုင်ငံတွေအတွက် အာဏာခွဲဝေမှုမျှတပြီး အုပ်ချုပ်ရေးမှာ ပိုမိုထိရောက်တာကို တွေ့ရပါတယ်။
(၂) လူနည်းစုကို အသိအမှတ်ပြု အခွင့်အရေး ပေးထားတဲ့အတွက်ကြောင့် လူမျိုးရေးပြဿနာမရှိနိုင်ပါဘူး။
(၃) လူမျိုးကွဲများတဲ့နိုင်ငံမှာ ဖက်ဒရယ်စနစ်မကျင့်သုံးရင် လူများစုက လူနည်းစုကို လွှမ်းမိုးခြယ်လှယ်နိုင်ပါတယ်။
(၄) ဖက်ဒရယ်စနစ်ဟာ အာဏာရှင်စနစ်ကို ဆန့်ကျင်တယ်။ အာဏာသိမ်းမှုကိုလည်း ကာကွယ်တယ်။
(၅) ဗဟိုပြည်နယ်ဒေသအစိုးရတို့ရဲ့ အာဏာချိန်ခွင်လျှာ ညီမျှအောင် ထိန်းညှိပေးနိုင်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲနိုင်ပါဘူး။

ဒါကြောင့်မို့ ကျွန်တော်တို့ ကရင်အမျိုးသားပါတီက ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးကို ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကရင်အမျိုးသားပါတီ (Karen National Party) (KNP) ရဲ့ ရည်ရွယ်ချက်နဲ့ မူဝါဒကတော့

(၁) တိုင်းရင်းသားအားလုံးတန်းတူညီတူ အခွင့်အရေးရရှိဖို့နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး
(၂) စစ်မှန်တဲ့ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေး
(၃) တိုင်းရင်းသား မိဘပြည်သူအားလုံး လုံခြုံမှုပေးနိုင်မည့် တရားဥပဒေစိုးမိုးမှုဖြစ်ပေါ်ရေး
(၄) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို သိရှိနားလည်ပြီး ဒီမိုကရက်တစ်ယဉ်ကျေးမှုဓလေ့ ကိန်းအောင်းရှင်သန်နိုင်ရေး
(၅) ကရင်အမျိုးသားထုတစ်ရပ်လုံးကို လွှမ်းခြုံကိုယ်စားပြုသည့် ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရေးတို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသား မိဘပြည်သူများအားလုံး ကိုယ်ရောစိတ်ပါ ရွှင်လန်းချမ်းမြေ့ပြီး လိုရာဆန္ဒများရရှိနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

## အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းဆင်းပွဲ ကျင်းပ

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၇ ရက် ညနေ ၅ နာရီက ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းအပတ်စဉ် (၄/၂၀၁၅) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုင်ကျော်မြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ယင်းသင်တန်းကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသား သင်တန်းသူ ၅၃ ဦးတက်ရောက်ကြသည်။ ယင်းသင်တန်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ရေဘေးသင့်ဒေသရှိပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဌာနနှင့်သက်ဆိုင်သော အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ လုပ်ငန်းများဖွင့်လှစ်ပေးရန် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုင်ကျော်မြင့်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ငါးလုပ်ငန်းဦးစီးဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပဲခူးတက္ကသိုလ်သတ္တဗေဒဌာနမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ အင်း/တင်ဒါလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ လယ်သမားများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

**ရွှေဖုန်းအောင်(ပဲခူး)**